# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၉၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# အာဆီယံနိုင်ငံများတွင်လည်း ကိုယ်စီအခက်အခဲများ ကြုံတွေ့ရလျက်ရှိပြီး အာဆီယံရန်ပုံငွေမှ ဆောင်ရွက်ပေးသည်များ၊ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိနိုင်ရေး တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**အတိတ်သမိုင်းက ဆိုးမွေကို မျက်မှောက်သမိုင်းတွင် မပါစေလို**
ဆောင်းပါး စာ - ၆

**အိုလံပစ်အားကစားပြိုင်ပွဲနှင့် ဆက်စပ်သူ ခုနစ်ဦးတွင် ကိုဗစ် - ၁၉ ကူးစက်ခံရ**
နိုင်ငံတကာသတင်း စာ - ၁၃

**နိုင်ငံကြီးများ အစဉ်အဆက်ကိုင်စွဲခဲ့သော အကြမ်းဖက်မှုတိုက်ဖျက်ရေးပေါ်လစီ ဘာလဲ၊ ဘယ်လဲ**
ဆောင်းပါး စာ - ၂၁

မြန်မာ့အလင်း

# မြို့ရွာများ အေးချမ်းသာယာရေး အကြမ်းဖက်ရာဇဝတ်မှုများ နှိမ်နင်း

အကြမ်းဖက်အဖျက်သမားအချို့ ခိုအောင်းကျန်ရှိနေသေးသည့် ဒေသ အနည်းငယ်တွင် ဒေသခံပြည်သူများအကြား စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုများ ခံစားနေကြရကြောင်း ကြားသိရသည်။ လက်နက်ကိုင် အဖွဲ့အစည်းအချို့၏ ဒေသများသို့ သွားရောက်၍ ဖောက်ခွဲဖျက်ဆီးရေး သင်တန်း၊ စစ်သင်တန်း၊ အဖျက်အမှောင့်သင်တန်းများ ရက်တို တက်ရောက်ခဲ့ကြပြီး ပြန်လည်ခိုးဝင်လာကြသူများ၊ ပြစ်မှုရာဇဝင်ရှိသူ ထောင်ထွက်များအပါအဝင် အစွန်းရောက်စိတ်ဓာတ်ရှိကြသည့် အကြမ်းဖက်သမားတို့က အမည်အမျိုးမျိုးခံ၍ အဖွဲ့အမျိုးမျိုးဖွဲ့ကာ အပြစ်မဲ့ပြည်သူများအား စွပ်စွဲသတ်ဖြတ်ခြင်းအပါအဝင် အကြမ်းဖက် လုပ်ရပ်များကို လုပ်ကိုင်နေကြသည့် မြို့ရွာဒေသများတွင် ပြည်သူ များ ကျီးလန့်စာစား အထိတ်တလန့် ဖြစ်နေကြရခြင်းဖြစ်သည်။

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ အခြေခံအကျဆုံး အဖွဲ့အစည်းဖြစ်သည့် ရပ်/ကျေး စီမံအုပ်ချုပ်ရေး မှူးများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်/ကျေး စီမံအုပ်ချုပ်ရေး ရုံးများ၊ စာသင်ကျောင်းများနှင့် ကျောင်းဆရာ ဆရာမများ၊ ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ လျှပ်စစ်ရုံးများနှင့် ဝန်ထမ်းများ စသည့် အရပ်ဘက်အဖွဲ့အစည်းများကို ပစ်မှတ်ထားကာ သတ်ဖြတ်ဖျက်ဆီး မှုများ ပြုလုပ်ကြသည့်အပြင် ရပ်ရွာအတွင်းရှိ လူသိထင်ရှားသူများ ကိုပါ စွပ်စွဲခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းတို့ကို အကြမ်း ဖက်သမားများက နာမည်အမျိုးမျိုးခံကာ ပြုလုပ်နေကြကြောင်း သိရသည်။ NUG ၏ ရည်မှန်းချက်ဖြစ်သည့် သပိတ်မှစ၍ သူပုန်ထကာ ဒေသအလိုက် ဖွဲ့စည်းထားသည့် PDF အဖွဲ့များနှင့် နဂိုရှိပြီးဖြစ်သည့် EAOs များ ပူးပေါင်းပြီး တစ်ပြိုင်တည်း တိုက်ခိုက်ခြင်းဖြင့် နိုင်ငံ့ အာဏာကို ရယူရန်ဟူသော စိတ်ကူးမဟာဗျူဟာမှာ ပုံပျက်ပန်းပျက် ဖြစ်နေပြီး ကြေးစားလူမိုက်တို့ ပိုက်ဆံယူ လူသတ်သည့် ရာဇဝတ်မှု သက်သက်သာ ဖြစ်နေပြီဖြစ်သည်။

ရပ်ရွာဒေသများ အေးချမ်းသာယာစေရန်၊ ပြည်သူများဘဝ လုံခြုံမှုရှိစေရန်မှာ တရားဥပဒေစိုးမိုးမှုရှိဖို့က အဓိကဖြစ်သည်။ တရား ဥပဒေစိုးမိုးရေး (Rule of Law) ၏ အဓိကအကြောင်းခြင်းရာများမှာ ရပ်ရွာနေပြည်သူများဘဝ ငြိမ်းချမ်းသာယာစေရန်၊ ရောင်းဝယ် ဖောက်ကား စီးပွားကုန်သွယ်မှုတို့ အဆင်ပြေချောမွေ့စေရန်၊ လူမှုရေး ပြဿနာများကို တရားဥပဒေဖြင့် တရားမျှတစွာ ဆုံးဖြတ်ဖြေရှင်းပေး နိုင်ရန်၊ လူအချင်းချင်းဖြစ်သည့် ပဋိပက္ခများကို ရန်တုံ့ပြန်ခြင်းမပြုဘဲ တရားဥပဒေဖြင့် ဖြေရှင်းပေးနိုင်ရန်၊ သွေးထွက်သံယိုဖြစ်ပွားမှုများ၊ မင်းမဲ့စရိုက်အခြေအနေ ဖြစ်ပေါ်နေမှုများကို တရားဥပဒေအရ တားမြစ်ဟန့်တားနိုင်ရန်၊ စီးပွားကုန်သွယ်မှုတို့ ချောမွေ့စေရေးအတွက် လိုအပ်သော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ဆောင်ရွက် ပေးပြီး ပဋိညာဉ်များကို လေးစားကြစေရန်ဖြစ်သည်။ သို့ဖြစ်ရာ တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် ရပ်ရွာအေးချမ်းသာယာပြီး ရောင်းဝယ်ဖောက်ကားမှုများ အဆင်ပြေချောမွေ့ကာ ရပ်ရွာနေ ပြည်သူများ၏ လူမှုဘဝများ လုံခြုံတည်ငြိမ်ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည်ဟူသောအချက်မှာ ထင်ရှားပေါ်လွင်နေသည်ကို တွေ့နိုင် သည်။

တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသော ဆိုရိုး စကားပမာ နိုင်ငံရေးမကျေလည်မှု၊ မကျေနပ်မှုတို့ကို အကြောင်း ပြပြီး အကြမ်းဖက်အုပ်စုများနှင့် ရာဇဝတ်ဂိုဏ်းများ ထကြွလာကြ ခြင်းမှာ ငြိမ်းခါနီး နောက်ဆုံးမီးတောက်နှင့် မီးကြွင်းမီးကျန်မျှသာဖြစ်ပြီး ပြည်သူများက မလိုလားလက်မခံ ဆန့်ကျင်သည်နှင့်အမျှ အမြန်ဆုံး နိဂုံးချုပ်ကြရမှာ ဖြစ်သည်။ အေးချမ်းစွာ နေလိုသူပြည်သူကို ဥပဒေက အကာအကွယ်ပေးထားခြင်းဖြစ်ပြီး ဥပဒေပြင်ပမှ ရာဇဝတ်သားတို့မှာ ရေရှည်တွင် ပြေး၍မလွတ်။ အရေးယူအပြစ်ပေးခံကြရမှာဖြစ်သည်။ အကြမ်းဖက်မှုတို့ အမြန်ဆုံး ချုပ်ငြိမ်းရန်မှာ အကြမ်းဖက်သမားနှင့် ရာဇဝတ်သားတို့ကို အမြန်ဆုံးဖော်ထုတ်ရန် လိုအပ်သည့်အလျောက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ရပ်ရွာဒေသများ အေးချမ်း သာယာကြစေလိုပါကြောင်း။ ။

# ကိုဗစ်ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေးထိုးကြပါစို့

၁။ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းတွေ အဆင့်လိုက်၊ အဆင့် လိုက်ဖြစ်နေရာမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကမ္ဘာတစ်ဝန်းလုံးမှာ ထိန်းချုပ်နိုင်ဖို့ အရေးကြီးဆုံးသော့ချက်နဲ့ တစ်ခုတည်းသော ထွက်ပေါက်လို့လည်း ပြောလို့ရတာက ကာကွယ်ဆေးဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများမှာ ကာကွယ်ဆေးထိုး လုပ်ငန်းတွေကို အားစိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက် ရှိပါတယ်။

၂။ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးအနေနဲ့ ခန္ဓာကိုယ်ထဲရှိတဲ့ ခုခံအားစနစ်ကို တုံ့ပြန်မှုအားကောင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဗိုင်းရပ်စ်တွေက ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေထဲကိုဝင်ပြီး ပွားများ လာရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် ပြန်လည်တုံ့ပြန်ပါတယ်။ ဒီလိုတုံ့ပြန်တဲ့ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်မှာ **ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါပိုးကို ပြန်လည်တုံ့ပြန် ထိန်းချုပ် ချေဖျက်နိုင်မှုက ကာကွယ်ဆေးအပေါ်မှာမူတည်ပြီး ရောဂါကူးစက်မှု ကို ၈၀ ရာခိုင်နှုန်းအထက် အကာအကွယ်ပေးနိုင်ပါတယ်။ ရောဂါ ဝေဒနာ ပြင်းပြင်းထန်ထန်ခံစားရမှုကို ၉၅ ရာခိုင်နှုန်းအထက်အထိ ကာကွယ်ပေးနိုင်ပါတယ်။**

၃။ ဒါကြောင့် ကာကွယ်ဆေးက အဓိကဖြစ်ပါတယ်၊ ကာကွယ်ရေး နည်းလမ်းတွေထဲမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ၊ ဒါတွေက တတ်နိုင်သမျှ ကိုယ့်ခန္ဓာကိုယ်ထဲကို ရောဂါပိုးမဝင်နိုင်အောင် လုပ်တာပါ။ ဒီကြားထဲကမှထပ်ပြီး ပိုးက ဝင်လာရင် ကာကွယ်ဆေးထိုးထားတဲ့အခါ ခန္ဓာကိုယ်ထဲမှာ အသင့် ရှိနေတဲ့ ပဋိပစ္စည်းတွေက ဝင်လာတဲ့ဗိုင်းရပ်စ်ကိုဖမ်းပြီး တားဆီး လိုက်တဲ့အတွက် ရောဂါရဲ့ နောက်ဆက်တွဲဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်တွေ ပရမ်းပတာဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်း ကျသွားပါတယ်။ ဒါက ကာကွယ်ရေးမှာ ကောင်းတဲ့အချက် ဖြစ်ပါတယ်။

၄။ နောက်တစ်ခုက မိသားစုထဲမှာ ဘယ်လိုကောင်းကျိုးတွေ ရမလဲဆိုရင် ဗိုင်းရပ်စ်က နှာခေါင်း၊ ပါးစပ်က ဝင်လာတဲ့အခါ ပဋိပစ္စည်းတွေ ချေဖျက်လိုက်တဲ့အတွက် မတော်တဆ ပိုးဝင်သွားရင် တောင်မှ ဗိုင်းရပ်စ်က သူ့ခန္ဓာကိုယ်ထဲမှာ မရေတွက်နိုင်အောင် အကောင်တွေ အများကြီးပွားလို့ မရတော့ဘူး။ သူ့နှာခေါင်း၊ ပါးစပ်ကနေ ထွက်တာလျော့သွားမယ်။ လျော့သွားရင် သူ့မိသားစု၊ သူနဲ့ထိတွေ့တဲ့သူတွေ ကူးစက်နိုင်ဖို့အတွက် တော်တော်အခွင့်အလမ်း နည်းသွားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေသည် ရောဂါ ကူးစက်မှုကို လျော့ကျစေပါတယ်။ ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်ပွား မှုကိုလည်း အတော့်ကိုလျော့ကျသွားစေတယ်။ အလွန်ကောင်းကျိုး ရှိတဲ့ကိစ္စပါ။

၅။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေအနေနဲ့ ကိုဗစ်ရောဂါ ကာကွယ် ဆေးထိုးနှံခြင်းမှရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိရှိတဲ့အတွက် သူတို့နိုင်ငံအတွင်းမှာ အရေးတကြီး ထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းရဲ့ ကောင်းကျိုးနောက်တစ်ခုအနေနဲ့ မကြာခင်က အင်္ဂလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၂၁ ဘောလုံး ပြိုင်ပွဲကို တက်ရောက်အားပေးကြတဲ့ ပရိသတ်တွေအနေနဲ့ မည်သည့် အကာအကွယ်မှ ဝတ်ဆင်စရာမလိုဘဲ ဘောလုံးကွင်းထဲမှာ လွတ်လပ်ပေ့ါပါးစွာနဲ့ ပါဝင်အားပေးနိုင်ကြတာကို တွေ့ရပါတယ်။

၆။ ဒီအတွက် မကြာမီ နိုင်ငံတစ်ဝန်းမှာ ထိုးနှံပေးမည့် ကာကွယ်ဆေးထိုးအစီအစဉ်တွေမှာ မိမိနဲ့ မိမိ မိသားစုအတွက် ရရှိလာမယ့်အခွင့်အရေးကို လက်လွတ်မခံဘဲ ပါဝင်ထိုးနှံပေးကြဖို့ လိုအပ်ပါတယ်။ မိမိတို့ နေထိုင်ရာ ဒေသ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် တစ်ခုလုံး ကာကွယ်ဆေးထိုးနှံပြီးပါက မိမိတို့ရဲ့ နေ့စဉ်ဆောင်ရွက် ဖွယ်ကိစ္စတွေကို ကိုဗစ်ဘေးကင်းဝေးပြီး စိတ်ချယုံကြည်စွာနဲ့ လုပ်ကိုင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၇။ ကိုဗစ်ကူးစက်နိုင်မှုကင်းစင်သော ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့ အတွက် အားလုံးကဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးထိုး လုပ်ငန်းတွေမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု များဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု ၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန် အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက် ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၅၀၈၉ ဦးနှင့် အတွင်းလူနာပေါင်း ၈၀၂၈၈ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၂၇၈၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၈၇၆ ဦး၊ စုစုပေါင်း ၁၉၆၅၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာ များကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေး လျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၆၅၉၀ ကို ခွဲစိတ်၍ လည်းကောင်း၊ ၉၂၁၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၅၈၀၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မား ရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

## မိုးဆက်လက်ပိုနေမည်


**နေပြည်တော် ဇူလိုင် ၂၇**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးဆက်လက် ပိုနေမည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုး အသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်းတည်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိ နေသည်။ ကပ္ပလီပင်လယ်ပြင် နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အား အလွန်ကောင်းနေသည်။ **မိုး/ဇလ**



# ◆ ကျန်းမာရေးနှင့်ပတ်သက်လာပါက မှန်မှန်ကန်ကန် လုပ်ဆောင်ပေးရန် အရေးကြီးပြီး ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်းမဖြစ်စေလိုဘဲ တိုင်းပြည်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ဖော်ဆောင်ပေးနိုင်ရမည်




နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

**◆ ကာကွယ်ဆေးထိုးနှံပြီးစီးမှု တိုးတက်မှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းထားသည့်၊ လှူဒါန်းရရှိထားသည့် ကာကွယ်ဆေးများကို အမြန်ဆုံးရောက်ရှိပြီး ဆောလျင်စွာထိုးနှံနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ကြရန်လို**


**◆ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုလုပ်ငန်းစဉ်များ၊ လိုအပ်သည့် ဆေးဝါးအထောက်အကူပြုပစ္စည်းများ အမြန်ဆုံးရောက်ရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများက အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်**



ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်




အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်




ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

** ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အဖွင့်အမှာစကားပြောကြားရာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များသည် နိုင်ငံကို ကိုယ်စားပြုခြင်းပင်ဖြစ်ကြောင်း၊ အာဆီယံတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရန်ပုံငွေ ထူထောင်ထားရှိပြီး မိမိတို့နိုင်ငံမှလည်း ထည့်ဝင်လှူဒါန်းထားလျက် ရှိကြောင်း၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ မိမိတို့နိုင်ငံသို့ ကူညီထောက်ပံ့မှုများ လုပ်ဆောင်လာမည့် အခြေအနေများနှင့်ပတ်သက်၍ လုပ်ဆောင်ရန် ရှိသည်များကို မြန်ဆန်စွာ လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ International community၊ Asean community တို့နှင့် လက်တွဲပူးပေါင်း လုပ်ဆောင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ရန် လိုအပ်သည်များကို မတုံ့ဆိုင်းစေလိုပဲ မြန်ဆန်စွာ လုပ်ဆောင်ကြစေလိုကြောင်း။

### ချိတ်ဆက်ဆောင်ရွက်

ကာကွယ်ဆေးထိုးနှံပြီးစီးမှု တိုးတက်မှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းထားသည့်၊ လှူဒါန်း ရရှိထားသည့် ကာကွယ်ဆေးများကို အမြန်ဆုံးရောက်ရှိပြီး ဆောလျင်စွာထိုးနှံနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု လုပ်ငန်းစဉ်များ၊ လိုအပ်သည့် ဆေးဝါးအထောက်အကူပြုပစ္စည်းများ အမြန်ဆုံး ရောက်ရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများက အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ WHO တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ကာကွယ်ဆေးများ ရောက်ရှိလာမှုနှင့် ထပ်မံရရှိနိုင်ရေး ဝန်ကြီးဌာနအလိုက် ချိတ်ဆက်လုပ်ဆောင်နေသည့် အခြေအနေ၊ ရောက်ရှိလာသည့် ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံတစ်ဝန်းသို့ ဖြန့်ဝေလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ဆောင်ရွက်နေသည့် အခြေအနေ၊ ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် အခြေခံ




ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင် ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

အချက်အလက်များကို နေ့စဉ်ပေးပို့၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး အခြားနိုင်ငံများမှလည်း ကမ်းလှမ်းထားရှိပြီး လိုအပ်သည်များ စမ်းသပ်နိုင်ရေး နမူနာပုံစံများ မှာယူထားရှိသည့်အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေ၊ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများ၊ ထောက်ပံ့ကူညီမည့် အစီအစဉ်များနှင့် ပတ်သက်၍ လုပ်ဆောင်နေသည့် အခြေအနေ၊ ကာကွယ်ဆေးများကို ပုဂ္ဂလိကအနေဖြင့် တင်သွင်းပြီး ထိုးနှံနိုင်ရေး လုပ်ဆောင်နိုင်မည့် အခြေအနေနှင့် ပတ်သက်၍ လုပ်ဆောင်နေမှု အခြေအနေများနှင့် ဆက်လက် လုပ်ဆောင်နိုင်မည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရောဂါကူးစက်ဖြစ်ပွားမှုသည် နိုင်ငံတကာတွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ထိန်းချုပ်နိုင်ရေး အတွက်လုပ်ဆောင်ရာတွင် ပြည်တွင်း၌ လုပ်ဆောင်မှုများသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အမြန်ဆုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း ကိုယ်စီအခက်အခဲများ ကြုံတွေ့ရလျက်ရှိပြီး အာဆီယံရန်ပုံငွေမှ ဆောင်ရွက်ပေးသည်များ၊ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိနိုင်ရေး တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးထက် အရေးကြီးသည်မှာ မရှိသည့်အတွက် လုပ်ဆောင်ပေးနိုင်သည် မှန်သမျှကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းဖြင့် ယခင်ကတည်းကပင် ပြောကြားခဲ့ပြီး ပြည်သူတို့၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးများကို အစဉ်တစိုက်လုပ်ဆောင်ပေးခဲ့ကြောင်း၊ ထို့ပြင် ဆေးရုံတက်လူနာများအနေဖြင့် အာဟာရပြည့်ဝနေရန် အရေးကြီးသဖြင့် ကြက်ဥ၊ ငှက်ပျောသီးနှင့် အခြားအာဟာရပြည့် ဖြည့်စွက်စာများကို နီးစပ်ရာ တပ်စခန်းများမှတစ်ဆင့် ဆေးရုံ၊

> ◆ ရောဂါကူးစက် ဖြစ်ပွားမှုသည် နိုင်ငံတကာတွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ထိန်းချုပ်နိုင်ရေး အတွက် လုပ်ဆောင်ရာတွင် ပြည်တွင်း၌ လုပ်ဆောင်မှုများသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အမြန်ဆုံး ဆောင်ရွက်

ဆေးခန်းများသို့ သွားရောက်လှူဒါန်းစေလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်လာပါက မှန်မှန်ကန်ကန် လုပ်ဆောင်ပေးရန် အရေးကြီးပြီး ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်း မဖြစ်စေလိုဘဲ တိုင်းပြည်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မည်သို့သော အခြေအနေပင်ဖြစ်စေ တိုင်းပြည်နှင့် ပြည်သူလူထု ကျန်းမာရေး ကောင်းမွန်စေရေးအတွက် လုပ်ဆောင်ပေးနိုင်သည်မှန်သမျှကို ကြိုးပမ်းလုပ်ဆောင်ရမည် ဖြစ်ကြောင်းနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး ဇူလိုင် ၂၇**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က မကြာမီ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်သည့်အတွက် ကာကွယ်ဆေးထိုးရာတွင် ကူညီပံ့ပိုးမည့် အဖွဲ့ကို စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ဦးစားပေးကဏ္ဍအလိုက် ထိုးနှံနိုင် ရေး စာရင်းကောက်မည့် လုပ်ငန်းများတွင် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးဟန်ဝင်းအောင်နှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနိုင်




ရေးအတွက် မြို့နယ်အလိုက် အသက် ၆၅ နှစ်နှင့် အထက်ရှိသူစာရင်း၊ အစိုးရ၊ ပုဂ္ဂလိကကျန်းမာရေး ဝန်ထမ်းများ စာရင်း၊ Volunteer/ ပရဟိတများ အတွက်စာရင်း၊ ဘိုးဘွားရိပ်သာများအတွက်စာရင်း၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများအတွက် စာရင်း၊ ပုဂ္ဂလိက ဘဏ်ဝန်ထမ်းများ စာရင်း၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံဝန်ထမ်းများစာရင်း၊ ဟိုတယ်/မိုတယ်/တည်းခိုခန်းများအတွက် စာရင်း၊ အကျဉ်းသား/အချုပ်သားများအတွက်စာရင်း၊ ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းများအတွက် စာရင်း၊ စူပါမားကတ်/ဈေးများအတွက် စာရင်းကောက်ယူရေး ကိစ္စများအတွက် စာရင်းပြုစုရာတွင် လိုက်နာရမည့်အချက်များ၊ စာရင်းကောက်ယူမည့်ဝန်ထမ်းများ သင်တန်းပေးမည့်အခြေအနေ စာရင်းကောက်ယူရာတွင် စာရင်းဇယားမှန်ကန်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က သေချာစိစစ်ကြရန်တို့ကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိကဏ္ဍအလိုက် စာရင်းကောက်ယူမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်တွင် မေ ၁၉ ရက်မှ ဇူလိုင် ၂၅ ရက်အထိ RDT ဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးသူ ၁၃၅၄၆ ဦး၊ ပိုးတွေ့ရှိသူ ၂၈၁၉ ဦး၊ သေဆုံးသူ ၉၉ ဦး၊ ပြန်လည်ကျန်းမာ၍ ဆေးရုံဆင်းခွင့်ရသူ ၂၁၄၇ ဦးရှိကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦး ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးဆေးဝါးနှင့် ဆေးပစ္စည်းများ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းသယ်ယူဖြန့်ဖြူးခြင်းဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးဆေးဝါးနှင့် ဆေးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းသယ်ယူဖြန့်ဖြူးခြင်းဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ တွဲဖက်အတွင်းရေးမှူး၊ ဗိုလ်မှူးချုပ် ရန်နောင်စိုး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ပမှ တင်သွင်းမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေး ဆေးဝါးနှင့် ဆေးပစ္စည်းများ အခက်အခဲမရှိ တင်သွင်းနိုင်ရေး၊ အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာန (FDA) မှ အရေးပေါ်ကာလအတွင်း ဖြေလျှော့ဆောင်ရွက်ပေးမည့် အခြေအနေ၊ ဆေးဝါးများ တင်သွင်းရာတွင် လိုအပ်သော Air Cargo ၊ Shipping Line များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှု၊ နယ်စပ်များမှ တင်သွင်းမည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး၊ အကောက်ခွန်ဦးစီးဌာနမှ တင်သွင်းလာသည့် ဆေးဝါးများအပေါ် အခွန်ကောက်ခံမှုလျှော့ချရေး စီစဉ်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ပြည်ပမှ ဆေးဝါးနှင့် ဆေးပစ္စည်းများ တင်သွင်းရာတွင် အခက်အခဲမရှိစေရေး၊ ဈေးကွက်အတွင်း ဆေးဝါးများ မပြတ်လပ်စေရေး၊ အရည်အသွေး ဈေးနှုန်း မှန်ကန်စေရေးတို့အတွက် ရန်ကုန်မြို့တွင် “ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ ပြည်ပမှတင်သွင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေး လုပ်ငန်းအဖွဲ့ (Task Force)” ကို ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အခက်အခဲ တစ်စုံတစ်ရာရှိပါက ရန်ကုန်လုပ်ငန်းအဖွဲ့ (Task Force) ဖုန်း- ၀၉၆၆-၄၀၇၅၆၈၃၊ ၀၉၆၆၄၅၉၆၃၂၇ နှင့် ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်- ၁၉ ရောဂါ ပြန့်ပွားမှု



ထိန်းချုပ်ရေးလုပ်ငန်းကော်မတီရုံး ဖုန်း-၀၆၇၄၀၈၄၁၉၊ ၀၉၄၂၀-၇၀၃၆၁၆ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးအသိဖြင့် ဆောင်ရွက်ရန်လိုအပ်

ပြည်သူလူထုအနေဖြင့်လည်း ရောဂါကူးစက်မှုနှင့် ပတ်သက်၍ သံသယရှိလာပါက မိမိတို့အိမ်တွင် ဆေးမီးတိုဖြင့်ကြိတ်၍ ကုသခြင်းများ ဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာမြို့နယ်များအလိုက် ဖွင့်လှစ်ထားသည့် ဒေသန္တရ ကျန်းမာရေးဌာနများသို့ သွားရောက်အစစ်ဆေးခံရန်လိုအပ်ကြောင်း၊ ဆေးရုံသို့ တိုက်ရိုက်ချက်ချင်းသွားရောက်ရန် မလိုအပ်သေးဘဲ သက်ဆိုင်ရာ ဒေသန္တရ ကျန်းမာရေးအရာရှိမှစစ်ဆေးပြီး လိုအပ်ချက်ရှိပါက ဆေးရုံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ဒေသန္တရ ကျန်းမာရေးဌာနများ၏ စစ်ဆေးမှုများသည်လည်း ထိရောက်မှုရှိကြောင်း၊ ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် သတင်းပို့ဆက်သွယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရောဂါကူးစက်မှုခံရသူများအနေဖြင့် သတ်မှတ်ထားသည့် ကျန်းမာရေးနှင့် လျော်ညီသည့်နေရာတစ်ခုတွင် သီးသန့်နေထိုင်ရန်လိုအပ်ကြောင်း၊ အားလုံး ကျန်းမာရေးအသိဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၂-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဇူလိုင် ၂၇

**လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဖြစ်စဉ်များ ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက လတ်တလော ဖြစ်ပေါ်လျက်ရှိသည့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်တို့ကြောင့် လမ်း/တံတား ပျက်စီးဆုံးရှုံးမှုများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခဲ့ရမှုများ၊ ဆောင်ရွက်ဆဲ/ဆောင်ရွက်ပြီး အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရန် ဖြစ်ကြောင်း။

**စုစုပေါင်း ၁၄၃ ခုကို စိစစ်တွေ့ရှိ**

လမ်းဦးစီးဌာနတွင် ပြုစုထားရှိသော ထူးခြားဖြစ်စဉ်အချက်အလက်များအရ မတ် ၁၆ ရက်မှ ဇူလိုင် ၂၆ ရက်အထိ အကြမ်းဖက်ဖျက်ဆီးမှုများကြောင့် ဌာနပိုင်လမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးမှုဖြစ်စဉ် ၄၅ ခု၊ အကြမ်းဖက် ဖြစ်စဉ်များနှင့် မသင်္ကာဖွယ်ရာဖြစ်စဉ် ၃၅ ခု၊ သဘာဝဘေးအန္တရာယ် မိုးဒဏ်ကြောင့် လမ်း/တံတား ပျက်စီးမှုဖြစ်စဉ် ၅၆ ခု၊ တန်ပိုယာဉ်များ ဖြတ်သန်းမှုကြောင့် ပျက်စီးမှုဖြစ်စဉ် ၇ ခု စုစုပေါင်း ၁၄၃ ခုကို စိစစ်တွေ့ရှိရပါကြောင်း။

**ဂရုတစိုက် ဆောင်ရွက်**

အလားတူ ဇူလိုင် ၁၄ ရက်မှ ၂၆ ရက်အထိ ထူးခြားဖြစ်စဉ် ၃၃ ခုရှိသည့်အနက် ၃၁ ခုမှာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်ကြောင့် လမ်း/တံတား ပျက်စီးဆုံးရှုံးမှု ဖြစ်စဉ်များ ဖြစ်သည့်အတွက် ဇူလိုင်လမှစ၍ မြန်မာနိုင်ငံတစ်ဝန်းနှစ်စဉ်ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့နေရပြီဖြစ်ပါကြောင်း၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် လည်း ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ကို ဆက်လက် ကြုံတွေ့လာနိုင်သည့်အတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဂရုတစိုက် ဆောင်ရွက်သွားရန်လိုပါကြောင်း။

မိမိတို့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများထံ တင်ပြလမ်းညွှန်မှုခံယူ၍ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ၊ အောက်ဆီဂျင်အရည် သယ်ဆောင်သည့် ကားများလိုရာခရီး အမြန်သွားရောက်နိုင်ရေး အစီအမံများ၊ အရန်လမ်းများ ကြိုတင်ညှိနှိုင်း စီစဉ်ထားရှိ ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်း တင်ပြ**

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများက မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီး လမ်း၊ တံတား ပျက်စီးဆုံးရှုံးမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများ၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်လမ်းဦးစီးဌာနနှင့် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် တို့က သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များ၊ ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သုံးသပ်ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုရှင်းလင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့်အညီ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး နည်းလမ်းများကို အသုံးပြု၍ ကြိုတင်ပြင်ဆင်မှုများကို အပြည့်အဝဆောင်ရွက်ထားရှိကြရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေကျင်မြစ်ရေ ရွှေကျင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ တစ်လက်မခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

## သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# အတိတ်သမိုင်းက ဆိုးမွေကို မျက်မှောက်သမိုင်းတွင် မပါစေလို

❑ စံထိပ်ထားနိုင် ❑

**နိုင်ငံတစ်နိုင်ငံဟု ဆိုလိုက်လျှင် အချုပ်အခြာအာဏာရှိရမည်။ အဘယ်ကြောင့်ဆိုသော် အချုပ်အခြာပိုင်ဆိုင်မှု ရှိမှသာလျှင် နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် သမိုင်းကြောင်းတွင် အနာရှိခဲ့သည့် နိုင်ငံတစ်ခုဟု ဆိုရပေမည်။ အချုပ်အခြာ ယိုယွင်းခဲ့ပြီး ကိုလိုနီ ကျွန်ဘဝ ကျရောက်ခဲ့ဖူးသည့် သမိုင်းဟောင်း အနာက ဖျောက်မရ။ သူ့ကျွန်အဖြစ် နှစ် ၁၀၀ ကျော်ကြာ ရှင်သန်ခဲ့ကြရသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးအသက်ဝင်လာမှ နိုင်ငံနှင့် နိုင်ငံသားတို့အတွက် တစ်က ပြန်စကြရသည်။**

သူတစ်ပါး လက်ပါးစေ ဘဝမှ ရုန်းထွက်ရာတွင် "ဦး..ဖွ လွတ်လပ်ရေးရ" ဟု လွယ်ကူခဲ့သည်မဟုတ်။ အသက်များစွာ၊ ဘဝများစွာ ပေးဆပ်ခဲ့ကြရသည်။ လွတ်လပ်ရေးနှင့်အတူ အနိဋ္ဌာရုံ များစွာဖြတ်သန်းခဲ့ရသည် ဆိုလျှင် မမှား။ လွတ်လပ်ရေး ရခါစ နိုင်ငံအတွင်း သူက ခေါင်းဆောင်၊ ငါက ခေါင်းဆောင်နှင့် ဇာတ်ကွဲရင်း သူပုန်ထခဲ့ကြသည်။ ကျွန်ဘဝ လွတ်စ ကျွန်ဘဝ ပြန်မကျရန်၊ ရရှိပြီး လွတ်လပ်ရေး အရှည်တည်တံ့ရန် တပ်မတော်က ကာကွယ်ခဲ့ရသည်။




**မင်္ဂလာဒုံ ပထမအပတ်ဗိုလ်လောင်းကျောင်းသားများ ပြင်ပထွက်သည့်အခါ ဝတ်စားရသည့် စစ်ဝတ်စစ်စားများ ဗိုလ်လောင်းကျောင်းသား ရဲဘော်သိန်းဟန်(နောင် ဗိုလ်မှူးကြီး)၊ ရဲဘော်ဖေသန်း(နောင် ဒုဗိုလ်မှူးကြီး)၊ ရဲဘော်စိန်တင်(နောင် ဗိုလ်မှူး)၊ ရဲဘော်သန်းတင်(နောင် တိုင်းမှူး၊ ဒုတိယဝန်ကြီးချုပ်၊ ဗိုလ်မှူးချုပ်)**

သူတစ်လူ ငါတစ်မင်းဖြစ်နေပါက နိုင်ငံ၏ အချုပ်အခြာ အာဏာကို ထိန်းသိမ်းနိုင်မည်မဟုတ်။ သို့ပါသောကြောင့် နိုင်ငံ၏ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးကိုသာ ဦးတည်ခဲ့ကြရသည်။ ပြည်ပရန်အပြီး ပြည်တွင်းရန်အဖြစ် ရောင်စုံသူပုန်တို့ သောင်းကျန်းမှုများကို စစ်ဆင်ရေးအသွင်ဖြင့် တိုက်ခိုက်ခဲ့ရပြန်သည်။ ထိုအဖြစ်များသည် သမိုင်းကြောင်းပေါ်က အမှန်တရားများ ဖြစ်သည်။

သို့သော် သွေးစွန်းခဲ့သည့် သမိုင်းကြောင်းသည် နှစ်ခါပြန်ရန် မသင့်ပါ။ လက်ရှိ မြန်မာနိုင်ငံရေး အခြေအနေတွင် တောခိုသွားသည့် လူငယ်မနည်း။ သမိုင်းဟောင်း ရှိခဲ့ဖူးသည့်အတွက် ရတက်မအေးရပါ။ အတိတ်သမိုင်းတွင် ပြည်ဖျက်လုပ်ရပ်များကို မရပ်မနား လုပ်ခဲ့သူများသည် အချင်းချင်းပင် ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်ကိုပါ ကျင့်သုံးခဲ့သည့်ဖြစ်ရပ်များသည် သမိုင်းမလှခဲ့ပါ။ သမိုင်းကို မမေ့စေလိုပါ။

ထို့ကြောင့် သမိုင်းဟောင်းကို ပြန်လည်လေ့လာသိရှိနိုင်မည့် ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း)၏ "ကိုယ်တွေ့ဖြစ်ရပ်များ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ" စာအုပ်ကို လေ့လာဖတ်ရှုစေလိုပါသည်။ ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာအုပ်ဖြစ်သည်။ ဤစာအုပ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့ အစပြုခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် တပ်သားမောင်သန်းတင်အဖြစ် ပါဝင်မှုမှသည် တပ်မတော်တွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည့် စာရေးသူ ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း)၏ ကိုယ်တွေ့မှတ်တမ်းဖြစ်သည်။

စာအုပ်ပါအကြောင်းအရာများသည် တောထဲ တောင်ထဲ စစ်ဆင်ရေးပြီး စစ်ဆင်ရေးဖြင့် ဘဝ၏ အချိန်တော်တော်များများ ကုန်ဆုံးပေးဆပ်ခဲ့သည့် တပ်မတော်သားတစ်ဦး၏ ဘဝဇာတ်လမ်းဖြစ်သည်။ ရာထူးတာဝန်အဆင့်ဆင့် ထမ်းဆောင်ရင်း ရှမ်းရိုးမပေါ်မှ ရောင်စုံသောင်းကျန်းသူများ၊ ရောဝတီတိုင်းမှ ရောင်စုံသောင်းကျန်းသူများ၊ ပဲခူးရိုးမပေါ်မှ ဗမာပြည်ကွန်မြူနစ်ပါတီ သောင်းကျန်းသူများကို ဖယ်ရှားတိုက်ခိုက်ခဲ့ရသည့် တပ်မတော်သားဘဝ အတွေ့အကြုံများကို စာဖတ်ပရိသတ်ထံ ချပြထားသည်။ စာရေးသူက သမိုင်းဟောင်းတစ်ကျော့ မပြန်စေရန် ရည်ရွယ်ရေးသားထားခြင်း ဖြစ်သည်။

စာရေးသူ ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း)၏ ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် တပ်သားဘဝအစမှာ ဤသို့ဖြစ်၏။ အသက် ၁၆ နှစ်အရွယ် စာရေးသူ မောင်သန်းတင်သည် နေရှင်နယ် အမျိုးသား အထက်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ် ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည့်အခါ ဗိုလ်ချုပ် အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့ ခေါင်းဆောင်ပြီး ဂျပန်တပ်များနှင့်အတူ မြန်မာနိုင်ငံအတွင်း ဝင်လာကြသည်။ ထိုအခါ ၎င်းသည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဗလ ခေါင်းဆောင်သည့်တပ်မှ ဗိုလ်အောင်ကိုး တပ်ဖွဲ့ဝင် တပ်သားအဖြစ် ဝင်ရောက်ကာ မြို့ရွာ လုံခြုံရေးအတွက် ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ရာ ဗိုလ်မှူးချုပ်သန်းတင်လည်း ဆက်လက် ပါဝင်ခဲ့သည်။ ထိုသို့ ပါဝင်ရင်း ပျဉ်းမနား သင်တန်းကျောင်းတွင် ရဲဘော်ဘဝ သင်တန်းတက်ပုံ၊ မင်္ဂလာဒုံတွင် ဗိုလ်သင်တန်းရောက်ရပုံ၊ မင်္ဂလာဒုံ ပထမအပတ် ဗိုလ်သင်တန်း ကျောင်းဆင်းပုံတို့ဖြင့် စစ်ပညာရပ် ပြင်းပြင်းထန်ထန် သင်ကြားရမှု ကိုယ်တွေ့ အတွေ့အကြုံကို အစပျိုး ရေးသားထားသည်။

၁၉၄၃ ခုနှစ် မတ် ၃၁ ရက်တွင် မင်္ဂလာဒုံ ပထမအပတ် ဗိုလ်သင်တန်း ကျောင်းဆင်းပွဲ ပြုလုပ်ခဲ့သည်။ သင်တန်းအပြီးတွင် ဗိုလ်မှူးချုပ် သန်းတင် အပါအဝင် သင်တန်းဆင်း အလုပ်သင်

*စာမျက်နှာ ၇ သို့*



ဗကပအမာခံမောင်လှ၏ လမ်းပြပေးမှုဖြင့် တပ်မတော်ကွန်မန်ဒိုစစ်ကြောင်း တစ်ခုမှ ဗကပဗဟိုဆေးရုံအား ချေမှုန်းပြီး အောင်မြင်မှုကို စစ်ကြောင်းရေးမှူး ဗိုလ်မှူးဇော်ကူးမားက တိုင်းမှူးနှင့်အဖွဲ့အား ရှင်းပြနေစဉ်

**"၁၉၄၃ ခုနှစ် မတ် ၃၁ ရက်တွင် မင်္ဂလာဒုံ ပထမအပတ် ဗိုလ်သင်တန်း ကျောင်းဆင်းပွဲ ပြုလုပ်ခဲ့သည်။ သင်တန်းအပြီးတွင် ဗိုလ်မှူးချုပ် သန်းတင် အပါအဝင် သင်တန်းဆင်း အလုပ်သင်ဗိုလ်များသည် ရခိုင်ပြည်ရောက် တပ်ရင်း (၁) အဖြစ် တာဝန်ပေးအပ်ခံရသည်။ ဗိုလ်မှူးချုပ် သန်းတင် ပါဝင်သည့် တပ်ရင်း (၁) အဖွဲ့သည် အမ်းနှင့် တောင်ကုတ်လမ်းကို ကာကွယ်စောင့်ရှောက်ကာ တောင်ကုတ်နယ်မြေ အေးချမ်းသာယာရေး၊ လမ်းပန်းအဆက်အသွယ် ကောင်းမွန်ရေး၊ ရန်သူအင်္ဂလိပ်တို့၏ ထိုးစစ်ကို ကာကွယ်ရေးအတွက် လှုပ်ရှားမှုအတွေ့အကြုံများကို ဖတ်ရသည်မှာ ထိုခေတ်အခါက လူငယ်များ၏ မျိုးချစ်စိတ်ကို သိမြင်ရ"**

*စာမျက်နှာ ၆ မှ*

ဗိုလ်များသည် ရခိုင်ပြည်ရောက်တပ်ရင်း (၁) အဖြစ် တာဝန်ပေးအပ်ခံရသည်။ ဗိုလ်မှူးချုပ် သန်းတင် ပါဝင်သည့် တပ်ရင်း (၁) အဖွဲ့သည် အမ်းနှင့် တောင်ကုတ်လမ်းကို ကာကွယ်စောင့်ရှောက်ကာ တောင်ကုတ်နယ်မြေ အေးချမ်းသာယာရေး၊ လမ်းပန်းအဆက်အသွယ်ကောင်းမွန်ရေး၊ ရန်သူအင်္ဂလိပ်တို့၏ ထိုးစစ်ကို ကာကွယ်ရေးအတွက် လှုပ်ရှားမှု အတွေ့အကြုံများကို ဖတ်ရသည်မှာ ထိုခေတ်အခါက လူငယ်များ၏ မျိုးချစ်စိတ်ကို သိမြင်ရသည်။

ထိုသို့ ထမ်းဆောင်ရင်း ကင်းတန်းကြီးတံတား တိုက်ပွဲသည် သင်တန်းဆင်း အလုပ်သင်ဗိုလ်များ၏ ပထမဆုံး လက်တွေ့တိုက်ပွဲဖြစ်ခဲ့ပြီး ၎င်းအနေဖြင့် ဘဝတွင် မေ့နိုင်စရာမရှိကြောင်း ဖော်ပြထားသည်။ ဗိုလ်မှူးချုပ်သန်းတင်သည် ရခိုင်ပြည်နယ်တွင် တစ်နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၄ ခုနှစ် မေလတွင် သရက်ခရိုင် မြတ်ကိုင်းကျဉ်းရွာရှိ စက်မှုလက်မှု တပ်ရင်း (၂) သို့ ပြောင်းရွှေ့ရသည်။ ထိုသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စဉ် ဖက်ဆစ်တော်လှန်ရေးအတွက် တာဝန်ရှိလာပြန်သည်။ ထိုအချိန်က ဖက်ဆစ် တော်လှန်ရေး ဆင်နွှဲရန် စစ်တိုင်းကြီး ၇ တိုင်း သတ်မှတ်ခဲ့သည်။ သရက်၊ အာလံ၊ မကွေး၊ မင်းဘူးတို့ကို တိုင်း ၇ အဖြစ် ဖွဲ့စည်းခဲ့သည်။ ဗိုလ်မှူးချုပ်သန်းတင်တို့တပ်ရင်းသည် တိုင်း ၇ တွင် ပါဝင်လှုပ်ရှားမှုများကို တင်ပြထားသည်မှာ အားမာန်ပါပြီး မျိုးချစ်စိတ်ကို သိမြင်ခံစားရစေသည်။

တိုင်းစစ်ဌာနချုပ်၏ ညွှန်ကြားချက်အရ စက်မှုလက်မှုတပ်ရင်း (၂) သည် ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကို ၁၉၄၅ ခုနှစ် မတ် ၇ ရက်မှ စတင်ဆောင်ရွက်ရသည်။ ဖက်ဆစ်တော်လှန်ရေး စတင်မည့် မတ် ၂၇ ရက် (တော်လှန်ရေးနေ့) တွင် တပ်မတော်စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်တော်လှန်ရေး စစ်မိန့်ကို ဖတ်ကြားကြေညာခဲ့ကြောင်း ဗိုလ်မှူးချုပ် သန်းတင်က ရေးသားဖော်ပြထားသည်။ ထိုအချိန် တပ်ခွဲမှူးတာဝန်ထမ်းဆောင်နေရသည့် ဗိုလ်မှူးချုပ်သန်းတင်သည် ကျေးရွာလူထုများအား ဖက်ဆစ်တော်လှန်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်ပြီး ဖက်ဆစ်တို့အား ပါဝင်တိုက်ခိုက်ခဲ့ပုံကို စာအုပ်တွင် အသေးစိတ် ဖော်ပြထားသည်။



"ရဲဘော် လုပ်ဖော်ကိုင်ဖက်များ"
ဘယ်ဘက်မှ ဗိုလ်ချုပ်ကြီးသူရကျော်ထင် (နောင် ကာကွယ်ရေးဦးစီးချုပ်)
(နောက်နားက) ဗိုလ်မှူးကြီးဝင်းမောင်(ကျန်းမာရေးဝန်ကြီး)၊ ဗိုလ်မှူးကြီး သူရထွန်းတင်
(နောင် နိုင်ငံတော်ဝန်ကြီးချုပ်)၊ ဗိုလ်မှူးချုပ်စိန်လွင် (နောင် နိုင်ငံတော်သမ္မတကြီး)၊
နောက်က ဗိုလ်မှူးကြီးရန်နောင်စိုး (တပ်မ ၇၇ တပ်မမှူး)၊
ဗိုလ်မှူးချုပ်သန်းတင် (တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်)၊ ဗိုလ်ချုပ်အောင်ခင်(စစ်ထောက်ချုပ်)



၁၁-၁၁-၁၉၄၉ ခုနှစ် မေမြို့ အမှတ်(၂) ဗိုလ်သင်တန်းတက်စဉ်က
ဗိုလ်လောင်းကျောင်းသား သုံးဦး ဘယ်အစွန်(စာရေးသူ) ရဲဘော်သန်းတင်၊
ရဲဘော်ဘအေး(အလယ်)နှင့် ညာအစွန် ရဲဘော်ထွန်းအောင်ကျော်

ဗိုလ်မှူးချုပ်သန်းတင်သည် တာဝန်များ ထမ်းဆောင်ရင်း နိုင်ငံအတွက် ဆုံးရှုံးဖွယ် အပြောင်းအလဲတစ်ခု ကြုံလာခဲ့သည့်အတွက် တာဝန်ရှိရာ သရက်မှ ရန်ကုန်သို့ သွားရောက်ခဲ့သည့် အခြေအနေကို တင်ပြထားသည်။ ဆုံးရှုံးဖွယ် အပြောင်းအလဲကား ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင်ခေါင်းဆောင်များ လုပ်ကြံခံရခြင်းဖြစ်သည်။ ကျဆုံးသွားသည့် နိုင်ငံ့ခေါင်းဆောင်များ၏ နောက်ဆုံးအလေးပြုနှုတ်ဆက်ရင်း ခေါင်းဆောင်များအား နှုတ်မြောဝမ်းနည်းရသည့် ဗိုလ်မှူးချုပ် သန်းတင်၏ ခံစားချက်ကို စာအုပ်တွင် သိမြင်ရသည်။ ထိုအချိန်တွင် ၎င်းသည် သရက်ခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဖွဲ့စည်းပေးနေချိန်ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်စ မြန်မာနိုင်ငံတွင် ရောင်စုံသောင်းကျန်းသူများသည် အကြောင်းအမျိုးမျိုးပြကာ လက်နက်ကိုင် တောခိုကြသည်။ အစိုးရနှင့် တပ်မတော်ကို တိုက်ကြသည်။ ဇာတ်ရှုပ်လာသည်။ ထို့ကြောင့် ဗိုလ်မှူးချုပ် သန်းတင်သည် တပ်ထဲအမြန်ဆုံးပြန်ဝင်မှဖြစ်မည်ဟု ဆုံးဖြတ်၍ သရက်ခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို သရက်ခရိုင် ပြည်သူ့စစ် ဒုတိယခေါင်းဆောင် ဗိုလ်ဦးစိန်ထံ လွှဲပြောင်းခဲ့သည်။ ဗိုလ်မှူးချုပ် သန်းတင်သည် လူကြီးများ ပေးအပ်သည့် တာဝန်များနှင့် လုပ်သင့်လုပ်ထိုက်သည့် တာဝန်များကို ထမ်းဆောင်ပြီး တပ်မတော်သို့ တပ်သားသစ်ဘဝဖြင့် ပြန်လည်ဝင်ခဲ့သည်။

တပ်မတော်ထဲ ဝင်ရောက်ပြီး ၁၉၄၉ ခုနှစ် ဩဂုတ် ၈ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မေမြို့ ဗိုလ်သင်တန်းကျောင်း တက်ရောက်ခဲ့သည်။ သင်တန်းဆင်းပြီး တောင်ကြီးနှင့် လွိုင်ကော်မြို့ သိမ်းသည့် တိုက်ပွဲများတွင် ပါဝင် တာဝန် ထမ်းဆောင်ရပြန်သည်။ ထို့နောက် မြန်မာပြည်အလယ်ပိုင်း မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ "မ" သုံးလုံးနယ်မြေ စစ်ဆင်ရေးအတွက် တာဝန်ကျပြန်သည်။ ထိုအချိန်က မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာတို့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ လှုပ်ရှားနေချိန်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်တို့သည် "မ" သုံးလုံးနယ်မြေ ကျေးရွာများကို အခြေခံ၍ မြို့များသိမ်းရန် စစ်အဟုန်မြှင့်တင်နေချိန်ဖြစ်ပြီး အနီးကပ် ရင်ဆိုင်တိုက်ပွဲများ ပြုလုပ်နိုင်ရန် ရှားသားလုံ့စွပ်များကို တီထွင်ကာ တပ်မတော်ကို ရင်ဆိုင်ပြန်သည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ဗိုလ်မှူးချုပ် သန်းတင်သည် ဗမာပြည်ကွန်မြူနစ်ပါတီ အကြောင်း လေ့လာရပြန်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှစ၍ ၁၉၄၉၊ ၁၉၅၀ ခုနှစ်များတွင် ပြည်၊ ပျဉ်းမနားစသော မြို့ကြီးများကို သိမ်းနိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် လက်နက်ကိုင်အာဏာသိမ်းရေးလုပ်ငန်းစဉ် ချမှတ်ကြွေးကြော်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် တစ်နိုင်ငံလုံး အဖျက်လုပ်ငန်းများကို လုပ်ကိုင်၍ လွတ်လပ်ခါစ နိုင်ငံတော်အား တစ်ဖန်ပြန်လည် ကျွန်ပြုမည့် လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

၁၉၄၉ ခုနှစ်ကာလသည် သောင်းကျန်းသူများ မြို့တချို့ကို ယာယီသိမ်းပိုက်ထားသည့် အချိန်ကာလ၊ ရောင်စုံသူပုန် သောင်းကျန်းသူများနှင့် ရင်ဆိုင်နေရသည့် အချိန်ကာလ၊ နိုင်ငံခြားသတင်းစာ အချို့ကပင် ရန်ကုန်အစိုးရဟု ရေးသားပြောဆိုနေကြသည့် ကာလဖြစ်ပြီး ထိုကာလ နိုင်ငံအတွင်း အခြေအနေကို ပေါ်လွင်အောင် အသေးစိတ် ဖော်ပြထားသည်။

စာအုပ်တွင် ဗိုလ်မှူးချုပ် သန်းတင်သည် သောင်းကျန်းသူများကို ချေမှုန်းတိုက်ခိုက်နေရသော်လည်း စာပေကို ချစ်မြတ်နိုးသူဖြစ်သည်ကို တွေ့ရှိရသည်။ "မ" သုံးလုံးနယ်မြေအတွင်း စစ်ဆင်ရေး ပြုလုပ်နေရသော်လည်း အားလပ်သောအခါ စာပေများ ဖတ်ရှုခဲ့သည်။ စာပေတော်တော်များများ ဖတ်ခဲ့ပြီး မြစ်သားအကျော်၏ စာပေများကို နှစ်သက်စွာ ဖတ်လေ့ရှိသည်။ ဖတ်ရှုရုံတင်မက "မြစ်သားအကျော်" ၏ အိမ်သို့ အရောက်သွား တွေ့ဆုံပုံကို ဖော်ပြထားသည်။

ထိုသို့ တွေ့ဆုံရန် သွားရောက်စဉ် ဗိုလ်မှူးချုပ် သန်းတင်သည် မြစ်သားအကျော် ကလောင်ပိုင်ရှင် ဿျောင်ထုံးနှင့် အဘိုးနှင့် တိုက်ရိုက်တွေ့ဆုံသော်လည်း ကလောင်ပိုင်ရှင် ဟု မထင်၊ မိဘဆွေမျိုးအမှတ်နှင့်သာ တွေ့ဆုံစကားပြောနေပြီး မြစ်သားအကျော်ကို မျှော်နေကာ အလွဲဖြစ်နေပုံ၊ အဘိုးက ကလောင်ပိုင်ရှင်မှာ မိမိဖြစ်ကြောင်း ဖွင့်ဟပြောဆိုမှသာ သိရှိခဲ့သည့် အဖြစ်အပျက်ကို တင်ပြထားသည်။

ထို့အတူ တာဝန်ထမ်းဆောင်ရင်း သေကံမရောက် သက်မပျောက် အဖြစ်အပျက် ကြုံခဲ့ရပုံကိုလည်း ဖော်ပြထားသည်။ မြစ်သားမှ မိတ္ထီလာသို့ အစည်းအဝေးနှင့် တပ်ရင်းနှစ်ပတ်လည် အားကစားပြိုင်ပွဲအတွက် သွားရောက်စဉ် သောင်းကျန်းသူများ၏ ချုံခို တိုက်ခိုက်ခံရသည်။ ၎င်းသည် ကားစီးတိုင်း စာလည်း မဖတ်တတ်၊ ငိုက်လည်း မငိုက်တတ်ပါ။ သို့သော် သောင်းကျန်းသူများ ချုံခိုမိုင်းခွဲ တိုက်ခိုက်သည့် အချိန်တွင် အိပ်ငိုက်ကာ ခေါင်းငိုက်စိုက်ကျနေသည့်အတွက် ဝပ်ရှောင်နေသကဲ့သို့ဖြစ်ကာ မှန်စတစ်စတောင် မထိမှန်ဘဲ ကံကောင်းခဲ့သည်။

ထိုအချိန်က သောင်းကျန်းသူများသည် ပြည်သူများ အသုံးပြုသော ကားလမ်း၊ တံတားလမ်းများတွင် မိုင်းများ အကွက်စေ့အောင် ထောင်ကြသည့်အတွက် ပြည်သူများ မိုင်းနင်းမိ၍ သေဆုံးမှု၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးမှုများကို ခဏခဏကြားသိနေရချိန် ဖြစ်သည်။ စစ်ကြောင်းများ အထူးဂရုစိုက်ချီတက်နေရသော်လည်း ရဲဘော်များလည်း မိုင်းထိကာ သေဆုံးမှု၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးမှုများ ရှိခဲ့သည့်အတွက် ဗကပတို့၏ အစတိုက်ခိုက်မှုများသည် ထိရောက်ခဲ့သည်။ သို့သော် ဗကပတို့၏ လုပ်နည်းလုပ်ဟန်များကို ရဲဘော်များ သဘော ပေါက်လာသည့်အခါ၊ တပ်များက ပို၍ဂရုတစိုက် ဆောင်ရွက်သည့်အခါ ထိရောက်မှု မရှိတော့။

*(ဆက်လက်ဖော်ပြပါမည်)*

# ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ မြစ်ကြီးနားမြို့၌ Mask Campaign အစီအစဉ်ဖြင့် အသိပညာပေး

**မြစ်ကြီးနား ဇူလိုင် ၂၇**

မြစ်ကြီးနားမြို့နယ်သည် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမြင့်မားလာသည့်အတွက် နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် ပါဝင်လာပြီး နေအိမ်ပြင်ပထွက်သွားလာခွင့်ရှိသူများအား မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်သွားလာရေး ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန် ဦးဆောင်၍ ဌာနဆိုင်ရာများ စုပေါင်းကာ ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီခွဲတွင် မြစ်ကြီးနားမြို့၌ Mask Campaign အစီအစဉ်ဖြင့် အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။



မြစ်ကြီးနားမြို့၌ Mask Campaign အစီအစဉ်ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက လူအများသွားလာရာနေရာများဖြစ်သည့် မြို့မဈေး အမှတ် (၁) နှင့် (၂)ကြား ဈေးကြီးလမ်းတွင် လမ်းသွားလမ်းလာများနှင့် ဈေးဝယ်သူများ၊ ရေစင်ဈေးအတွင်းရှိ ဈေးရောင်းသူများနှင့် ဈေးဝယ်များအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြပြီး အသိပညာပေးခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် မြို့တော်ခန်းမ၌ မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်လစာထုတ်ပေးနေသည့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းဟောင်းများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးအပ်ခဲ့ပြီး နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ရေးနှင့် နေအိမ်ပြင်ပထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ကြရေး အသိပညာပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး မြစ်ကြီးနားမြို့အပါအဝင် ပြည်နယ်အတွင်းရှိ ဆေးရုံများအတွက် အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေး ရန်ကုန်၊ မန္တလေးမြို့ကြီးများမှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၄၀၀ တွင် အောက်ဆီဂျင်ဖြည့်တင်း သယ်ယူနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမြန်ဆုံးသယ်ယူနိုင်ရေးနှင့် လိုအပ်သည့် အုပ်ချုပ်/ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# အာဆီယံ၏ (၂၁)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

**အာဆီယံ၏ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း(APSC)မဏ္ဍိုင်မှ (၂၁)ကြိမ်မြောက် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (21st ASEAN Senior Officials Meeting on Transnational Crime – 21st SOMTC) ကို ဘရူနိုင်းဒါရုဆလမ်နိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ယနေ့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။** (အောက်ပုံ)




အဆိုပါ အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ အတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် အဆင့်များ ဦးဆောင်သည့် SOMTC ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ SOMTC ခေါင်းဆောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် အောင်အောင်ဦးဆောင်၍ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်ရှိ Horizon Lake View Hotel၊ Inn Gyin Villa ရှိ အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါ 21st SOMTC စုံညီအစည်းအဝေး၌ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ဝန်ကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် H.E. Haji Sufian bin Haji Sabtu က သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားသည်။ အစည်းအဝေးတွင် အာဆီယံ (၁၀) နိုင်ငံမှ SOMTC ခေါင်းဆောင်များက နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ နိုင်ငံအလိုက် ဆောင်ရွက်နေမှု၊ ဒေသအဆင့်၊ နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် လက်နက်မှောင်ခိုသယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ ဆိုက်ဘာမှုခင်းတိုက်ဖျက်ရေး၊ တောရိုင်းတိရစ္ဆာန်နှင့်သစ်များ တရားမဝင်သယ်ဆောင် ရောင်းဝယ်မှုများ တိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ ၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ရလဒ်များနှင့် အစီရင်ခံစာများကို ဘာသာရပ်ဆိုင်ရာ ဦးဆောင်နိုင်ငံများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု၊ လူမှောင်ခိုမှု၊ ငွေကြေးခဝါချမှု၊ ပင်လယ်ရေကြောင်းဓားပြမှုများ၊ လူကုန်ကူးမှုများ၊ နိုင်ငံတကာစီးပွားရေးမှုခင်းနှင့် ဆိုက်ဘာမှုခင်းများ၊ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်မှုနှင့် တရားမဝင်သစ်နှင့် တောရိုင်းတိရစ္ဆာန် ခိုးထုတ်သယ်ယူမှုများနှင့် ပတ်သက်၍ ၂၀၁၆-၂၀၂၅ အာဆီယံနိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး လုပ်ငန်း စီမံချက်မူဘောင်မှ ၂၀၁၉-၂၀၂၁ SOMTC ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို အသေးစိတ် ပြန်လည်သုံးသပ် ဆွေးနွေးကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများ၊ အာဆီယံအပါအဝင် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ၂၀၁၆-၂၀၂၅ အာဆီယံ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး မူဘောင်၏ SOMTC လုပ်ငန်းအစီအမံ ၂၀၂၂-၂၀၂၄ အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားမှုကို ဘရူနိုင်းနိုင်ငံက ဦးဆောင်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသော SOMTC နှင့် ဆွေးနွေးဖက်နိုင်ငံများ ဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့နှင့် ညှိနှိုင်းဆွေးနွေးမည့်အစည်းအဝေးအစီအစဉ်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို သက်ဆိုင်ရာနိုင်ငံများက ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

အဆိုပါ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် ဆက်စပ် အစည်းအဝေးများကို ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်များတွင် အာဆီယံ (၁၀) နိုင်ငံမှ SOMTC ခေါင်းဆောင် ကိုယ်စားလှယ်များနှင့် ဆက်လက်ကျင်းပသွားရန်သဘောတူညီခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ ညနေ ၆ နာရီ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

## တိုင်းဒေသကြီး၊ ပြည်နယ်အချို့၌ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည့်အခြေအနေများအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပူးပေါင်းထောက်ပံ့ကူညီမှုများ ဆောလျင်စွာဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

**ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့် သက်ဆိုင်ရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပူးပေါင်းထောက်ပံ့ကူညီမှုများ ဆောလျင်စွာဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် Online ဖြင့် ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလတွင် ပြည်နယ်အချို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်အတွက် ထိခိုက်ဆုံးရှုံးမှုများ တတ်နိုင်သမျှ လျော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေဘေးနှင့် ကိုဗစ်-၁၉ ကြုံတင်ကာကွယ်ခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား လိုအပ်မှုအခြေအနေပေါ် မူတည်၍ ဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ခြင်းဆိုင်ရာလုပ်ငန်းများအားလည်း သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၁ခုနှစ် ဇူလိုင်လ တတိယပတ်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ရပ်ကွက်/ကျေးရွာများသို့ ရေဝင်ရောက်မှု ဖြစ်ပွားခဲ့မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးများက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အခြားတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ခန့်မှန်းထုတ်ပြန်ချက်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန၏ ရာသီဥတု Website များအား စိစစ်လေ့လာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသဖြင့် လာမည့်ရက်များအတွင်း ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် မိုးရေချိန် ၃ လက်မမှ ၈ လက်မအတွင်း ဒေသအလိုက် မိုးကြီးနိုင်ခြင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် မိုးရေချိန် ၁ လက်မမှ ၅ လက်မအတွင်း နေရာအနှံ့အပြားမိုးရွာသွန်းမှုများပြားနိုင်ခြင်းတို့ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရသည်။



သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှဖြန့်ဝေအသိပေးထားသည့် ရေဘေးအသိပညာပေးစာစောင်တွင် အကြံပြုထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် ပြည်သူများအနေဖြင့် အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများသို့ ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ သို့ဖြစ်စေ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထပ်လောင်းနှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ အများပြည်သူရုံးပိတ်ရက်များတွင် ပြတ်လပ်မှုမရှိစေရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် တရုတ်နိုင်ငံဘက်မှ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်နှင့် ထိုင်းနိုင်ငံဘက်မှ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မော်တောင်၊ ထီးခီးတို့မှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိကြောင်း သိရသည်။

## ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေး

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိရာ အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ဇူလိုင် ၂၆ ရက် မှ ဩဂုတ် ၁ ရက်အထိ ကာလအတွင်း၌လည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုများကို ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန် သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန် သွင်းကုန်ရုံး(ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၃၈၇၉ ခု၊ Test Kit ၉၆၆၀ တို့အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ်သုံးစီးဖြင့် ၅၈ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၃၅ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၆၂၉၅ ခု၊ Test Kit ၉၆၆၀၊ နှာခေါင်းစည်း(Mask) ၈၂ တန်၊ PPE ဝတ်စုံ ၇၀၀၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၃၃ ခုမှ ယာဉ်စီးရေ ၄၉ စီးဖြင့် တင်သွင်းလာခြင်း ဖြစ်ကြောင်း သိရသည်။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်များတင်သွင်းလာစဉ်။



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာစဉ်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုစတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ၂၇ ရက်အထိ ယာဉ်စီးရေ ၅၁၃ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၆၁၁ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၄၆၅ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၀၅ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၁၃၈၂ ခု၊ Test Kit ၂၆၀၅၂၈ ခု၊ နှာခေါင်းစည်း (Mask) ၇၇၆ တန်၊ Oxygen Plant လေးခု၊ Oxygen Generator ကိုးခု တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

## ပူးပေါင်းဆောင်ရွက်လျက်ရှိ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက်ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်းဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် အောက်ဆီဂျင်အရည်နှင့် ဓာတ်ငွေ့များ တင်သွင်းလာမှုမြင်ကွင်း



















◆ *ကျောဖုံးမှ*

(၂) ရမည်းသင်းမြို့နယ်၊

**(ဂ) ဧရာဝတီတိုင်းဒေသကြီး**

(၁) ကျုံပျော်မြို့နယ်၊

(၂) ဘိုကလေးမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် -

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်း လုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေ ကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ် ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၄) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့ကိုက် ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက် ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာ ပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစား လုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်း အတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၈-၇-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ဒိုက်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီထောက်ပံ့

**ဒိုက်ဦး ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဇူလိုင်၂၄ရက် ညနေပိုင်းက ဒိုက်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး သွားရောက်ကူညီထောက်ပံ့ခဲ့သည်။




ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ကောင်စီ အဖွဲ့ဝင်များနှင့်အတူ ဒိုက်ဦးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံ လက်ထောက်ဆရာဝန်ဒေါက်တာ နန်းဝင်းက ကိုဗစ်-၁၉ ရောဂါ ကုသနေမှု အခြေအနေနှင့် ဆေးရုံအတွက် အောက်ဆီဂျင် လိုအပ်ချက်များ တင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်း အောက်ဆီဂျင် လိုအပ်ချက်အား အချိန်မီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေနှင့် အောက်ဆီဂျင် ၄၀ လီတာအိုး ၁၀လုံးကို ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ကောင်စီ အဖွဲ့ဝင်များနှင့်အတူ ဒိုက်ဦးမြို့နယ် လမ်းဦးစီးဌာနရုံးသို့ ရောက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ပရဟိတအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပရဟိတအသင်းအဖွဲ့များအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရေး၊ ကျန်းမာရေးသုံး အကာအကွယ်ပစ္စည်းများ အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးနှင့် အောက်ဆီဂျင်အိုး လိုအပ်ချက်များ အချိန်မီတင်ပြရန်တို့ကို ပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၁၀၀ ကို ဒိုက်ဦးမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီသို့ ထောက်ပံ့ပေးအပ်သည်။**(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များသည် ဇူလိုင် ၂၄ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒရယ်မီးချောင်းရေလျှံကာ ဒရယ်မီးရပ်ကွက်နှင့် မင်းတဲရပ်ကွက်အတွင်း ချောင်းရေဝင်ရောက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်အတွင်း ချောင်းရေဝင်ရောက်မှု အမြန်ဆုံး ကျဆင်းစေရေးနှင့် ချောင်းရေပြန်လည်ကျဆင်းပါက ရေဝင်ခဲ့သည့် ဆေးရုံ၊ ရုံးများနှင့် လူနေရပ်ကွက်များအား သန့်ရှင်းရေးဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

❑ *ကျောဖုံးမှ*

ကာကွယ်ဆေးအရေအတွက် ၁၆၀၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအရေအတွက် ၂၄၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအရေအတွက် ၄၀၀၀၀ ရောက်ရှိပြီးဖြစ်ကြောင်းနှင့် အခြားပြည်နယ်/ တိုင်းဒေသကြီးများသို့လည်း ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**ဆက်လက်ဖြန့်ဖြူးပေးမည်**

ထိုသို့ မြေပြင်ခရီးလမ်းကြောင်းမှ ကာကွယ်ဆေးများကို ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် ဝေးလံခက်ခဲဒေသများသို့ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီဖြင့် လေကြောင်းခရီးမှလည်း ကာကွယ်ဆေးများ ဆက်လက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပဲခူးတိုင်းဒေသကြီးတွင် ရောက်ရှိလာသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် သိုလှောင်ထားစဉ်။

# ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံရေး ဦးစားပေးလူအုပ်စုတွင် စေတနာ့ဝန်ထမ်း(Volunteer)များ ပါဝင်မည်

**နေပြည်တော် ဇူလိုင် ၂၇**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို ဦးတည်လူအုပ်စုများသတ်မှတ်၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ စေတနာ့ဝန်ထမ်း (Volunteer) များသည် ဦးစားပေးလူအုပ်စုတွင် ပါဝင်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

"စေတနာ့ဝန်ထမ်းတွေ ဆိုတာ ဘာမှအကျိုးအမြတ်ကို ရယူလို စိတ်၊ မျှော်ကိုးလိုစိတ် မရှိဘဲနဲ့ တကယ့်ကို ပြည်သူတွေအတွက် ပေးဆပ်ချင်တဲ့စိတ်နဲ့ ကြိုးစားပမ်းစား နေရာဒေသနယ်ပယ်တိုင်းမှာ လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ကွာရန်တင်း စင်တာမှာ ဖြစ်ဖြစ်၊ လူနာတွေ ပို့ဆောင်ရာမှာဖြစ်ဖြစ်၊ သေဆုံးတဲ့ လူနာတွေကို ပို့ဆောင်တဲ့ကိစ္စမှာ ဖြစ်ဖြစ်၊ ကာကွယ်ဆေးထိုး လုပ်ငန်းမှာဖြစ်ဖြစ် ဗော်လံတီယာတွေရဲ့ အခန်းကဏ္ဍက အများကြီးပါဝင်ပါတယ်။ စေတနာ့ဝန်ထမ်းတွေက ဦးစားပေးအုပ်စုထဲမှာ ပါဝင်ပါတယ်" ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက ပြောသည်။

ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေးမည့် ဦးစားပေးလူအုပ်စု ၁၃ အုပ်စု သတ်မှတ်ထားပြီး အဓိက ဦးတည်အုပ်စုများမှာ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဝန်ထမ်းများ၊ ပုဂ္ဂလိကကျန်းမာရေး ဝန်ထမ်းများ၊ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ လူအိုရုံများ၊ ဘဏ်လုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒါ့အပြင် ပို့ဆောင်ဆက်သွယ်ရေးကိစ္စရပ်တွေမှာ ဆောင်ရွက်နေတဲ့သူတွေ အကုန်လုံး ပါဝင်ပါတယ်။ ဒီနေရာမှာ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနဲ့ဆိုင်တဲ့ လုပ်ငန်းတွေအကုန်လုံး အကျုံးဝင်ပါတယ်။ နောက်တစ်ခုက နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံအလုပ်ရုံတွေမှာ လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်ပါတယ်။ ဟိုတယ်အပါအဝင် တည်းခိုခန်းတွေမှာ တာဝန်ထမ်းနေသူတွေ ပါဝင်ပါတယ်။ နောက်တစ်ခုက အကျဉ်းထောင်တွေ၊ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေစတဲ့ အသေးစားလုပ်ငန်းတွေက ဝန်ထမ်းတွေ ပါဝင်ပါတယ်။ လောလောဆယ် ရည်မှန်းထားတဲ့ အုပ်စုတွေ ဖြစ်ပါတယ်" ဟု ဒေါက်တာခင်ခင်ကြီးက ဆက်လက်ပြောကြားသည်။

ယခုလက်ရှိတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရမှ လှူဒါန်းထားသည့် Sinopharm ကာကွယ်ဆေး နှစ်သန်း၊ မြန်မာနိုင်ငံက ဝယ်ယူထားသည့် Sinovac ကာကွယ်ဆေး နှစ်သန်းအနက် တစ်သန်း ရောက်ရှိနေပြီဖြစ်ပြီး ကာကွယ်ဆေး သုံးသန်းကို လူဦးရေသုံးသန်းအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်လျှံ**

## မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



# ချောင်းဦး မြို့နယ်ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်

**ချောင်းဦး ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံကို ဇူလိုင်၂၆ရက် နံနက် ၁၀ နာရီက အမှတ် (၄) တပ်မတော်ဆေးရုံ (ခုတင် ၃၀၀)၏ ကူညီမှုဖြင့် ပြန်လည်ဖွင့်လှစ် ဆေးကုသပေးနေပြီဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံအား ဖေဖော်ဝါရီလ လယ်ပိုင်းမှ စတင်ပြီး ပိတ်ထားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်မှု၊ ချောင်းဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကျော်နှင့် အဖွဲ့ဝင်များ ကြိုးစားစီမံမှုများကြောင့် မုံရွာမြို့ အမှတ် (၄) တပ်မတော်ဆေးရုံ (ခုတင် ၃၀၀)မှ ဆရာဝန်များ လာရောက် ကူညီကုသပေးမှုကြောင့် ပြန်လည်ဖွင့်လှစ်ကုသပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံ စတင်ဖွင့်လှစ်စဉ် ချောင်းဦးမြို့နယ် အတွင်းရှိ ကိုဗစ်-၁၉ ရောဂါသံသယလူနာ ၁၂ဦး လာရောက်စစ်ဆေးခဲ့ရာ Positive ခုနစ်ဦး တွေ့ရသည်။ ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံကြီး ပိတ်ထားခြင်းကြောင့် ပြည်သူများ ဆေးကုသမှုခံယူဖို့ အခက်အခဲဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် လာရောက်ကူညီ ဖွင့်လှစ် ကုသပေးရခြင်းဖြစ်ကြောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြီးကို ကာကွယ်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း မုံရွာမြို့ အမှတ် (၄) တပ်မတော်ဆေးရုံ (ခုတင် ၃၀၀) မှ ဆေးမှူးဗိုလ်ကြီး ရဲကျော်ဖြိုးက ပြောသည်။

ဆေးရုံဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ပေးပို့လှူဒါန်းသည့် Oxygen Concentrator ၁၀ လုံးကို ချောင်းဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် သုံးလုံး၊ အမြင့်တိုက်နယ်ဆေးရုံအတွက် ငါးလုံး၊ မြင့်မြတ်သုခ လူမှုကူညီရေးအသင်းအတွက် နှစ်လုံး လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါသံသယရှိသူများ လာရောက်စစ်ဆေးနိုင်ခြင်း၊ ပိုးတွေ့လူနာများကို လက်ခံကုသပေးနိုင်ခြင်းများ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ချောင်းဦး)**

# မြိတ်မြို့ ပြည်သူ့ဆေးရုံမှ ကိုဗစ်-၁၉ ရောဂါပိုးရှိသည့် မွေးလူနာ နှစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်

**မြိတ် ဇူလိုင် ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံမှ ကိုဗစ်-၁၉ ရောဂါပိုးရှိသည့် မွေးလူနာ နှစ်ဦးအား ဇူလိုင်၂၆ရက်က အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မွေးမိခင်နှင့်ကလေးများ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ကျန်းကျန်းမာမာ မွေးပေးနိုင်**

"ပြည်သူ့ ဆေးရုံအနေနဲ့ ကိုဗစ်ပိုးတွေ့သူကို တတိယလှိုင်းမှာပထမဆုံးကလေးမွေးပေးတာပါ။ လူနာလည်း ကိုဗစ်လူနာဖြစ်တဲ့အတွက် ခွဲစိတ်တဲ့အခါ မေ့ဆေးပေးရင်းဖြစ်ဖြစ် ခွဲနေရင်းပဲဖြစ်ဖြစ် အန္တရာယ်များပါတယ်။ ခွဲစိတ်တဲ့ နှစ်ဦးလုံးက သားဦးမိခင်တွေ၊ အသက်ငယ်တော့ သူတို့လည်း ခံနိုင်တာလည်းပါတယ်။ အောင်မြင်စွာ ကလေးရောမိခင်ပါ ကျန်းကျန်းမာမာနဲ့ မွေးပေးနိုင်ခဲ့ပါတယ်" ဟု ဆေးရုံအုပ်ကြီးက ပြောသည်။





ကိုဗစ်ကာလ၌ ခွဲစိတ်ခန်းအသုံးပြု၍ အရေးပေါ်ဆောင်ရွက်ပေးရမည့် ဝေဒနာရှင်များအတွက် ခွဲစိတ် ဆရာဝန်နှင့် သူနာပြုများကို အဖွဲ့နှစ်ဖွဲ့ ကြိုတင်ပြင်ဆင်ထားရှိကြောင်း၊ ကိုဗစ်တတိယလှိုင်းတွင် ဝေဒနာရှင်များအား ခွဲစိတ်ပေးနိုင်ရန် မိခင်နှင့်ကလေးကုသဆောင်(ကန်ခေါင်းဆေးရုံ) ခွဲစိတ်ခန်းနှင့် မွေးလူနာခန်းအား ပြင်ထားရှိကြောင်း၊ မြိတ်မြို့တွင် ကိုဗစ်ပိုး တွေ့ရှိသူများအတွက် ကိုဗစ်ပထမလှိုင်း၊ ဒုတိယလှိုင်းကတည်းက စီမံချက်ဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ ခွဲစိတ်ပေးမည့် ဆရာဝန်၊ သူနာပြုများအတွက် ခွဲစိတ်ခန်းသုံးဝတ်စုံကို အလှူရှင်တွေဖြင့် ဝယ်ပြီး စုဆောင်းထားရှိကြောင်း သိရသည်။

ပြည်သူ့ဆေးရုံမှ အောင်မြင်စွာ ခွဲစိတ်မွေးပေးနိုင်ခဲ့သည့် မွေးလူနာ နှစ်ဦးမှာ ယောကျ်ားလေးတစ်ဦးနှင့် မိန်းကလေး တစ်ဦးမွေးဖွားခဲ့ကြပြီး မွေးမိခင်နှင့်ကလေးများ ကျန်းမာရေးကောင်းမွန်လျက် ရှိကြောင်း၊ ကိုဗစ်ရောဂါပိုးရှိသည့် မွေးလူနာအား ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ဆရာဝန်နှင့် သူနာပြုများက အောင်မြင်စွာ ကိုဗစ်ကူးစက်မှုကာကွယ်သည့် ခွဲစိတ်ခန်းသုံးဝတ်စုံဝတ်ဆင်၍ အပင်ပန်းခံမွေးဖွားပေးခဲ့ကြောင်း၊ အဆိုပါ မွေးလူနာ နှစ်ဦးနှင့် ကလေးနှစ်ဦးကို ကိုဗစ်ရောဂါ ဆေးရုံစောင့်ကြည့်ကုသမည့် ၁၁ရက်ပြည့်မှ ၎င်းတို့နေအိမ်သို့ ပြန်လည်ပေးဆင်းမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုများ များပြားလျက်ရှိနေပြီး ပြည်သူ့ဆေးရုံတွင် လူနာများကို ဆေးရုံတက်ဆေးကုသမှုခံယူနိုင်ရန် နေရာများ စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ နေရာမရှိ၍ ဆေးရုံမတက်ရခြင်း မရှိအောင် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ခိုင်ထူး**
**( မြိတ်ပြန်/ဆက် )**

## ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၇**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် စေတနာရှင်အလှူရှင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့နှင့် အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့် ပဲများကို ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ သွားရောက်ထောက်ပံ့ပေးအပ်သည်။

အလားတူ ယနေ့နက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်နေပြည်သူ အိမ်ထောင်စု ၂၀၀ အတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက ဆန်နှင့် စားသောက်ဖွယ်ရာများကို ပြည်သူများ၏ လက်ဝယ်အရောက် ပေးဝေလှူဒါန်းပေးသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ ကြက်သွန်ခင်း(၂) ရပ်ကွက်ရှိ အိမ်ထောင်စု ၇၀ အတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အုတ်တွင်းတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ဆန်နှင့် စားသောက်ကုန်ပစ္စည်းများကို ပြည်သူများ၏ လက်ဝယ်အရောက် ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆီးရီးယားဒုက္ခသည်များ နေရပ်ပြန်နိုင်ရေး အဆောက်အအုံများ လုပ်ဆောင်လျက်ရှိ

ဒမတ်စကက် ဇူလိုင် ၂၇

**ဆီးရီးယားဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ကိုင်လျက်ရှိသည်ဟု ဆီးရီယားသမ္မတ ဘတ်ရှာအယ်အာဆတ်က ဇူလိုင် ၂၆ ရက်တွင် ပြောကြားခဲ့သည်။ ရုရှားနိုင်ငံ၏ ဆီးရီးယားနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အလက်ဇန်းဒါး လာ့ဗရန်တီယာ့ဗ်နှင့် တွေ့ဆုံစဉ် ဆီးရီးယားသမ္မတက ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။**


အခြေခံအဆောက်အအုံများ ပြန်လည်ဆောက်လုပ်ခြင်းနှင့် ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ ပြန်လည်တည်ဆောက်ကာ ဆီးရီးယားဒုက္ခသည်များ ပြန်လည် ဝင်ရောက်လာနိုင်ရေးအတွက် အထူးကြိုးပမ်းလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခင် သူပုန်များ ထိန်းချုပ်ထားရာဒေသတွင် ပြန်လည်သင့်မြတ်ရေးလမ်းစဉ်ကိုလည်း လုပ်ဆောင်လျက်ရှိသည်ဟု ၎င်းက ပြောသည်။ ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးအတွက် ဆီးရီးယားနှင့် ရုရှားနိုင်ငံတို့ သုံးရက်ကြာ အစည်းအဝေးပြုလုပ်နေပြီး ရုရှားနိုင်ငံ၏ ဆီးရီးယားနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အလက်ဇန်းဒါး လာ့ဗရန်တီယာ့ဗ်ဒမတ်စကက်မြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးမှာ ဆီးရီးယားအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်ဟုလည်း ဆီးရီးယားသတင်းအချက်အလက် ဝန်ကြီး အိုင်မတ်ဆာရာ့က အစည်းအဝေးတွင် ပြောကြားခဲ့သည်။ **ဆင်ဟွာ**



ဆီးရီယား ဒုက္ခသည်စခန်းတစ်ခုကို တွေ့ရစဉ်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

## အီရတ်နိုင်ငံ၌ စစ်ရေးပါဝင်မှုကို အဆုံးသတ်သွားရန် အမေရိကန် စီစဉ်

**ဝါရှင်တန် ဇူလိုင် ၂၇**

အီရတ်နိုင်ငံတွင် ယခုနှစ်အတွင်း စစ်ရေးနှင့်ပတ်သက်သည့်လှုပ်ရှားမှုများကို အဆုံးသတ်သွားရန် ရည်ရွယ်ထားကြောင်း အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

ဇူလိုင် ၂၇ ရက် အိမ်ဖြူတော်တွင် အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်ခတ်ဟီမီနှင့် တွေ့ဆုံမှု မတိုင်မီ သတင်းထောက်များကို အမေရိကန်သမ္မတက ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် အမေရိကန်၏ အခန်းကဏ္ဍမှာ လေ့ကျင့်ပေးရန်၊ ကူညီရန်နှင့် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို ရင်ဆိုင်တိုက်ခိုက်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်ပင် ဖြစ်သည်။

အမေရိကန်တပ်များသည် ၂၀၀၃ ခုနှစ်မှစတင်ကာ အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ပြီး နောက်အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမား လက်ထက်တွင် ပြန်လည်ဆုတ်ခွာခဲ့ကြသည်။ သို့သော်လည်း ၂၀၁၄ ခုနှစ်တွင် စစ်သွေးကြွများကို နှိမ်နင်းရန် ပြန်လည်ဝင်ရောက်လာခဲ့သည်။ လက်ရှိ အီရတ်နိုင်ငံတွင် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၂၅၀၀ ရှိသည်။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့အင်အား မည်မျှချန်ရစ်ထားခဲ့မည်ကို အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျန်ပစာကီက အတိအကျ ပြောကြားခဲ့ခြင်းမရှိပေ။ လုပ်ငန်းတာဝန်အပေါ်တွင် သာမူတည်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အိုလံပစ်အားကစားပြိုင်ပွဲနှင့် ဆက်စပ်သူ ခုနစ်ဦးတွင် ကိုဗစ်-၁၉ ကူးစက်ခံရ

**တိုကျို ဇူလိုင် ၂၇**

အားကစားသမားများ အပါအဝင် အိုလံပစ်အားကစားပြိုင်ပွဲနှင့် ဆက်စပ်သူ ခုနစ်ဦးတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း ဇူလိုင် ၂၇ ရက်တွင် အတည်ပြုထားသည်။

နိုင်ငံရပ်ခြားမှ လာရောက်ယှဉ်ပြိုင်သူ အားကစားသမားနှစ်ဦးတွင် ကိုဗစ်-၁၉ ကူးစက်ခံရပြီး အိုလံပစ်ကျေးရွာတွင် နေထိုင်သည့် နိုင်ငံရပ်ခြားမှ လာရောက်သူနှစ်ဦးတွင်လည်း ရောဂါစမ်းသပ်တွေ့ရှိရသည်ဟု တိုကျိုအိုလံပစ်ကော်မတီက ပြောသည်။

နောက်ထပ်ကူးစက်ခံရသူ သုံးဦးမှာ အားကစားအဖွဲ့ဝန်ထမ်းများဖြစ်သော်လည်း အိုလံပစ်ကျေးရွာအပြင်ဘက်တွင် နေထိုင်ကြသူများဟု သိရသည်။

ထို့ကြောင့် ဇူလိုင် ၁ ရက်နေ့ အိုလံပစ်ကော်မတီမှ ရောဂါကူးစက်မှုများကို စတင်ကြေညာသည့်အချိန်မှ စတင်ကာ အိုလံပစ်ပွဲနှင့် ဆက်စပ်ပြီး ကိုဗစ်-၁၉ ကူးစက်မှုရှိသူ ၁၅၅ ဦး ဖြစ်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**



တိုကျိုအိုလံပစ်ကျေးရွာအနီးတွင် စက်ဘီးစီးနေသူတစ်ဦးကို တွေ့ရစဉ်။

## အာဖဂန်တွင် အရပ်သားများ သေဆုံးမှုများပြားနေခြင်းအတွက် ကုလစိုးရိမ်

**ဂျီနီဗာ ဇူလိုင် ၂၇**

တာလီဘန်တို့နှင့် အာဖဂန်နစ္စတန်အစိုးရ လုံခြုံရေးတပ်များအကြား တိုက်ပွဲများ အရှိန်မြင့်တက်လာသည့်အတွက် အရပ်သားများ သေကျေပျက်စီးမှု များလာသည့်အပေါ် ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်ဟု သိရသည်။

ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း အရပ်သား သေကျေပျက်စီးမှု ၅၁၈၃ ဦးရှိသည်ဟု ကုလသမဂ္ဂ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့က ဇူလိုင် ၂၆ ရက်တွင် အစီရင်ခံစာတင်ခဲ့သည်။

ယင်းအရေအတွက်မှာ လွန်ခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၄၇ ရာခိုင်နှုန်း တိုးသွားပြီး ၂၀၀၉ ခုနှစ် နောက်ပိုင်း သေဆုံးမှုအများဆုံးလည်းဖြစ်သည်။ ကလေးငယ်သေဆုံးမှု ၁၆၈၂ ဦးရှိပြီး သေဆုံးမှုစုစုပေါင်း၏ ၃၂ ရာခိုင်နှုန်းရှိသည်။

မေလအတွင်း မြို့တော်ကဘူးလ်ရှိ စာသင်ကျောင်းအနီးတွင် ပေါက်ကွဲမှုကြောင့် ၈၅ ဦး သေဆုံးခဲ့ရပြီး သေဆုံးသူများထဲတွင် အထက်တန်းကျောင်းသားများလည်း ပါဝင်သည်။

တိုက်ပွဲများနှင့် ပဋိပက္ခများကြောင့် အရပ်သားများ သေကျေပျက်စီးရမှုကို တာလီဘန်နှင့် အာဖဂန်အစိုးရ နှစ်ဖက်စလုံးမှ သတိထားကြရန် တောင်းဆိုကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံး အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒက်ဗိုရာလိုင်းယွန်းက ပြောသည်။

အမေရိကန်တပ်များ အာဖဂန်နစ္စတန်မြေပေါ်မှ မဆုတ်ခွာမီ တာလီဘန်များဘက်မှ ထိုးစစ်ဆင်မှုများကို တစ်ရှိန်ထိုးပြုလုပ်နေသည့်အတွက် အာဖဂန်နစ္စတန်၏ အခြေအနေများမှာ ဆိုးရွားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၂၆၂ ဦးတွေ့ရှိ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၇**

ပါကစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့် ၂၄နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၂၆၂ ဦးရှိသည်ဟု အမျိုးသားကွပ်ကဲရေးနှင့် စီမံခန့်ခွဲရေးစင်တာက ဇူလိုင် ၂၇ ရက်တွင် ပြောသည်။

တိုင်းပြည်အတွင်း စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၁၀၁၁၇၀၈ ဦးထိ ရှိသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၃၉ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၂၃၀၈၇ ဦး ရှိသည်။

စိုးရိမ်ရသည့် အခြေအနေရှိသည့် လူနာဦးရေမှာ ၂၇၂၂ ဦးရှိသည်။ တောင်ပိုင်းဆင်းဒ်ပြည်နယ်တွင် ကူးစက်မှုအများဆုံးဖြစ်နေသည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် ဇူလိုင် ၂၆ ရက်မှစတင်ကာ ကိုဗစ်-၁၉ စည်းကမ်းချက်များကို ပြန်လည်ချမှတ်ခဲ့သည်။ **ဆင်ဟွာ**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရှမ်းပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့် စောင့်ကြည့်ရမည့်သူ အမျိုးသား ၈၆ ဦးနှင့် အမျိုးသမီး ၅၈ ဦး စုစုပေါင်း ၁၄၄ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိ မြို့နယ်ရှိ နယ်မြေခံတပ်၌ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၈ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၈၁ ဦးနှင့် အမျိုးသမီး ၁၇၀ စုစုပေါင်း ၃၅၁ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၅၃ ဦး နှင့် အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၇၇ ဦးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ နယ်မြေခံသင်တန်းကျောင်းနှင့် တပ်နယ်အားကစားခန်းမတို့၌ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၉ ဦးကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇူလိုင် ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉၆၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃၃၈ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၇၈၄၅ ဦးရှိ

### (၂၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၆-၇-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၇-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်းဓာတ်ခွဲနမူနာ စုစုပေါင်း(၁၃,၆၅၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄,၉၆၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၀၂,၆၈၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၇၉,၁၁၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၄,၆၈၁)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၁၉၄,၄၁၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၃၈) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၇,၈၄၅) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
### (၂၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၃၇) ခု | (၂၅၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၄) ခု | (၄၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၀) ခု | (၁၈၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၃၄) ခု | (၆၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၂) ခု | (၉၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၇၅) ခု | (၁,၀၈၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၃၂၅) ခု | (၃,၂၄၂) ဦး |
| စုစုပေါင်း | (၁၃,၆၅၇) ခု | (၄,၉၆၄) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း တို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၇-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၂၈၇၂၆၉ | ၂၉၅၄၈၄၆၈ | ၆၂၇၀၃၉ |
| ၂။ | အိန္ဒိယ | ၃၁၄၄၀၉၅၁ | ၃၀၆၂၁၄၆၉ | ၄၂၁၄၁၄ |
| ၃။ | ဘရာဇီး | ၁၉၇၀၇၆၆၂ | ၁၈၃၉၈၅၆၇ | ၅၅၀၅၈၆ |
| ၄။ | ရုရှား | ၆၁၇၂၈၁၂ | ၅၅၂၆၉၅၀ | ၁၅၅၃၈၀ |
| ၅။ | ပြင်သစ် | ၅၉၉၉၂၄၄ | ၅၆၈၂၉၉၈ | ၁၁၁၆၆၇ |
| ၆။ | ဗြိတိန် | ၅၇၂၂၉၈ | ၄၄၅၉၂၃၁ | ၁၂၉၁၇၂ |
| ၇။ | တူရကီ | ၅၆၁၈၄၁၇ | ၅၄၂၆၇၃၃ | ၅၀၉၉၇ |
| ၈။ | အာဂျင်တီးနား | ၄၈၅၉၁၇၀ | ၄၅၀၈၁၃၇ | ၁၀၄၁၀၅ |
| ၉။ | ကိုလံဘီယာ | ၄၇၃၆၃၄၉ | ၄၅၀၅၁၁၂ | ၁၁၉၁၈၂ |
| ၁၀။ | စပိန် | ၄၃၄၂၀၅၄ | ၃၆၉၆၂၇၁ | ၈၁၂၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၇ - ၇ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၂၃၉၉၃၆ | ၂၅၉၆၈၂၀ | ၈၆၈၃၅ |
| ဖိလစ်ပိုင် | ၁၅၆၂၄၂၀ | ၁၄၇၈၆၂၅ | ၂၇၃၁၈ |
| မလေးရှား | ၁၀၄၄၀၇၁ | ၈၆၅၄၃၉ | ၈၄၀၈ |
| ထိုင်း | ၅၂၆၈၂၈ | ၃၅၀၆၄၃ | ၄၂၆၄ |
| မြန်မာ | ၂၇၉၁၁၉ | ၁၉၄၄၁၀ | ၇၈၄၅ |
| ဗီယက်နမ် | ၁၀၉၁၁၁ | ၂၁၃၄၄ | ၅၂၄ |
| ကမ္ဘောဒီးယား | ၇၄၃၈၆ | ၆၆၇၂၅ | ၁၃၂၄ |
| စင်ကာပူ | ၆၄၄၅၃ | ၆၂၆၁၇ | ၃၇ |
| လာအို | ၅၁၅၄ | ၂၁၇၄ | ၅ |
| ဘရူနိုင်း | ၃၃၃ | ၂၇၀ | ၃ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက်
တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ကာကွယ်ဆေးက ထိရောက်ပါတယ်။ အစွမ်းထက်ပါတယ်။ ကာကွယ်ဆေးကို မြန်မြန်ဆန်ဆန် လူများများနဲ့ အရှိန်အဟုန်မြှင့်မြှင့် ထိုးနှံလိုက်မယ်ဆိုရင် ကိုယ်ခံအားတွေ တက်လာမယ်။ ကိုယ်ခံအားတွေ တက်လာရင် ရောဂါပိုးကြောင့် ထိခိုက်မှုကနေ ကာကွယ်နိုင်ပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇူလိုင် ၂၆ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။ ။** နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီနေ့မှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုအုပ်စုတွေကို ဦးစားပေးထိုးနှံပေးသွားမယ်ဆိုတာ သိပါရစေ။

**ဒေါက်တာခင်ခင်ကြီး ။ ။** အခုဆိုရင် ကာကွယ်ဆေးတွေက မြန်မာနိုင်ငံကို အလုံးအရင်းနဲ့ ရောက်ရှိလာပြီဖြစ်ပါတယ်။ ကာကွယ်ဆေးရောက်ရှိမှုအနေနဲ့ ဇူလိုင်လ ၂၂၊ ၂၃၊ ၂၄ ဒီသုံးရက်မှာတင် ကာကွယ်ဆေးစုစုပေါင်း ၃ သန်း ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီနေရာမှာ Sinopharm ကာကွယ်ဆေးက ၂ သန်းနဲ့ ကျွန်မတို့ ဝယ်ယူထားတဲ့ Sinovac ကာကွယ်ဆေး တစ်သန်း ပါဝင်ပါတယ်။

ဒ့ါအပြင် ဩဂုတ်လ ပထမအပတ်တွင်းမှာလည်း ကာကွယ်ဆေးတစ်သန်း အပါအဝင် ကာကွယ်ဆေး ၆ သန်းက ဩဂုတ်လထဲမှာ ရောက်ရှိမှာဖြစ်ပါတယ်။ ဒီလိုရောက်ရှိတဲ့အခါမှာ ကာကွယ်ဆေးတွေကို ပြည်သူလူထုအား အလျင်အမြန်ထိုးနှံပေးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဘယ်လိုလူတွေကို ဦးစားပေးထိုးနှံပေးမလဲဆိုရင် ကာကွယ်ဆေးထိုးနှံပေးမယ့် အုပ်စု ၁၃ အုပ်စု သတ်မှတ်ထားပါတယ်။

**အဓိက ဦးတည်အုပ်စုတွေက အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုတွေ ပါဝင်ပါတယ်။ သူတို့က အသက်ကြီးတဲ့အပြင် နောက်ခံရောဂါကလည်း အများစုမှာရှိနေကြတာ ဖြစ်ပါတယ်။ အသက်အရွယ်ကြီးတဲ့အတွက် ကိုဗစ် – ၁၉ ဖြစ်ပွားမှုမှာ အန္တရာယ်ရှိတဲ့ လက္ခဏာတစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင် အသက်ကြီးတာနဲ့အတူ နောက်ဆက်တွဲရောဂါတွေကလည်း ရှိနေနိုင်ပြီး အသက်အန္တရာယ်ရှိနိုင်တဲ့အတွက် သူတို့က ဦးစားပေးအုပ်စုတွေရဲ့ ထိပ်ဆုံးမှာ ပါဝင်ပါတယ်။ အသက် ၆၅ နှစ်အထက် ကို ဦးစားပေးထိုးနှံပေးမှာ ဖြစ်ပါတယ်။**

ဒ့ါအပြင် ကျန်းမာရေးဝန်ထမ်းတွေနဲ့ အခြားဝန်ထမ်းတွေက နောက်ထပ်ဦးစားပေးဖြစ်ပါတယ်။ နောက်ထပ်က ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့အတူ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းမှာ အင်တိုက်အားတိုက် အတူလက်တွဲလုပ်ကိုင်နေပြီး ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနိုင်တဲ့ ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဘက် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။

နောက် စေတနာ့ဝန်ထမ်းတွေ ဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းတွေဆိုတာ ကျွန်မလေးစားရတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပါဝင်ပါတယ်။ သူတို့သည် ဘာမှ အကျိုးအမြတ်ကို ရယူလိုစိတ်၊ မျှော်ကိုးလိုစိတ်မရှိဘဲနဲ့ တကယ့်ကို ပြည်သူတွေအတွက် ပေးဆပ်ချင်တဲ့စိတ်နဲ့ ကြိုးစားပမ်းစား နေရာဒေသ နယ်ပယ်တိုင်းမှာ လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ကွာရန်တင်းစင်တာမှာဖြစ်ဖြစ်၊ လူနာတွေပို့ဆောင်ရာမှာဖြစ်ဖြစ်၊ သေဆုံးတဲ့လူနာတွေကို ပို့ဆောင်တဲ့ကိစ္စမှာဖြစ်ဖြစ်၊ ကာကွယ်ဆေးထိုးလုပ်ငန်းမှာဖြစ်ဖြစ် စေတနာ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍက အများကြီးပါဝင်ပါတယ်။ ဒီစေတနာ့ဝန်ထမ်းတွေက ဦးစားပေးအုပ်စုထဲမှာ ပါဝင်ပါတယ်။ အထူးလေးစားရတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။

နောက်တစ်ခုက ရဟန်းသံဃာတွေ၊ သီလရှင်တွေနဲ့ ဘာသာရေးအဖွဲ့အစည်းတွေ ပါဝင်ပါတယ်။ နောက် လူအိုရုံတွေ ပါပါတယ်။



ဘဏ်လုပ်ငန်းတွေ ပါပါတယ်။ ပြီးရင် ပို့ဆောင်ဆက်သွယ်ရေး ကိစ္စရပ်တွေမှာ ဆောင်ရွက်နေတဲ့သူတွေ အကုန်လုံးပါဝင်ပါတယ်။ ဒီနေရာမှာ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနဲ့ဆိုင်တဲ့ လုပ်ငန်းတွေအကုန်လုံး အကျုံးဝင်ပါတယ်။ နောက်တစ်ခုက နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံတွေမှာ လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်ပါတယ်။ ဟိုတယ်အပါအဝင် တည်းခိုခန်းတွေမှာ တာဝန်ထမ်းနေသူတွေ ပါဝင်ပါတယ်။ နောက်တစ်ခုက အကျဉ်းထောင်တွေ၊ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ စတဲ့ အသေးစားလုပ်ငန်းတွေက ဝန်ထမ်းတွေ ပါဝင်ပါတယ်။ လောလောဆယ် ရည်မှန်းထားတဲ့အုပ်စုတွေက ဒီအုပ်စုတွေဖြစ်ပါတယ်။

အခုလက်ရှိမှာ ကာကွယ်ဆေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကနေ လှူဒါန်းတဲ့ Sinopharm ကာကွယ်ဆေး ၂ သန်း ရောက်ရှိနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဝယ်ယူထားတဲ့ Sinovac ကာကွယ်ဆေး ၂ သန်းအနက် တစ်သန်းရောက်ရှိပြီးဖြစ်ပါတယ်။ ဒီရောက်ရှိနေတဲ့ ကာကွယ်ဆေး ၃ သန်းကို လူဦးရေ ၃ သန်းကို ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ဒါဆိုရင် ကာကွယ်ဆေးက နှစ်ကြိမ်ထိုးနှံရတာဖြစ်တဲ့အတွက်ကြောင့် လူဦးရေ တစ်သန်းခွဲကိုသာ ထိုးနှံပေးမှာ မဟုတ်ဘူးလားလို့ မေးလို့ရပါတယ်။ ဒီရောက်ရှိလာတဲ့ ကာကွယ်ဆေး ၃ သန်းလုံးကို ပထမအကြိမ် ထိုးနှံပေးမယ့် လူဦးရေ ၃ သန်းလုံးကို ထိုးနှံပေးလိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် ဆေးထိုးပေးမယ့် လူဦးရေ ၃ သန်းလို့ ပြောရခြင်းဖြစ်ပါတယ်။ နောက်ထပ် ဆက်တိုက်ရောက်ရှိလာမယ့် ကာကွယ်ဆေးတွေနဲ့ ဒုတိယအကြိမ် ထိုးနှံပေးမှာ ဖြစ်ပါတယ်။

ဒါဆိုရင် လက်ရှိဦးစားပေးမှာ အသက် ၆၅ နှစ်အထက်တွေ ပါနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အသက် ၆၅ နှစ်အထက်က လူဦးရေအနေနဲ့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ၂ ဒသမ ၈ သန်းရှိပါတယ်။ ဒီ ၂ ဒသမ ၈ သန်းထဲမှာ လူဦးရေ ၈ သိန်းက ပထမအကြိမ် Covishield ကာကွယ်ဆေးထိုးနှံပေးစဉ်မှာ ပါဝင်တယ်လို့ ကျွန်မတို့ တွက်ချက်ထားပါတယ်။ ဒါကြောင့် အခုထိုးပေးမယ့် ကာကွယ်ဆေး ၃ သန်းမှာ အသက် ၆၅ နှစ်အထက် လူဦးရေ နှစ်သန်း ပါဝင်တယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ သူတို့တွေက ဦးစားပေးအုပ်စုရဲ့ ထိပ်ဆုံးကနေ ထိုးနှံပေးမှာဖြစ်ပါတယ်။

ဒီလို အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုတွေကို ထိုးပေးရတဲ့ နောက်ထပ် ရည်ရွယ်ချက်ရှိပါတယ်။ သူတို့တွေမှာ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ် စသဖြင့် ဒီလိုရောဂါအခံတွေရှိတဲ့အတွက် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားရင် ရောဂါကူးစက်မှုကလည်း ပြင်းထန်တယ်၊ ရောဂါဝေဒနာကို ဆိုးဆိုး ရွားရွားခံစားရတဲ့အပြင် ဆေးရုံတက်ရောက်ရတာများတယ်။ ဒ့ါအပြင် ICU လို့ခေါ်တဲ့ အထူးကြပ်မတ်ကုသပေးရတဲ့ အဆင့်အထိရောက်တာများတဲ့အပြင် သေဆုံးနိုင်ခြေကလည်း များတဲ့အတွက် သူတို့ကို ဦးစားပေးထိုးနှံပေးရခြင်း ဖြစ်ပါတယ်။ ဒါကို တစ်နိုင်ငံလုံးရောက်အောင် ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

ဒီလို တစ်နိုင်ငံလုံးအရောက် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုတွေကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နဲ့ ရပ်ကွက်အလိုက် ဖွဲ့စည်းထားတဲ့ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးအဖွဲ့တွေမှာ စာရင်းကောက်ယူပြီးသားရှိပါတယ်။ ဒီစာရင်းအတိုင်း သက်ဆိုင်ရာဆေးရုံတွေမှာ၊ ကာကွယ်ဆေးထိုးစုရပ်တွေမှာ တစ်နေ့ကို ကာကွယ်ဆေး ဘယ်နှယောက်ထိုးနှံပေးမယ်ဆိုတာက ဒီဆေးထိုးစုရပ်အလိုက် ထိုးနှံပေးမယ့်အရေအတွက်အပေါ် မူတည်ပါတယ်။

ဒီဆေးထိုးစုရပ်တွေမှာ လူစုလူဝေးမဖြစ်ဖို့အတွက် ဂရုတစိုက်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ယခုလိုကာလမှာ သက်ကြီးရွယ်အိုတွေကို ကာကွယ်ဆေးထိုးနှံပေးချင်ကြတာက သားသမီးတွေနဲ့ မိသားစုတွေရဲ့ ဆန္ဒဖြစ်ပါတယ်။ ဒီဆန္ဒအတိုင်း တစ်ဦးတစ်ယောက်မှ မကျန်ရှိအောင် ကျွန်မတို့မှာ ဒေတာတွေ စနစ်တကျရှိပြီးဖြစ်တဲ့အတွက် စိတ်မပူပါနဲ့၊ သက်ဆိုင်ရာကာကွယ်ဆေးထိုးစုရပ်တွေမှာ ကာကွယ်ဆေး ထိုးနှံရမယ့်အချိန်ကို အချိန်မီအကြောင်းကြားပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အသက် ၆၅ နှစ်အထက် ပိုးတွေ့လူနာတွေ၊ ဆေးရုံတက်ရောက်ရတဲ့သူတွေ ရှိပါတယ်။ သူတို့တွေကို အလျင်စလို ကာကွယ်ဆေး ထိုးပေးစရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ ကိုယ်ခံအားက ရှိပြီးသားဖြစ်နေတဲ့ အတွက်ကြောင့်ပါ။ ဒီကိုယ်ခံအားကလည်း အနည်းဆုံး ၆ လအထိ နောက်ထပ်ရောဂါပိုးဝင်ရောက်လို့ ပြင်းပြင်းထန်ထန် ခံစားရမှုမရှိအောင် ကာကွယ်နိုင်ပါတယ်။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ ကာကွယ်ဆေး အကန့်အသတ်ရှိတဲ့အခါမှာ ကိုဗစ်ရောဂါပိုး တွေ့ပြီးသားသူတွေက အသက် ၆၅ နှစ်အထက်သာမက မည်သည့်ပိုးတွေ့လူနာမဆို (၆) လလောက်အထိ ကာကွယ်နိုင်မှုရတယ်၊ ဒါကြောင့် (၆) လ ပြည့်ခါနီးမှ ထိုးပေးရင်ရတယ်လို့ ပြောကြားထားပေမယ့် ကျွန်မတို့က ဒီထက်စောပြီး ကာကွယ်ဆေး ထိုးနှံပေးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒါကို နီးကပ်လာရင် ဒီထက် တိတိကျကျ ကျွန်မပြောကြားပေးသွားမှာ ဖြစ်ပါတယ်။

**ဘာဖြစ်လို့ ဒီလိုကာကွယ်ဆေးကို စောစောထိုးနှံပေးရသလဲဆိုရင် Recent Round ကူးစက်မှုရှိနေတဲ့ နိုင်ငံတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံမှုကို ဒီထက်စောစော ထိုးပေးသင့်တယ်လို့ အကြောင်းအချက်တစ်ခုအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားတာ ရှိပါတယ်။ ဒါကြောင့် စောစော ကာကွယ်ဆေးထိုးနှံပေးမှာ ဖြစ်ပါတယ်။**

နောက်တစ်ခုက ကုသမှုခံယူခဲ့သူတွေမှာ တချို့တွေက ပြန်ကောင်းလူနာတွေရဲ့ သွေးရည်ကြည်နဲ့ ကုသမှုခံယူခဲ့ရသူတွေ ပါပါတယ်။ တချို့ တွေက Monoclonal Antibody နဲ့ ကုသမှုခံယူခဲ့တာရှိပါတယ်။ ဒီလိုကုသမှုခံယူခဲ့သူတွေကို ရက် ၉၀ အကြာမှာ ကာကွယ်ဆေးထိုးနှံပေးရမယ်လို့ ပြောထားပါတယ်။ ဒါက ဘာလဲဆိုရင် ကာကွယ်ဆေးထိုးလိုက်တယ်၊ ကာကွယ်ဆေးကြောင့် ကိုယ်ခံအားတွေက တက်လာမယ်၊ ပဋိပစ္စည်းတွေ ထုတ်လုပ်မယ်၊ ဆောင်ရွက်မယ် ဒီအခါမှာ ခန္ဓာကိုယ်ထဲကို အရင်ရောက်နေတဲ့ ပြန်ကောင်းလူနာရဲ့ သွေးရည်ကြည်တွေနဲ့ မလိုလားအပ်တဲ့ ရှုပ်ထွေးမှုတွေ မဖြစ်ပေါ်စေချင်လို့ဖြစ်ပါတယ်။ ဒါကို ပြည်သူတွေနဲ့ ဆေးထိုးရမယ့်သူတွေ သိပြီလို့ ထင်ပါတယ်။

တချို့တွေက အမေ့မှာ သွေးတိုးရှိတယ်၊ ဆီးချိုရှိတယ်၊ နှလုံးရောဂါ ရှိတယ်၊ ကျောက်ကပ်ရှိတယ်၊ ကင်ဆာဝေဒနာရှိတယ် ဒါကြောင့် ကာကွယ်ဆေးထိုးလို့ ဖြစ်မလားဆိုပြီး စိုးရိမ်ကြပါတယ်။ သူတို့တွေက ကာကွယ်ဆေးထိုးနှံဖို့ အသင့်ဆုံးအုပ်စုတွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။** ကာကွယ်ဆေးနဲ့ပတ်သက်ပြီးအခြားသိထားသင့်တဲ့ အကြောင်းအရာတွေကို ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး ။ ။** ကာကွယ်ဆေးတွေက ကာကွယ်နိုင်မှု အာနိသင်ကောင်းမွန်ပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံကထုတ်တဲ့ Sinopharm နဲ့ Sinovac ကာကွယ်ဆေးနှစ်ခု စလုံးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ အရေးပေါ်အသုံးပြုခွင့်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပေးထားတဲ့ ကာကွယ်ဆေး ၁၀ မျိုးထဲမှာ ပါဝင်ပါတယ်။ နောက်ထပ် mRNA ကာကွယ်ဆေး Pfizer နဲ့ Moderna နှစ်မျိုး၊ တစ်ခါထိုးရုံနဲ့ လုံလောက် တယ်ဆိုတဲ့ johnson and Johnson ၊ Sinopharm နဲ့ Sinovac အဲဒီအပြင် AstraZeneca ကို covishield နာမည်နဲ့ ထုတ်တဲ့ အိန္ဒိယနဲ့ မူရင်း AstraZeneca Oxford ကထုတ်တာနဲ့၊ AstraZeneca တောင်ကိုရီးယားဆိုပြီး အရင်က ၈ မျိုးဖြစ်ပါတယ်။

အခုနောက်ထပ်တိုးတဲ့ နှစ်မျိုးက ဂျပန်နိုင်ငံကထုတ်တဲ့ Astra Zeneca နဲ့ ဩစတြေးလျကထုတ်တဲ့ AstraZeneca ဒါဆိုရင် Astra Zeneca အုပ်စုက ၅ မျိုးဖြစ်သွားပါပြီ။ ကာကွယ်ဆေး ၁၀ မျိုးထဲမှာ Sinopharm နဲ့ Sinovac နှစ်မျိုးစလုံးက အကျုံးဝင်ပါတယ်။ WHO က အသုံးပြုခွင့်ပေးတယ်ဆိုတဲ့ ကာကွယ်ဆေးတွေရဲ့ စိတ်ချရမှု၊ ဘေးကင်းလုံခြုံမှု၊ ထိရောက်မှုက မေးခွန်းထုတ်စရာမလိုပါဘူး။ သို့သော် ကာကွယ်ဆေးတွေ မှန်သမျှသည် အချိန်တိုအတွင်းမှာ ထိုးရတဲ့ ကာကွယ်ဆေးတွေ ဖြစ်ပါတယ်။ သုတေသနပြုမှုတွေက အမြန်လုပ်ရ တာတွေ ရှိပါတယ်။ သုတေသနပြုမှု တစ်ခုနဲ့တစ်ခုအပေါ် မူတည်ပြီး အနည်းငယ် ကွဲပြားခြားနားတာရှိပေမယ့် Sinopharm ရော၊ Sinovac ရော ကာကွယ်ဆေးရဲ့ ထိရောက်မှုက ကောင်းမွန်တယ် ဆိုတာ WHO က Chief Scientist ကလည်း ပြောကြားထားပြီး ဖြစ်ပါတယ်။

**ပြင်းထန်နာမကျန်းဖြစ်မှု၊ ဆေးရုံတက်ရောက်ရမှုတွေကနေ နှစ်ခုစလုံးက ကာကွယ်တယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါ့အပြင် လက်ရှိ WHO အသိအမှတ်ပြုတဲ့ ကာကွယ်ဆေးတွေအားလုံးသည် ဗီဇပြောင်းမျိုးတွေကိုလည်း ၆၀ နဲ့ ၇၀ ရာခိုင်နှုန်းအထက် ကာကွယ်တယ်လို့ ပြောထားတာဖြစ်တဲ့အတွက် ကျွန်မတို့သည် လက်ရှိ WHO အသိအမှတ်ပြုတဲ့ ကာကွယ်ဆေးတွေကို ရရှိလာပြီ၊ ဒီရောဂါကို ကာကွယ်နိုင်တဲ့ ဒိုင်းနဲ့တူတဲ့ ကာကွယ်ဆေးတွေလည်းရရှိလာပြီဆိုတော့ ကာကွယ်ဆေးထိုးဖို့ တာဝန်က ပြည်သူတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်ဆိုတာ ပြောလိုပါတယ်။**

ဒီနေရာမှာ အများစုက မေးကြတာရှိပါတယ်။ ဒီကာကွယ်ဆေးတွေဟာ ကိုယ်ဝန်ဆောင်တွေ ထိုးလို့ရသလား၊ နို့တိုက်မိခင်တွေ ထိုးလို့ရသလား၊ ကိုယ်ဝန်ယူဖို့ ပြင်ဆင်နေတဲ့သူတွေရော ထိုးလို့ရသလား၊ HIV/ AIDS ၊ ကင်ဆာရောဂါ ခံစားနေရတဲ့သူတွေရော ထိုးလို့ရသလား စသဖြင့် မေးလာကြပါတယ်။ ဘေးကင်းလုံခြုံစွာထိုးနှံလို့ ရ/မရ သိချင်ကြတဲ့ အရေးကြီးတဲ့အချက်တွေ ဖြစ်ပါတယ်။

အစပိုင်းကာလမှာ ကာကွယ်ဆေးတွေကို စမ်းသပ်တဲ့အခါ ကိုယ်ဝန်ဆောင်တွေ၊ ကလေးငယ်တွေ၊ အသက်အရွယ်ကြီးရင့်တဲ့သူတွေ Clinical Trial လို့ခေါ်တဲ့ လူမှာစမ်းသပ်တဲ့ ကိစ္စရပ်တွေမှာ သူတို့ဟာ မပါသလောက်နည်းပါတယ်။ အစပိုင်းကာလ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှာ covishield ဆေးစထိုးပေးတယ်။ ဇန်နဝါရီလ ၂၂ ရက်မှာမှ အသိအမှတ်ပြုတာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကာကွယ်ဆေးတွေရဲ့ ဘေးကင်းလုံခြုံမှု၊ စိတ်ချရမှုက သူတို့တွေမှာ စမ်းသပ်ထားတာနည်းတဲ့အတွက် Risk နဲ့ Benefit ကို ချင့်ချိန်ပြီး ကျန်းမာရေးဝန်ထမ်း၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်တွေ၊ အန္တရာယ်ရှိတဲ့သူတွေကို ထိုးပေးသင့်တယ်လို့ အရင်က ပြောထားတာရှိပါတယ်။

သို့သော်နောက်ပိုင်း သုတေသနတွေ့ရှိချက်တွေအရ ကာကွယ်ဆေးတွေသည် ပိုးတွေကို အင်အားချည့်နဲ့အောင်၊ အင်အားမဲ့အောင် သတ်ထားတဲ့ ကာကွယ်ဆေးတွေဖြစ်တယ်။ အချို့ကာကွယ်ဆေးတွေက အန္တရာယ်မရှိတဲ့ Viral vector လို့ခေါ်တဲ့ ပိုးတွေကိုယူပြီး ကိုယ်ခံအားတွေ တက်အောင်လုပ်ထားတဲ့ ကာကွယ်ဆေးတွေဖြစ်တယ်။ အချို့ကာကွယ်ဆေးတွေက RNA Nucleus ကိုယူပြီး လုပ်ထားတာဖြစ်တယ်။ ကာကွယ်ဆေးတွေအားလုံးသည် Live Virus လို့ခေါ်တဲ့ ပိုးအရှင်ကို သုံးထားခြင်း မရှိပါဘူး။ နို့တိုက်မိခင်တွေ၊ ကိုယ်ဝန်ဆောင်တွေ၊ ကိုယ်ဝန်ယူဖို့ ပြင်ဆင်နေတဲ့သူတွေ စိတ်ချစွာ ထိုးနှံနိုင်ပါတယ်။

လက်ရှိကမ္ဘာကြီးမှာ ရောဂါကူးစက်မှုတွေက ပြင်းထန်ပါတယ်။ ရောဂါကူးစက်မှုတွေ များလာတယ်ဆိုရင် ကိုယ်ဝန်ဆောင်တွေက အသက်နှစ်သက်ဖြစ်တဲ့အတွက် ပိုပြီးအန္တရာယ်ရှိပါတယ်။ ကိုယ်ဝန်ဆောင်မိခင် ကိုဗစ် – ၁၉ ကူးစက်ခံရပြီဆိုရင် သူ့အတွက် အသက်အန္တရာယ်ရှိသလို သူကနေ မွေးလာတဲ့ကလေးမှာ ပေါင်မပြည့် မွေးလာတာ၊ နေ့မစေ့လမစေ့မွေးလာတာ၊ မွေးပြီး အထူးကြပ်မတ်ကုသပြီး အသက်ကယ်ရတဲ့ အဖြစ်မျိုးတွေကလည်း ဆက်စပ်မှုတွေ ရှိပါတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်တွေမှာ အသက် ၃၅ နှစ် အထက် ကိုယ်ဝန်ဆောင်မိခင်တွေ၊ ဝတဲ့သူ၊ နောက်ခံ သွေးတိုး၊ ဆီးချို ရှိတဲ့သူတွေမှာ ဒီအန္တရာယ်က ပိုများပါတယ်။

ဒါကြောင့် WHO က ကိုယ်ဝန်ဆောင်မိခင်တွေ၊ နို့တိုက်မိခင်တွေ၊ ကိုယ်ဝန်ဆောင်ဖို့ ပြင်ဆင်နေသူတွေ ယုတ်စွအဆုံး ရာသီလာနေစဉ်တောင်မှ ဒီကာကွယ်ဆေးတွေကို စိတ်ချလက်ချ ထိုးနှံလို့ရပါတယ်ဆိုပြီး ပြောထားပါတယ်။ ကာကွယ်ဆေးထိုးထားတဲ့အတွက် နို့တိုက်မိခင်တွေက ကာကွယ်ဆေးထိုးပြီးနောက် နို့တိုက်တာကို ရပ်ထားရတာတွေ မလိုပါဘူးဆိုတဲ့အကြောင်းကို တစ်လက်စတည်း ပြောလိုပါတယ်။

နောက်ထပ်မေးခွန်းက အရင်တုန်းက ကာကွယ်ဆေး နှစ်ကြိမ်ထိုးထားတယ်၊ အခု ကာကွယ်ဆေး ထပ်ရောက်လာပြီ။ ထပ်ထိုးဖို့ သင့်သလားဆိုပြီး မေးထားတာရှိပါတယ်။ **လက်ရှိအနေအထားအရ ကာကွယ်ဆေး နှစ်ကြိမ်ထိုးခြင်းသည် လုံလောက်မှုရှိပါတယ်။ ရောဂါပိုးကူးစက်ခံရရင်တောင်မှ သာမန်နဲ့ ဆိုးဆိုးရွားရွား ဝေဒနာခံစားရတာမျိုး မရှိပါဘူး။ ကမ္ဘာမှာ ကာကွယ်ဆေးရရှိမှုနဲ့ ကာကွယ်ဆေးရဲ့ လိုအပ်ချက်က ကွာဟချက်တွေရှိပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ကာကွယ်ဆေးတွေ အများကြီးထိုးနှံနိုင်ပေမယ့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကာကွယ်ဆေးထိုးနှံမှု အားနည်းပါတယ်။**

လက်ရှိအနေအထားအရ ကျွန်မတို့သည် ကာကွယ်ဆေး ၁ ဒသမ ၇ သန်းပဲ ထိုးနှံထားပါတယ်။ ကာကွယ်ဆေးထိုးပေးရမယ့် အသက် ၁၈ နှစ်အထက် ဦးတည်အုပ်စုက ၃၈ ဒသမ ၃ သန်းဆိုတော့ ထိုးနှံတဲ့ ကာကွယ်ဆေးပမာဏက အခုလက်ရှိမှာ ၄ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ အခုကာကွယ်ဆေးတွေလည်း လက်ထဲမှာ ရောက်နေပြီ။ အမြန်ထိုးနှံပေးတော့မယ်။ ဒီတော့ ကာကွယ်ဆေး တစ်ကြိမ်မှ မထိုးရသေးတဲ့သူတွေကို ထိုးနှံဖို့ အခွင့်အရေးပေးစေချင်ပါတယ်။

နှစ်ကြိမ်ထိုးထားတဲ့သူတွေအတွက်က သေချာပါတယ်။ ကာကွယ်ဆေးထိုးထားတဲ့အတွက်ကြောင့် သေဆုံးတဲ့အထိဖြစ်ဖို့၊ ပြင်းထန်ဝေဒနာခံစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီတော့ တတိယအကြိမ် ထိုးဖို့မလိုပါဘူး။ WHO က ကာကွယ်ဆေး တတိယအကြိမ် ထိုးဖို့လိုတယ်ဆိုတာ မပြောသေးပါဘူး။ နှစ်ကြိမ်ထိုးပြီးသားလူတွေက ထိုးလို့မရပါဘူး။ လုံးဝမထိုးရသေးတဲ့လူတွေကို ဦးစားပေးဖို့ လိုပါတယ်။

နောက်တစ်ချက်က ကာကွယ်ဆေးထိုးနှံတဲ့အခါ နောက်ထပ်ဦးစားပေး ထိုးနှံရမယ့်လူတွေက ခုခံအားကျဆင်းနေသူတွေ၊ HIV ပိုးကူးစက်ခံရသူတွေ၊ အခြားရောဂါကြောင့် ကိုယ်ခံအားကျဆင်းတဲ့ဆေးတွေသောက်နေရသူတွေဆိုရင် သက်ဆိုင်ရာဆရာဝန်နဲ့ ဆွေးနွေးမှုတွေလုပ်ပြီး ထိုးနိုင်ပါတယ်။ ကိုယ်ခံအားကျနေတယ်ဆိုရင် ဆရာဝန်နဲ့ ကြိုတင်တိုင်ပင်ပြီး ထိုးနှံသင့်ပါတယ်။

နောက်တစ်ခုက အသည်းအစားထိုးထားသူတွေ၊ ကျောက်ကပ်အစားထိုးထားသူတွေကလည်း ကာကွယ်ဆေးကို ထိုးနှံနိုင်ပါတယ်။ ယခင်က ကာကွယ်ဆေးတစ်ကြိမ်ထိုးထားပြီးတဲ့သူတွေကရော အခု ကာကွယ်ဆေးတွေရလာပြီ၊ ထပ်ထိုးရမလားဆိုရင် အခု လက်ရှိကာကွယ်ဆေးတွေသည် တစ်ခုနဲ့တစ်ခု ပြောင်းလဲပြီး ထိုးဖို့အတွက် WHO က မပြောထားပါဘူး။ အရင်က ကာကွယ်ဆေး covishield ထိုးထားသူဆိုရင် covishield ကို ဒုတိယအကြိမ် ထပ်ထိုးသင့်ပါတယ်။ covishield ထိုးနှံထားတဲ့ အများစုသည် နှစ်ကြိမ်လောက် ပြည့်ပြည့်ဝဝ ထိုးနှံထားပြီး ဖြစ်ပါတယ်။ covishield နည်းနည်းပိုလျှံတဲ့အခါ တစ်ကြိမ်ပဲရရဆိုပြီး ထိုးပေးထားတဲ့သူတွေလည်းရှိပါတယ်။ မကြာမီမှာ အိန္ဒိယကလည်း ဆေးတွေ ထပ်ရလာဖွယ်ရှိပါတယ်။

လက်ရှိပိုးတွေ့မှု အများဆုံးက အိန္ဒိယမဟုတ်ပါဘူး။ အင်ဒိုနီးရှားဖြစ်သွားပါပြီ။ အိန္ဒိယရဲ့ အခြေအနေက ဖြစ်ပွားမှုနဲ့ သေဆုံးမှုကျဆင်းလာတာကို တွေ့ရတဲ့အတွက် သူတို့ဆီက ကာကွယ်ဆေးတွေလည်း ကျွန်မတို့ ဝယ်ထားပြီးသားဖြစ်တဲ့အတွက် ရောက်ရှိလာဖွယ်ရှိပါတယ်။ ဒါဆိုရင် သူတို့ ထိုးနှံနိုင်မှာဖြစ်ပါတယ်။ အချိန်ခြားသွားပြီလို့ ပြောရင်တော့ အိန္ဒိယရဲ့ ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့အဖွဲ့အစည်းက covishield သည် အချိန် ၆ လအထိ ခြားလို့ရပါတယ်လို့ ပြောထားတာ ရှိပါတယ်။

ကျန်းမာရေးဝန်ထမ်းတွေက ကိုဗစ် – ၁၉ လူနာတွေကို အမြဲထိတွေ့ကိုင်တွယ်နေရတော့ သူတို့တွေရဲ့ ဆန္ဒအရ ထိုးမယ်ဆိုရင် အခုရောက်ရှိနေတဲ့ Sinopharm ကို ထိုးပေးတာတွေ့ရှိပါတယ်။ ဒါက ခြွင်းချက်အနေနဲ့ ထိုးပေးတာဖြစ်ပါတယ်။ **Sinopharm နဲ့ Sinovac သည် တကယ် အာနိသင် ကောင်းမွန်တဲ့ ကာကွယ်ဆေးတွေ ဖြစ်ပါတယ်။ ဒီနှစ်ခုစလုံးက WHO ရဲ့ စံသတ်မှတ်ချက်တွေ အကုန်လုံးနဲ့ ကိုက်ညီပြီး သူတို့ရဲ့ သုတေသနပြုချက် အမျိုးမျိုးကနေ တကယ်ထိရောက်တယ်၊ ကောင်းမွန်တယ်ဆိုတာ သက်သေခံနိုင်တဲ့အတွက်ကြောင့် ပြည်တွင်းက ပြည်သူတွေကို ထိုးနှံပေးတာဖြစ်ပါတယ်။ လက်ရှိထိုးနှံခွင့်ရတဲ့ ကာကွယ်ဆေးသည် အကောင်းဆုံးဖြစ်ပါတယ်။ မြန်မြန်ကာကွယ်ဆေးတွေ ထိုးမယ်။ ကာကွယ်မှုတွေ မြန်မြန်ရယူလိုက်ပြီး ဒီရောဂါဆိုးကြီးက ကျွန်မတို့ကို တိုက်ခိုက်ဖျက်ဆီး နှိပ်စက်သေဆုံးတဲ့အထိ ဖြစ်စေခြင်းက ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။** ဒါကို ပြည်သူတွေကို သိစေချင်ပါတယ်။

ကာကွယ်ဆေးက ထိရောက်ပါတယ်။ အစွမ်းထက်ပါတယ်။ ကာကွယ်ဆေးကို မြန်မြန်ဆန်ဆန် လူများများနဲ့ အရှိန်အဟုန်မြှင့်မြှင့် ထိုးနှံလိုက်မယ်ဆိုရင် ကိုယ်ခံအားတွေ တက်လာမယ်။ ကိုယ်ခံအားတွေ တက်လာရင် ရောဂါပိုးကြောင့် ထိခိုက်မှုကနေ ကာကွယ်နိုင်ပါတယ်။ ကာကွယ်ဆေးက နှစ်ကြိမ်ထိုးဖို့ လိုပါတယ်။ နှစ်ကြိမ်ထိုးတဲ့အခါမှသာ သူ့ရဲ့ ကာကွယ်နိုင်မှုက ပြည့်ပြည့်ဝဝရမှာ ဖြစ်ပါတယ်။

ဒီတော့ ကာကွယ်ဆေးကို နှစ်ကြိမ်အပြည့်ထိုးနှံဖို့ကိုလည်း ပြောချင်ပါတယ်။ နောက်တစ်ခုက ကာကွယ်ဆေးထိုးနှံပြီး ရောဂါကူးစက်မှုကို ဖြတ်တောက်ခြင်းကလည်း ကမ္ဘာ့ကပ်ရောဂါကြီးကို ဖြတ်တောက်ဖို့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ အခုကမ္ဘာပေါ်မှာ ဗိုင်းရပ်စ်မျိုးကွဲတွေ အမျိုးမျိုးပေါ်နေပါတယ်။ ကိုဗစ်ဗိုင်းရပ်စ်မျိုးကွဲတွေ မပေါ်ဖို့၊ သူတို့တွေကို ဖြတ်တောက်နိုင်ဖို့ အဓိကလုပ်ဆောင်ရမှာက ကူးစက်မှုကို ဖြတ်တောက်ဖို့ပါ။ ဒီလိုဖြတ်တောက်ရာမှာ ကာကွယ်ဆေးထိုးခြင်းက အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။

ကာကွယ်ဆေးထိုးထားပြီးပြီ၊ အခြားကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာဖို့ မလိုဘူးလားဆိုရင် လိုပါသေးတယ်။ ကာကွယ်ဆေးတွေက ၁၀၀ ရာခိုင်နှုန်း မကာကွယ်ပါဘူး။ ကာကွယ်ဆေးထိုးလိုက်လို့ ၁၀၀ ရာခိုင်နှုန်း ရောဂါမဖြစ်တော့ဘူးလို့ ဆိုလိုခြင်းမဟုတ်ပါဘူး။ ၁၀၀ ထဲ မှာမှ အချို့သောသူတွေဟာ ကိုယ်ခံအားနည်းမယ်၊ ကူးစက်ရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို မလိုက်နာတဲ့သူတွေမှာ ပြန်ကူးစက်နိုင်ပါတယ်။ ကူးစက်ပေမယ့် ဆိုးရွားစွာမဖြစ်ပါဘူး။

ဒါကြောင့် ကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးသူဖြစ်စေ၊ နှစ်ကြိမ်အပြည့်ထိုးပြီးသူဖြစ်စေ ကိုဗစ် – ၁၉ စည်းကမ်းချက်တွေကို သေသေချာချာ လိုက်နာဖို့လိုပါတယ်။ ဘယ်သွားသွား ပါးစပ်နှာခေါင်းစည်း Mask တပ်ဖို့ အရေးကြီးပါတယ်။ ထိရောက်တဲ့ ကာကွယ်နိုင်မှုဖြစ်ပါတယ်။ အလွန်လွယ်ကူပါတယ်။ သို့သော် လူတွေက Mask တပ်ဖို့ မေ့လျော့နေကြတယ်။ တစ်ခါတလေ ပေါ့လျော့နေကြတယ်။ လွယ်လွန်းတော့လည်း တန်ဖိုးမထားသလိုဖြစ်နေတယ်။ တချို့တွေ ကြည့်လိုက်မယ်ဆိုရင် Mask က မေးစေ့မှာရောက်နေတာ၊ နှာခေါင်းဖော်ပြီး တပ်ထားတာ၊ Mask တော့တပ်ထားတယ်၊ တစ်ယောက်နဲ့တစ်ယောက် စကားပြောတဲ့အခါ အားမရဘူးဆိုပြီး ပြောတာမျိုးတွေက ကူးစက်နိုင်ဖို့ အခွင့်အလမ်းများပါတယ်။ မလုပ်သင့်ပါဘူး။

တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေဖို့ကလည်း အရေးကြီးပါတယ်။ ကမ္ဘာပေါ်မှာ ဖြစ်ပွားနေတဲ့ ဒယ်လ်တာဗိုင်းရပ်စ်က ကူးစက်မှုရဲ့ အဓိကလက်သည်ဖြစ်ပါတယ်။ ကူးစက်မှုတွေက မြန်ပါတယ်။ မိမိရဲ့ မိသားစုဝင်အချင်းချင်း၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်း တစ်တိုက်တည်းနေသူအချင်းချင်း တစ်မိုးအောက်မှာနေသူ အချင်းချင်းက ကူးစက်မှုက အလွန်မြန်ပါတယ်။

အရင်တုန်းက တစ်ယောက်က တစ်ယောက်ကို ကူးစက်နိုင်မှုက ၂ ဒသမ ၅ ၊ ၂ ယောက်ခွဲလောက်ပဲ ကူးစက်နိုင်ပေမယ့် ဒယ်လ်တာမျိုးဗီဇက ၅ ယောက်ကနေ ၈ ယောက်အထိ ကူးစက်နိုင်ပါတယ်။ အယ်လ်ဖာနဲ့ နှိုင်းယှဉ်ရင် ၆၀ ရာခိုင်နှုန်း ပိုမြန်ပါတယ်။ ၆၀ ရာခိုင်နှုန်းသည် အဆ ၆၀ မဟုတ်ပါဘူး။ ၁ ဒသမ ၆ ဆ ဖြစ်ပါတယ်။ ဒါကြောင့် ပါးစပ်နှာခေါင်းစည်းတပ်ဖို့လိုပါတယ်။ လူအုပ်စုကို ရှောင်ဖို့လိုပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် အနည်းဆုံး ၆ ပေအကွာနေဖို့လိုပါတယ်။ လက်ကို သန့်ရှင်းစွာထားဖို့လိုပါတယ်။ လေကောင်းလေသန့်ရဖို့လိုပါတယ်။ ပြတင်းပေါက်တွေ ဖွင့်ထားပါ။ လေတွေနဲ့အတူ ရောဂါပိုးတွေ ပါလာမယ်လို့ မတွေးပါနဲ့။ ပြတင်းပေါက်တွေ ဖွင့်ထားမှသာ ရောဂါပိုးတွေ သေမှာ၊ ကိုယ့်ဆီ မကပ်ငြိမှာ ဖြစ်ပါတယ်။

**နောက်တစ်ခု အရေးကြီးတာက ကာကွယ်ဆေးတွေရမယ်ဆိုရင် အလျင်အမြန်ထိုးပေးပါ။ ဒီလို ထိုးပေးခြင်းက မိမိကိုယ်တိုင်အတွက်ရော မိသားစုဝင်တွေအတွက်ပါ အကျုံးဝင်ပြီး ကောင်းကျိုးတွေ ရရှိမှာ ဖြစ်ပါတယ်။** ကာကွယ်ဆေးရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအုပ်စုအလိုက် ထိုးနှံပေးမှာ ဖြစ်တဲ့အတွက် ဆန္ဒမစောပါနဲ့။ ကျွန်မတို့ ပြောထားတဲ့ အုပ်စုတွေထဲမှာ မိသားစုဝင်တွေကလည်း တစ်ခုမဟုတ် တစ်ခုနဲ့ ပါဝင်နေမှာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် နှစ်ကုန်မှာ ကာကွယ်ဆေးရရှိဖို့ အကျုံးဝင်တဲ့ ၁၈ နှစ်အထက် လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကို ထိုးနှံဖို့ အမြန်ဆုံးဆောင်ရွက်နေပါတယ်လို့ ပြောချင်ပါတယ်။ ကာကွယ်ဆေးထိုးခြင်း ဖြင့် ကိုဗစ် – ၁၉ ရောဂါကနေ ကာကွယ်ကြပါစို့လို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ။

# လက်ရှိဆောင်ရွက်နေတာကတော့ မြို့အဝင်ဂိတ်မှာ မြို့တွင်း ဝင်ရောက်လာသူများကို စိစစ်ပြီး ကိုယ်အပူချိန်တိုင်းခြင်း၊ ဖျားနေရင် (သို့မဟုတ်) Stay Home သတ်မှတ်ထားတဲ့မြို့တွေက ပြန်လာသူဆိုရင် RDT Test စစ်ဖို့ သတ်မှတ်ထားတဲ့ Quarantine Center ဖွင့်ထားတဲ့ မြို့နယ်ခန်းမမှာ သွားရောက်စစ်ဆေးရပါမယ်

**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မြတ်မိုးဆန်းအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဇူလိုင် ၂၇ ရက်က တွေ့ဆုံမေးမြန်းထားပါသည်။**


ဒေါက်တာမြတ်မိုးဆန်း
မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး
ကျွန်းလှမြို့

မေး॥ ॥ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို သိချင်ပါတယ်။

ဖြေ॥ ॥ မြို့နယ်မှာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ဖွဲ့စည်းထားပါတယ်။ ဥက္ကဋ္ဌအဖြစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆောင်ရွက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူးအဖြစ်နဲ့ နောက်ဌာနဆိုင်ရာများက အဖွဲ့ဝင်အဖြစ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိဆောင်ရွက်နေတာကတော့ မြို့အဝင်ဂိတ်မှာ မြို့တွင်း ဝင်ရောက်လာသူများကို စိစစ်ပြီး ကိုယ်အပူချိန်တိုင်းခြင်း၊ ဖျားနေရင် (သို့ မဟုတ်) Stay Home သတ်မှတ်ထားတဲ့မြို့တွေက ပြန်လာသူဆိုရင် RDT Test စစ်ဖို့ သတ်မှတ်ထားတဲ့ Quarantine Center ဖွင့်ထားတဲ့ မြို့နယ်ခန်းမမှာ သွားရောက် စစ်ဆေးရပါမယ်။ ပိုးတွေ့ လူနာနဲ့ ထိတွေ့သူများကိုလည်း စစ်ဆေးပေးပါတယ်။ စစ်ဆေးလို့ Negative ဆိုရင် CBFQ ကို Home Quarantine ဝင်ရပြီး ၁၀ ရက် ပြည့်ရင် ဒုတိယအကြိမ် ထပ်မံစစ်ဆေးရပါမယ်။ Positive ဆိုရင်တော့ ကုသရေးစင်တာတွေဖြစ်တဲ့ ဆေးရုံ၊ ပိတောက်မြိုင် မူလွန်ကျောင်းနဲ့ ပျဉ်းမမြိုင်မူလွန်ကျောင်းများမှာ နေထိုင်ပြီး ကုသမှုခံယူရပါမယ်။

နောက် CBFQ ကိုတော့ မြို့နယ်စည်ပင်ခန်းမဖြစ်တဲ့ ရွှေကျွန်းသာခန်းမမှာ ဆောင်ရွက်ထားရှိပါတယ်။ နေအိမ်မှာပဲ Quarantine နေချင်တဲ့သူများကိုလည်း စည်းကမ်းနဲ့အညီ ထားရှိပေးထားပါတယ်။ ပြီးတော့ ကုသရေးစင်တာအနေနဲ့ ဆေးရုံမှာ ခုတင်(၂၀)ဆံ့ Isolation အခန်းတစ်ခုကို ဆေးရုံအပေါ်ထပ်မှာ ထားရှိပေးထားပါတယ်။ နောက် ပိတောက်မြိုင်မူလွန်ကျောင်းနဲ့ ပျဉ်းမမြိုင်မူလွန်ကျောင်း နှစ်ကျောင်းကိုလည်း Positive လူနာများ ထားရှိထားပါတယ်။ သံသယလူနာတွေ၊ ပိုးရှိသူနဲ့ ထိတွေ့မိသူတွေ၊ Stay Home သတ်မှတ်ထားတဲ့ မြို့က ပြန်လာသူတွေကို နေ့စဉ် RDTနဲ့ စစ်ဆေးပေးလျက်ရှိပါတယ်။

နောက် လူထုကို အသံချဲ့စက်နဲ့ နှိုးဆော်အသိပေးတာကိုလည်း မြို့နယ်မီးသတ်တပ်ဖွဲ့နဲ့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေက ဆောင်ရွက်ပေးနေပါတယ်။ အခါအားလျော်စွာ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီး Mask Campaign ဆောင်ရွက်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့နဲ့ ပူးပေါင်းပြီး ဈေးတွေမှာ Mask တပ်ဖို့ အသိပေးနှိုးဆော်ခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

**● ပိုးတွေ့လူနာများကို ရောဂါပြင်းထန်မှုအခြေအနေအပေါ်မူတည်ပြီး သတ်မှတ်နေရာကို ပို့ဆောင်ပေးပါတယ်။ ရောဂါအသင့်အတင့်နဲ့ ပြင်းထန်သူများကို ဆေးရုံမှာ ထားရှိပေးပါတယ်။ ရောဂါလက္ခဏာ မပြသူ၊ ရောဂါပြင်းထန်မှုမရှိသူတွေကိုတော့ ပိတောက်မြိုင် မူလွန်ကျောင်းနဲ့ ပျဉ်းမမြိုင်မူလွန်ကျောင်းတို့မှာ ထားရှိပေးထားပါတယ်**

မေး॥ ॥ လက်ရှိ ပိုးတွေ့လူနာအခြေအနေနဲ့ ပြန်လည်ကျန်းမာလာမှု အခြေအနေကို သိပါရစေ။

ဖြေ॥ ॥ အခု ကိုဗစ် တတိယလှိုင်းမှာ ကျွန်တော်တို့ ကျွန်းလှမှာ ၂၇-၆-၂၀၂၁ ရက်နေ့က ပိုးတွေ့ လူနာတစ်ဦး စတွေ့ပါတယ်။ ယနေ့အချိန်အထိ ပိုးတွေ့လူနာ ၂၇၉ ဦးရှိပြီး ပြန်လည်ကောင်းမွန်လို့ ကုသရေးစင်တာကနေ ပြန်ခွင့်ရရှိသူ ၈၂ ဦး ရှိပါတယ်။ လွှဲပြောင်းတစ်ဦးနဲ့ သေဆုံးသူ ငါးဦး ရှိပါတယ်။

မေး॥ ॥ ပိုးတွေ့လူနာတွေကို ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်း သိချင်ပါတယ်။

ဖြေ॥ ॥ ပိုးတွေ့လူနာများကို ရောဂါပြင်းထန်မှု အခြေအနေအပေါ်မူတည်ပြီး သတ်မှတ်နေရာကို ပို့ဆောင်ပေးပါတယ်။ ရောဂါအသင့်အတင့်နဲ့ ပြင်းထန်သူများကို ဆေးရုံမှာ ထားရှိပေး ပါတယ်။ ရောဂါလက္ခဏာ မပြသူ၊ ရောဂါပြင်းထန်မှု မရှိသူတွေကိုတော့ ပိတောက်မြိုင် မူလွန်ကျောင်းနဲ့ ပျဉ်းမမြိုင်မူလွန်ကျောင်းတို့မှာ ထားရှိပေးထားပါတယ်။ လူနာများ ပို့ဆောင်ပေးဖို့အတွက် မြို့ပေါ်မှာရှိတဲ့ လူမှုကူညီရေးအသင်းတစ်ခုဖြစ်တဲ့ သဗ္ဗသုခအသင်းနဲ့ ချိတ်ဆက် ဆောင်ရွက်ပါတယ်။

မေး॥ ॥ လူနာတွေအတွက် အောက်ဆီဂျင်လိုအပ်မှုကို ဘယ်လို စီစဉ်ဆောင်ရွက်ထားရှိပါသလဲ။

ဖြေ॥ ॥ ကျွန်တော်တို့ဆေးရုံမှာ အောက်ဆီဂျင်ဖြည့်ဖို့ Oxygen Plant မရှိပါဘူး။ အောက်ဆီဂျင်ဖြည့်ဖို့ လူမှုကူညီရေးအသင်းတစ်ခုဖြစ်တဲ့ သဗ္ဗသုခအသင်းက ဆေးရုံက အောက်ဆီဂျင်အိုးတွေကို အရင်ကတော့ ကန့်ဘလူမြို့ကို သွားရောက် ဖြည့်ပေးပါတယ်။ အခု မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးကလည်း သွားရောက်ဖြည့်ပေးပြီး ဆေးရုံက အောက်ဆီဂျင်လိုအပ်လူနာတွေထံကို ပို့ပေးနေပါတယ်။ လက်ရှိအခြေအနေမှာတော့ အောက်ဆီဂျင်အိုး ၁၃ လုံးနဲ့ လည်ပတ်နေပြီး လုံလောက်မှု ရှိနေပါတယ်။

မေး॥ ॥ ကိုဗစ် - ၁၉ ရောဂါသံသယရှိလာရင် ဘယ်လို ဆက်သွယ်ဆောင်ရွက်ရပါမလဲ။

ဖြေ॥ ॥ ရောဂါသံသယရှိလာရင် သံသယလူနာတွေကို စစ်ဆေးပေးတဲ့ ရွှေကျွန်းသာခန်းမကို လာရောက်စစ်ဆေးရပါမယ်။

မေး॥ ॥ ကာကွယ်ဆေးထိုးနှံပေးနိုင်မှု အခြေအနေနဲ့ပတ်သက်ပြီးသိချင်ပါတယ်။

ဖြေ॥ ॥ ကာကွယ်ဆေးကို ၂၀၂၁ခုနှစ် မတ်လမှာ စတင် ထိုးနှံပေးခဲ့ပါတယ်။ ဦးစားပေးအနေနဲ့ ဝန်ထမ်းတွေ၊ ဝန်ထမ်းမိသားစုတွေ၊ သံဃာတွေ၊ အသက်(၆၅)နှစ် အထက် လူကြီးတွေကို ထိုးပေးပါတယ်။ အခုအထိ ၂၀၂၄ ဦး ထိုးနှံပြီးပါပြီ။ ဆက်လက်ထိုးနှံပေးဖို့ အစီအစဉ်ရှိပါတယ်။

မေး॥ ॥ အခြားဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောပေးပါ။

ဖြေ॥ ॥ ကျွန်တော်တို့ ကျန်းမာရေးဌာနအနေနဲ့ ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနဲ့ အရေးပေါ် တုံ့ပြန်ရေးကော်မတီရဲ့ ဦးဆောင်မှုနဲ့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးနဲ့ ကုသရေးကို ဆက်လက်ဆောင်ရွက်နေကြောင်း ပြောကြားလိုပါတယ်။ ॥

**ဖိုးချို၊ မျိုးဝင်းညို(ပြန်/ဆက်)**

---

# ပဲခူးမြို့ ဆေးရုံကြီး၌ အောက်ဆီဂျင်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး Liquid Oxygen Tank Station စတင်တပ်ဆင်တည်ဆောက်နေ

**ပဲခူး ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်သော Liquid Oxygen Tank Station တစ်ခုကို ဇူလိုင် ၂၆ ရက်က ပဲခူးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်း အတွင်း၌စတင်တပ်ဆင် တည်ဆောက်နေပြီဖြစ်သည်။

အဆိုပါ Liquid Oxygen Tank Station ၏ အောက်ဆီဂျင်ထုတ်လုပ်မှုမှာ Liquid Oxygen ကို Oxygen Tank Station အတွင်းသို့ ထည့်သွင်းသိုလှောင်ပြီး ၎င်းမှတစ်ဆင့် Gas Oxygen ပြန်လည် ထုတ်လုပ်ပေးသောစနစ်ဖြစ်၍ ယခု တည်ဆောက်လျက်ရှိသော Oxygen Tank Station၏ ဝင်ဆံ့မှုမှာ တန်ချိန် ၃၀ ဖြစ်ပြီး Gas Oxygen ထုတ်လုပ်နိုင်မှု အနေဖြင့် တစ်ရက်လျှင် လီတာ ၄၀ အိုး ၁၆၀၀ ခန့်၊ တစ်နာရီခွဲလျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး အလုံး ၈၀ အထိ ထုတ်လုပ် ဖြည့်သွင်းပေးနိုင်မည် ဖြစ်သည်။

ယင်း Oxygen Tank Station တပ်ဆင်ပြီးစီးသွားပါက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အတွင်းရှိ လူနာများအတွက် Central Pipe Line ဖြင့် ချိတ်ဆက် ဖြန့်ဖြူးပေးရန် ဆောင်ရွက်ထားသည်။

**မှာယူထား**

Oxygen Filling System စနစ်ဖြင့် အောက်ဆီဂျင်အိုးများအတွင်း အောက်ဆီဂျင်ဖြည့်သွင်း ဆောင်ရွက်ပေးခြင်းများ တစ်ပြိုင်တည်း ဆောင်ရွက်ပေးနိုင်ရေး ဆက်စပ်ပစ္စည်းများ မှာယူထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၇-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ္ှဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၂၅** အနတ္တလက္ခဏသုတ်တရားတော်
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၉:၄၀** ဝါဆိုလမှာ ဓမ္မစကြာနှင့် အနတ္တလက္ခဏာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၂၀** ရှုပွယ်စုံလင် အာဆီယံအစီအစဉ်
**၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**မြန်မာစာဘာသာရပ်**'
**၁၇:၃၅** MRTV Travelouge
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားငေါ်ဆောင်ရာ**' (အပိုင်း-၃၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၂၁:၂၅** ဝဿာန်ဒါဂီတေးသံသီ ပျော်မြေမှုအစီအစဉ်
**၂၁:၄၅** ရုပ်မြင်သံကြားဇာတ်လမ်း '**အတ္တဝါဒလှထားဝရတည်ဝေ**' (အပိုင်း-၁)

**mitv**

**07:01** News
**07:27** Myanmar's Traditions and Culture "A stir about of Rainbows"
**07:51** Products of Myanmar - Products Of The Loom
**08:01** Secret Recipes by Gourmet Chefs (India)
**08:31** Chinlone and the dreams of the player
**08:46** Tray Art Products
**08:56** Golden Mandalay Hill
**09:01** Next Generation "Saw Noel (Violinist)"
**09:11** Equestrian Contest on Pa-O Land
**09:22** Gardener of Royal Thazin Floral
**09:42** Conflict & Solution Between Man & Elephant
**10:18** Between the Beaches: Chaung Tha Vs Ngwe Saung
**10:29** Yoga & Health
**10:41** Inle Traditional Dance

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လီဆူးရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ပဲ့ကိုင်ရှင်
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၄)
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဘိုးဘိုးကြီးနှင့်ယုံကြည်ကိုးကွယ်မှု
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း
**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
လေးမြားပြုလုပ်ခြင်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မော်လမြိုင်မြို့ရဲ့ အထင်ကရနေရာများ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ညီငယ်မင်းသားလေးနှင့်ကျွန်တော်
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
လူသားတို့ရဲ့ ကျေးဇူးရှင်များ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
စာအတူတူဖတ်ကြရအောင်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**သူတစ်ပါးအယောင်ဆောင်ခြင်း**'
**၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆း၀၀) နာရီမှ ည (၁၀း၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀း၀၀) နာရီမှ ည (၁၀း၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၇**

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောကျောင်းတိုက်၊ ဈေးကုန်းကျောင်းတိုက်၊ တပ်ကုန်းမြို့နယ်ရှိ နဝေပုလ္လကျောင်းတိုက်၊ ဇေယျာသီရိမြို့နယ်ရှိ ကန်လယ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ သေုဝတီသီလရှင် စာသင်တိုက်၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သာသနာရောင်ခြည်ကျောင်းတိုက် (ယာပုံ)၊ သီလဝတီသီလရှင်စာသင်တိုက်နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မိတ္ထီလာကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၇ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဘူရိဒတ်ဇာတ်တော်



**မြတ်မင်းလှိုင်**

*(ယမန်နေ့မှအဆက်)*

ဘုရားလောင်း ဘူရိဒတ်နဂါးမင်းသည် နဂါးပြည်သို့ရောက်လျှင် နဂါးအပေါင်းတို့ အုတ်အုတ်ကျက်ကျက် ငိုကြွေးကြလေသည်။ ဘူရိဒတ်လည်း အလမ္ပာယ်၏ ပခြုပ်အတွင်း၌ တစ်လပတ်လုံး ပင်ပန်းကြီးစွာ နေခဲ့ရသောကြောင့် နဂါးအပေါင်းတို့နှင့် စကားပြောဟောနိုင်ခြင်း မရှိသဖြင့် ပြာသာဒ်ထက်၌ အိပ်စက်နေလေသည်။ ကာဏာရိဋ္ဌသည် နတ်ပြည်၌ ဘူရိဒတ်ကို ရှာမတွေ့၍ နဂါးပြည်သို့ ပြန်ရောက်နှင့် နေသောကြောင့် နဂါးပရိသတ်တို့ ဘူရိဒတ်နဂါးမင်းထံ မဝင်ရအောင် ပြာသာဒ်၌ တံခါးစောင့်လေသည်။

သုဘောဂသည်လည်း ဟိမဝန္တာ၌ ဘူရိဒတ်ကို ရှာမတွေ့၍ မဟာသမုဒ္ဒရာ၊ ထိုမှတစ်ဆင့်မြစ်ကြီးမြစ်ငယ်များသို့ လိုက်ရှာရင်း ယမုန်နာမြစ်သို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် နေသာဒပုဏ္ဏားသည် ဘူရိဒတ်နဂါးမင်းကိုဖမ်း၍ ညှဉ်းဆဲသော အပြစ်ကြောင့် နူနေသော အလမ္ပာယ်ပုဏ္ဏားကို တွေ့မြင်၍ လွန်စွာကြောက်ရွံ့မိလေသည်။ မိမိသည်လည်း ဘူရိဒတ်နဂါးမင်း၏ ပတ္တမြားကို တပ်မက်ပြီး အဆွေခင်ပွန်းကို ပြစ်မှားမိက မကောင်းကျိုးကို မကြာခင် ခံရတော့ပေမည်။ ယမုန်နာမြစ်သို့ သွား၍ ပယောဂဆိပ်၌ ဆေးကြောမည်ဟု ပြောဆိုကာ ရောက်ရှိလာလေသည်။ ထိုအရပ်၌ ရောက်နေသော သုဘောဂသည် နေသာဒပုဏ္ဏား၏ စကားကိုကြားလျှင် ပုဏ္ဏား၏ ခြေကို အမြီးဖြင့် ရစ်ပတ်၍ ရေ၌နစ်မွန်းစေ၏။ ရေ၌ အကြိမ်ကြိမ်နစ်၍ ပင်ပန်းစေပြီးသော် နေသာဒပုဏ္ဏားကို မိမိသည် သုဘောဂနဂါးမင်းဖြစ်ကြောင်း ပြောပြသော် ပုဏ္ဏားလည်းနဂါးကို မြှောက်ပင့်စကားများဖြင့် အသက်ချမ်းသာခွင့် ရရှိအောင်ကြိုးစားလေသည်။ သုဘောဂသည် လက်ခံခြင်းမပြုဘဲ အသေသတ်မည်ဟု ခြိမ်းခြောက်သည့်အခါ ပုဏ္ဏားတို့သည် ဗေဒင်အတတ်ကို သင်၏။ အလှူခံ၍လည်း စားတတ်၏။ မီးကိုလည်း ပူဇော်တတ်၏။ ဤအကြောင်း သုံးရပ်ကြောင့် မသတ်သင့်ကြောင်း ဆိုပြန်သည်။

သုဘောဂလည်း ယုံမှားသံသယဖြစ်သဖြင့် နဂါးပြည်သို့ ခေါ်သွားပြီး အစ်ကိုထံ ပုဏ္ဏား၏ ဆိုစကားကိုပေးမည်ဟု ကြံရွယ်လျက် ပုဏ္ဏား၏ လည်ပင်းကို ထိုးကြိတ်တွန်းထိုးခေါ်ဆောင်လာခဲ့၏။ ဘုရားလောင်း ဘူရိဒတ်၏ အိမ်ပြာသာဒ်တံခါးသို့ ရောက်သောအခါ တံခါးစောင့်ပြုနေသော ကာဏာရိဋ္ဌနှင့် တွေ့ဆုံရလေသည်။ ကာဏာရိဋ္ဌက နောင်တော် သုဘောဂကို ပုဏ္ဏားတို့သည် ဗြဟ္မာမင်း၏ သားဖြစ်၍ ၎င်း၏သား ပုဏ္ဏားကို ညှဉ်းဆဲကြောင်းသိရှိ အမျက်ထွက်လျှင် နဂါးပြည်ပျက်စီးနိုင်သဖြင့် ပုဏ္ဏားကို ညှဉ်းဆဲခြင်း မပြုရန်တားမြစ်လေသည်။ ကာဏာရိဋ္ဌသည် အတိတ်ဘဝက ယဇ်ပူဇော်သော ပုဏ္ဏားဖြစ်ခဲ့ဖူးသောကြောင့် ယဇ်ပူဇော်ခြင်းအကြောင်းကိုလည်း ချီးမြှောက်ပြောဆိုလေသည်။

ကာဏာရိဋ္ဌသည် အထူးထူးသော နတ်တို့သည် ယဇ်ပူဇော်ကြပြီး ဗေဒင်တတ်သော ပုဏ္ဏားတို့ လိုအပ်သမျှ ပေးလှူကြရန် နတ်ဖြစ်လာကြောင်း၊ မီးကိုပူဇော်၍ အင်အားကြီးမားကြောင်းတို့ကို ဥပမာများဖြင့် ပြောပြလေသည်။ နဂါးအပေါင်းတို့သည်လည်း ကာဏာရိဋ္ဌ၏ ဥပမာပေးပြောကြားသည့် စကားကိုအမှန်ဟု ထင်မြင်ကြလေသည်။ ဘုရားလောင်းဘူရိဒတ်လည်း နေရာမှ လဲလျောင်းလျက် ကာဏာရိဋ္ဌ၏ အသံကိုနားထောင်နေမိသည်။

ဘုရားလောင်း ဘူရိဒတ်သည် ကာဏာရိဋ္ဌ၏ အယူမှားကို ဖျက်၍ နဂါးအပေါင်းတို့အား ကောင်းသောသမ္မာဒိဋ္ဌိအယူကို ရစေခြင်းငှာ အိပ်ရာမှထပြီး ခပ်သိမ်းသော တန်ဆာတို့ကို ဆင်မြန်းပြီး တရားဟောပလ္လင်ထက်၌ နေရာယူ၏။ ကာဏာရိဋ္ဌနှင့် အတူနဂါးအပေါင်းတို့ကို စည်းဝေးကြစေလျက် ယဇ်ပူဇော်ခြင်း၊ မီးပူဇော်ခြင်းတို့သည် မှားယွင်းသော အယူအဆများဖြစ်ကြောင်းကို ဟောပြောလေသည်။ မီးသည် ကြွေးသောသူအား ကောင်းမှုကိုပြုစေပါက မီးသွေးထုတ်သောသူ၊ ဆားချက်သောသူ၊ စဖိုသည်သူ၊ သူကောင်ဖုတ်သော သူတို့သည် ကောင်းမှုပြုသည်ဟု မှတ်ယူနိုင်မည်လော၊ မီးနှင့်ရေတို့သည် နတ်မဟုတ်သည့်ပြင် မီးကို ပူဇော်ခြင်းဖြင့် မည်သည့်နတ်ရွာသို့ ရောက်နိုင်ပါမည်လဲစသည်ဖြင့် ကျိုးကြောင်းများနှင့်တကွ ရှင်းလင်းဟောပြောလေသည်။ ဗြဟ္မာမင်းသည်လည်း လောကကိုအစိုးရ၏ ဆိုပါမူ လူအပေါင်းတို့၏ ဆင်းရဲခြင်းကင်း၍ ချမ်းသာမှုကိုသာပေး၏လောဟု ရှင်းလင်း ဟောပြောလေသည်။ ထိုအခါ ဘုရားလောင်း၏ တရားစကားကို ကြားနာကြရသော နဂါးပရိသတ်အပေါင်းတို့သည် နှစ်လိုဝမ်းမြောက်ကြလေ၏။ ဘုရားလောင်းသည် နေသာဒပုဏ္ဏားကို နဂါးပြည်မှနှင်ထုတ်စေသည်။

ထို့နောက် ဘူရိဒတ်နဂါးမင်းသည် ဦးရီးတော်နှင့် အဘိုးအားဖူးမြင်ရန် နဂါးအပေါင်းတို့အား စည်လည်တီးစေသည်။ များစွာသော နဂါးပရိသတ်နှင့်တကွ ယမုန်နာမြစ်မှထွက်ခဲ့ပြီး အဘိုးရှိရာ ကျောင်းသင်္ခမ်းသို့ သွားလေသည်။ ဘုရားလောင်း၏ အမိအဖနှင့် ညီတော်နောင်တော် သုံးယောက်တို့သည်လည်း လိုက်ပါကြ၏။ ဦးရီးတော် သာဂရဗြဟ္မဒတ်မင်းသည် ခမည်းတော်ထံ ရှေးဦးစွာရောက်နှင့်လေသည်။

သာဂရဗြဟ္မဒတ်မင်းသည် များစွာသော ပရိသတ်ဖြင့် လာသော ဘုရားလောင်းကို မမှတ်မိ၍ ခမည်းတော် ရှင်ရသေ့အား မေးလေသည်။ ခမည်းတော်ရှင်ရသေ့က ထိုနဂါးများသည် ဓတရဋ္ဌနဂါးမင်းနှင့် သမီးတော် သမုဒ္ဒဇာတို့၏ သားများဖြစ်၍ သားတော်၏ တူများဖြစ်ကြကြောင်း၊ တန်ခိုးကြီးကြောင်း ပြောလေသည်။ ထိုသို့စကားဆိုနေကြစဉ်တွင် နဂါးပရိသတ်တို့ရောက်ရှိလာကြပြီး ရှင်ရသေ့ကို ရှိခိုး၍ တင့်သင့်သောအရပ်၌ နေကြသည်။ သမီးတော် သမုဒ္ဒဇာသည်လည်း ခမည်းတော်ကို ရှိခိုးပြီး ၎င်း၍နဂါးပြည်သို့ နဂါးပရိသတ်နှင့်အတူ ပြန်လေသည်။ သာဂရဗြဟ္မဒတ်မင်းသည် ခမည်းတော်ထံ၌ တစ်ရက်နှစ်ရက်နေပြီး ဗာရာဏသီပြည်သို့ ပြန်လေသည်။ သမုဒ္ဒဇာသည် နဂါးပြည်၌ပင်သေလေ၏။ ဘူရိဒတ်ဘုရားလောင်းသည် အသက်ထက်ဆုံး သီလကိုစောင့်လျက် ဥပုသ်စောင့်သုံးလျက်နေ၏။ အသက်ကုန်သောအခါ၌ ပရိသတ်နှင့်တကွ နတ်ပြည်သို့ ရောက်၏။

> ○ ဘုရားလောင်း ဘူရိဒတ်သည် ကာဏာရိဋ္ဌ၏ အယူမှားကို ဖျက်၍ နဂါးအပေါင်းတို့အား ကောင်းသောသမ္မာဒိဋ္ဌိအယူကို ရစေခြင်းငှာ အိပ်ရာမှထပြီး ခပ်သိမ်းသော တန်ဆာတို့ကို ဆင်မြန်းပြီး တရားဟောပလ္လင်ထက်၌ နေရာယူ၏။ ကာဏာရိဋ္ဌနှင့် အတူနဂါးအပေါင်းတို့ကို စည်းဝေးကြစေလျက် ယဇ်ပူဇော်ခြင်း၊ မီးပူဇော်ခြင်းတို့သည် မှားယွင်းသော အယူအဆများဖြစ်ကြောင်းကို ဟောပြော

## မိုင်းကိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မိုင်းကိုင် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေများဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်ကျေးရွာ ၁၀ ရွာမှာ မောက်လျန်၊ နောင်စံဖူး၊ မချီနု၊ ဆမ်ပွန်း၊ ဝမ်ဖတ်၊ ခိုဟင်၊ နောင်ခမ်း၊ ဝမ်လိုင်၊ ဆားတော၊ ဝမ်လုံကျေးရွာများဖြစ်ပြီး စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ငါးခု၊ မြေသားလမ်းပြုပြင်ခြင်းလုပ်ငန်း သုံးခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း တစ်ခု၊ ကျေးရွာဘက်စုံသုံး ခန်းမတည်ဆောက်ခြင်းလုပ်ငန်း တစ်ခုတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၉၀ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၁၀၉၀ ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ်မတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မိုင်းကိုင်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်းက Pilot Project အဖြစ် စတင်ဆောင်ရွက်ရာ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၃၉ ရွာတွင် ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်စဉ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် သောက်သုံးရေရရှိရေး၊ လမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်း၊ ကျေးရွာခန်းမတည်ဆောက်ခြင်းအစရှိသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ပြောသည်။

**ငြိမ်းသူ**

# နိုင်ငံကြီးများ အစဉ်အဆက်ကိုင်စွဲခဲ့သော အကြမ်းဖက်မှုတိုက်ဖျက်ရေးပေါ်လစီ ဘာလဲ၊ ဘယ်လဲ

## ပြည်ထောင်စုသားတစ်ဦး

**“နောင်အနာဂတ်မှာ အကြမ်းဖက်မှုတွေ လျော့ပါးဖို့၊ ဒါမှမဟုတ် ရပ်တန့်အောင်လုပ်ဖို့ အနောက်နိုင်ငံ မဟာမိတ်တွေနဲ့ ကျုပ်တို့လုပ်ခဲ့တာကတော့ အကြမ်းဖက်မှု၊ လေယာဉ်အပိုင်စီးမှုနဲ့ လေယာဉ်အပိုင်စီးသမားတွေကို ခိုလှုံခွင့်ပေးမှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ ဘယ်နိုင်ငံကိုမဆို လေကြောင်းပျံသန်းမှု အားလုံး၊ ကုန်သွယ်လေကြောင်း ပျံသန်းမှုအားလုံးကို ရပ်ဆိုင်းပစ်ဖို့ပဲ”**

အမေရိကန်ပြည်ထောင်စုရဲ့ (၃၉) ဦးမြောက် သမ္မတ ဂျင်မီကာတာက သူ့ခေတ်မှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ကာတာအစိုးရကိုင်စွဲထားတဲ့ ပေါ်လစီနဲ့ပတ်သက်ပြီး မြွက်ကြားခဲ့တဲ့ မိန့်ခွန်း ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ (၄၀) ဦးမြောက် သမ္မတ ရော်နယ်ရီဂင်ကတော့ **“ကမ္ဘာနဲ့အဝန်း အကြမ်းဖက်မှုအတွက် နေရာမရှိတော့ဘူးဆိုတာကို ကမ္ဘာပေါ်က ယဉ်ကျေးတဲ့နိုင်ငံအားလုံးက ပြတ်ပြတ်သားသား ပြသချိန်ရောက်နေပြီ။ ဘယ်လို အကြမ်းဖက်မှုမျိုးနဲ့မဆို စေ့စပ်ဆွေးနွေးမှာမဟုတ်ဘူးဆိုတဲ့ အချက်ကိုပြရပါမယ်”**လို့ ဆိုပါတယ်။

ရီဂင်ကြီးဟာ အပြောနဲ့အလုပ် ညီပါပေတယ်။ ဆိုခဲ့မြဲစေ သူပြောခဲ့တဲ့အတိုင်းပါပဲ။ ၁၉၈၅ ခုနှစ်မှာ အချီလေ်ရီ ဇိမ်ခံသင်္ဘောကြီးကို ပါလက်စတိုင်း အကြမ်းဖက်သမားတွေက ပြန်ပေးဆွဲခဲ့ပြီး သင်္ဘောပေါ်ပါ အသက် ၈၀ ကျော်အရွယ်ရှိ မသန်မစွမ်း အမေရိကန်နိုင်ငံသား ခရီးသည်တစ်ဦးကို အကြမ်းဖက်သမားတွေက သေနတ်နဲ့ပစ်သတ်ပြပြီး တောင်းဆိုချက်တွေ တောင်းဆိုခဲ့တယ်။

### ဓားစာခံတွေကို ပြန်လွှတ်ပေးခဲ့

အီဂျစ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးမှုကြောင့် အကြမ်းဖက်သမားတွေက ဓားစာခံတွေကို ပြန်လွှတ်ပေးခဲ့ပြီး သူတို့လည်း အီဂျစ်ခရီးသည်လေယာဉ်တစ်စင်းနဲ့ လွတ်မြောက်နယ်မြေကို ပြန်လည်ထွက်ခွာသွားကြတယ်။

သို့ပေမယ့် သူတို့လာမယ့် ဝေဟင်ထဲမှာ ရီဂင်ကြီးစေလွှတ်လိုက်တဲ့ လေယာဉ်တင်သင်္ဘောပေါ်က F-14 တွန်ကက်တွေ လေထဲမှာ စောင့်ဆိုင်းနေကြတာကို အကြမ်းဖက်သမားတွေ မသိကြဘူး။ သိလိုက်တဲ့အချိန်မှာတော့ အီတလီနိုင်ငံ စစ္စလီကျွန်းရှိ နေတိုးအခြေစိုက်စစ်စခန်းကို သူတို့ သက်ဆင်းမိလျက်သား ဖြစ်နေပြီ။

သို့ဆိုငြား အကြမ်းဖက်သမားတွေအတွက် ကံကောင်းဖို့ ဖြစ်သွားတယ်။ နိုင်ငံတကာဥပဒေအရ အီတလီနယ်မြေထဲမှာဖြစ်လို့ အီတလီနိုင်ငံရဲ့ တရားစီရင်ရေးထဲမှာပဲ အကျုံးဝင်တဲ့အတွက် အကြမ်းဖက်သမား တရားခံတွေကို အီတလီနိုင်ငံထံ လွှဲပြောင်းပေးလိုက်ရတယ်။

အီတလီကလည်း ဒီအကြမ်းဖက်သမားတွေကို ထိန်းသိမ်းမထားရဲဘူး။ ဘာကြောင့်ဆိုရင် ပါလက်စတိုင်းအကြမ်းဖက်အဖွဲ့က သူ့လူတွေကို လွှတ်ပေးဖို့ အီတလီမြေမှာ အကြမ်းဖက်မှုတွေ ဆက်တိုက်လာရောက်ကျူးလွန်ပြီး တောင်းဆိုမှာ ကြောက်လို့ပါပဲ။

သို့ကလိုကြောင့် အီတလီအစိုးရက အကြမ်းဖက်သမားတွေကို နောင်အီတလီနိုင်ငံမှာ အကြမ်းဖက်မှုတွေ ထပ်မံလာရောက်မလုပ်ဖို့ အပေးအယူလုပ်တောင်းဆိုပြီး ပြန်လွှတ်ပေးလိုက်တယ်။ ဒီကိစ္စကြောင့် ထိုစဉ်က အမေရိကန်နဲ့ အီတလီ နှစ်နိုင်ငံ သံတမန်ရေးရာ အငြင်းပွားမှုတွေ အကြီးအကျယ် ဖြစ်ခဲ့ရတယ်။

### ရီဂင်ကြီးရဲ့ လက်သံပြောင်မှု

အကြမ်းဖက်သမားတွေအပေါ် ရီဂင်ကြီးရဲ့ လက်သံပြောင်မှုကို ၁၉၈၆ ခုနှစ်မှာ တစ်ခါတွေ့ရပြန်တယ်။ အမေရိကန်စစ်သားတွေ အများအပြား သွားရောက်လေ့ရှိတဲ့ ဂျာမနီနိုင်ငံ ဘာလင်မြို့က နိုက်ကလပ်တစ်ခုမှာ ဗုံးပေါက်ကွဲမှုဖြစ်ပြီး အမေရိကန် စစ်ဘက်ဝန်ထမ်းနှစ်ယောက်နဲ့ ဂျာမန်အရပ်သားလေးယောက်သေဆုံးကာ လူနှစ်ရာကျော် ဒဏ်ရာရခဲ့ကြတယ်။ တယ်လီဖုန်းလိုင်းတွေကို ကြားဖြတ်ဖမ်းယူ နားထောင်ခဲ့မှုအရ လက်သည်တရားခံက ဂျာမနီရှိ လစ်ဗျားသံရုံးက အမိန့်ပေးစေခိုင်းခဲ့ကြောင်း သိလိုက်ရတယ်။ သို့ကြောင့်မို့ ရီဂင်ကြီး အမိန့်နဲ့ အမေရိကန်တိုက်လေယာဉ်နဲ့ ဗုံးကြဲလေယာဉ်တပ်ဖွဲ့ဟာ ဗြိတိန်နိုင်ငံ လေပိုင်နက်ကို ခွင့်တောင်းပြီး လစ်ဗျားနိုင်ငံအထိ ခရီးဝေးပျံသန်းကာ သမ္မတ ကဒါဖီဌာနချုပ်၊ နေအိမ်နဲ့ ပစ်မှတ်အချို့ကို ညအချိန် ဗုံးဝင်ကြဲပစ်ခဲ့တယ်။ ကဒါဖီကတော့ ကံကောင်းထောက်မစွာ လွတ်သွားပေမယ့် သူ့ရဲ့ လူမမည် မွေးစားသမီးလေးကတော့ ဗုံးဒဏ်ကြောင့် သေဆုံးခဲ့ရတယ်။

> **✻ သို့သော်ငြား ပစ္စက္ခမှာတော့ အမေရိကန်နဲ့ အနောက်နိုင်ငံကြီးများဟာ အမျိုးသားညွန့်ပေါင်းအစိုးရ(NUG)လို့ဆိုတဲ့ အကြမ်းဖက်ဝါဒီများရဲ့ ဒီမိုကရေစီအရေး အကြောင်းပြပြီး မြန်မာ့မြေပေါ်မှာ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် မြောက်ပင့်သွေးထိုးလှုံ့ဆော်ပေးနေမှုများကို လျစ်လျူရှု ဥပေက္ခာပြုလျက်ရှိ**

### အကြမ်းဖက် ရန်စွယ်အန္တရာယ်

အမေရိကန်ပြည်ထောင်စုရဲ့ (၄၃) ဦးမြောက် သမ္မတ ဂျော့ဒဗလျူဘုရှ် လက်ထက်မှာတော့ အကြမ်းဖက် ရန်စွယ်အန္တရာယ်ဟာ အမေရိကားရဲ့ အိမ်ဦးခန်းအထိ ရောက်လာခဲ့တယ်။

၉/၁၁။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှာ အကြမ်းဖက်သမားတွေ ပြန်ပေးဆွဲခဲ့တဲ့ ခရီးသည်လေယာဉ်နှစ်စင်းဟာ နယူးယောက်မြို့ရှိ အထင်ကရ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ မျှော်စင်ညီနောင်ကို မြေပေါ်ပြားပြားဝပ် ပြိုကျပေါက်ကွဲအောင် ဝင်တိုက်ခဲ့တယ်။ အခြားပြန်ပေးဆွဲခံရတဲ့ တတိယမြောက်လေယာဉ်တစ်စင်းကတော့ ပင်တဂွန်စစ်ဌာနချုပ်ကို ဝင်တိုက်လိုက်တယ်။ စတုတ္ထမြောက် ပြန်ပေးဆွဲခံလိုက်ရတဲ့ ခရီးသည်လေယာဉ်ကတော့ လေယာဉ်ပေါ်ပါ ခရီးသည်များရဲ့ ပြန်လှန်တိုက်ခိုက်မှုကြောင့် ပင်ဆဲလ်ဗေးနီးယားပြည်နယ်က လယ်ကွင်းထဲကို လမ်းခုလတ်မှာပဲ ပျက်ကျသွားခဲ့တယ်။ စုံစမ်းရေးကော်မရှင်ကတော့ ပျက်ကျသွားတဲ့ လေယာဉ်ဟာ လွှတ်တော်အဆောက်အအုံ ဒါမှမဟုတ် အိမ်ဖြူတော်ကို တိုက်ခိုက်ဖို့ ရည်မှန်းထားတာဖြစ်တယ်လို့ ဆိုပါတယ်။

လက်သည်တရားခံ အကြမ်းဖက်အဖွဲ့အစည်းကတော့ ၉/၁၁ မတိုင်မီ ၁၉၉၈ ခုနှစ်က လူ ၂၀၀ ကျော် သေဆုံးပြီး လူ ၅၀၀၀ ကျော် ဒဏ်ရာရခဲ့တဲ့ အာဖရိကတိုက်ရှိ တန်ဇန်းနီးယားနဲ့ ကင်ညာနိုင်ငံမှ အမေရိကန်သံရုံးနှစ်ခုနဲ့ ၂၀၀၀ ပြည့်နှစ်က အမေရိကန်စစ်သည် ၁၇ ဦးကျဆုံးခဲ့ရတဲ့ အမေရိကန်စစ်သင်္ဘော USS Cole ကို ဗုံးခွဲတိုက်ခိုက်ခဲ့တဲ့ အိုစမာဘင်လာဒင်ရဲ့ အယ်လ်ကေဒါ အကြမ်းဖက်အဖွဲ့ပဲဖြစ်ပါတယ်။

သို့ကလို တိုက်ခိုက်ခဲ့မှုအပေါ် သမ္မတ ဘုရှ်က ဘယ်လိုသဘောထားခဲ့ပါသလဲ။ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ တိုက်ခိုက်ခံရတဲ့အချိန်မှာ သမ္မတ ဘုရှ်ဟာ ဖလော်ရီဒါက မူလတန်းကျောင်းကို ရောက်နေပါတယ်။ သတင်းကြားကြားချင်း သမ္မတ ဘုရှ်က ကျောင်းအပြင်ဘက်မှာ စုဝေးနေတဲ့ ကျောင်းသားမိဘတွေကို **“အမေရိကန်အနေနဲ့ ခက်ခဲတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ဒါပေမယ့် အကြမ်းဖက်သမားတွေဟာ အမေရိကန်နိုင်ငံကို ဘယ်တော့မှ အနိုင်ယူနိုင်မှာမဟုတ်ဘူး”**လို့ ပြောခဲ့တယ်။

တစ်ဆက်တည်းမှာပဲ အပြန်လမ်းမှာ တတိယမြောက်လေယာဉ်တစ်စင်းက ပင်တဂွန်စစ်ဌာနချုပ်ကို ဝင်တိုက်ပြန်ပြီဆိုတဲ့ သတင်းကိုထပ်ကြားလိုက်ရတဲ့အခါမှာတော့ ဘုရှ်က **“လေယာဉ်တစ်စင်းတိုက်တာဆိုရင် မတော်တဆမှုဖြစ်နိုင်တယ်။ နှစ်စင်းတိုက်တာဆိုရင်တော့ အကြမ်းဖက်တိုက်ခိုက်မှုပဲ။ သုံးစင်းတိုက်တာဆိုရင်တော့ ဒါဟာ အမေရိကန်ကို စစ်ကြေညာလိုက်တာပဲ”**ဆိုပြီး တွေးမိတယ်လို့ ဆိုပါတယ်။

သမ္မတ ဘုရှ်ဟာ သူ့ရဲ့အဆိုပါအတွေးကို အချိန်မဆိုင်းတော့ပါဘူး။ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးစစ်ပွဲ (War on Terror)လို့ ကြွေးကြော်ပြီး အယ်လ်ကေဒါတွေကို အာဖဂန်နစ္စတန်နိုင်ငံထဲမှာ လက်ခံထားတဲ့ တာလီဘန်တွေအပေါ် **“အကြမ်းဖက်သမားတွေ အပ်ရင်အပ်၊ မအပ်ရင် အကြမ်းဖက်သမားတွေနဲ့အတူ အပြစ်ပေးတာခံရလိမ့်မယ်”** လို့ ရာဇသံပေးကာ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ အာဖဂန်နစ္စတန်နိုင်ငံကို အလုံးအရင်းနဲ့ ဝင်တိုက်ပါတော့တယ်။ တစ်ဖန် ၂၀၀၃ ခုနှစ် မတ်လမှာ ဆဒမ်ဟူစိန်ရဲ့ အီရတ်နိုင်ငံကို ဆက်လက်တိုက်ခိုက်ခဲ့ပြန်ပါတယ်။

တစ်ဖက်ကလည်း အမေရိကန်နိုင်ငံကို အကြမ်းဖက်သမားတွေ နောက်ထပ်တိုက်ခိုက်လာမှုအပေါ် တားဆီးနိုင်စေဖို့ ဌာနပေါင်းစုံပေါင်းစပ်ထားတဲ့ အမိမြေလုံခြုံရေးဝန်ကြီးဌာနအသစ်ကို ကွန်ဂရက်ရဲ့သဘောတူညီမှုနဲ့ ဖွဲ့စည်းခဲ့တယ်။

တစ်ဆက်တည်းမှာပဲ ထောက်လှမ်းရေးအဖွဲ့အစည်းတွေကို အမေရိကန်နိုင်ငံထဲမှာ တယ်လီဖုန်းကြားဖြတ်နားထောင်ခွင့်၊ အကြမ်းဖက်သမားတွေရဲ့ ပိုင်ဆိုင်မှုကို ထိန်းချုပ်ခွင့်၊ အကြမ်းဖက်သမားလို့ မသင်္ကာသူတွေရဲ့ ဘဏ်စာရင်းတွေ၊ အကြွေးဝယ်ယူခွင့် ကတ်ပြားတွေ၊ အိမ်ခန်းငှားတာတွေ၊ စာကြည့်တိုက်နဲ့ အင်တာနက်သုံးစွဲမှု မှတ်တမ်းတွေကို ဝရမ်းထုတ်ပြီး တောင်းခံပိုင်ခွင့်၊ အကြမ်းဖက်သမားလို့ ယူဆရသူတွေရဲ့လှုပ်ရှားမှုကို စောင့်ကြည့်ခွင့် စတဲ့ ဥပဒေကြမ်းတစ်ခုကို တရားရေးဌာနအား ရေးဆွဲစေပြီး လူ့အခွင့်အရေးသမားတွေက ပြည်သူ့လွတ်လပ်ခွင့် ထိခိုက်မှုရှိတယ်လို့ ကန့်ကွက်တဲ့ကြားက အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။

ဒ့်အပြင် ဖမ်းမိတဲ့ အယ်လ်ကေဒါတွေကို ဂွါတာနာမိုအကျဉ်းထောင်မှာ စီအိုင်အေက ကြမ်းကြမ်းတမ်းတမ်း ညှဉ်းပန်းစစ်ကြောခဲ့ကြပြန်တယ်။ စီအိုင်အေကတော့ သူတို့သုံးတဲ့စစ်ကြောရေးနည်းတွေက အက်ဖ်ဘီအိုင်ကသုံးတဲ့ စစ်ဆေးနည်းမျိုးမဟုတ်ဘဲ ပိုအားကောင်းတဲ့စစ်ကြောနည်း (Enhance Interrogation) လို့ အမည်ပေးထားကြောင်း ဆိုတယ်။

### စစ်တရားရုံးနဲ့စစ်ဆေးဖို့ အမိန့်ထုတ်

သမ္မတ ဘုရှ်ကလည်း ဖမ်းထားတဲ့ အယ်လ်ကေဒါတွေဟာ ဂျီနီဗာကွန်ဗင်းရှင်းနဲ့ အကျုံးမဝင်ဘူး၊ ဂျီနီဗာကွန်ဗင်းရှင်းမှာပါတဲ့ သံ့ပန်းဆိုင်ရာကိစ္စတွေဟာ နိုင်ငံချင်းဖြစ်ပွားတဲ့ စစ်ပွဲများအတွက်ပဲဖြစ်တယ်။ အမေရိကန်တစ်ယောက်ကို သူတို့ဖမ်းမိသွားရင်လည်း ဂျီနီဗာကွန်ဗင်းရှင်းနဲ့အညီ ဆက်ဆံမှာမဟုတ်တာ သေချာတယ်လို့ဆိုပြီး စစ်တရားရုံးနဲ့စစ်ဆေးဖို့ အမိန့်ထုတ်ခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ (၄၄) ဦးမြောက် သမ္မတဘားရက်အိုဘားမားကလည်း သူ့လက်ထက်မှာ အာဖဂန်နစ္စတန်နိုင်ငံထဲက အယ်လ်ကေဒါတွေကို မြေပြင်တပ်တွေသာမက ဝေဟင်ကလည်း အဝေးထိန်းစနစ်သုံး မောင်းသူမဲ့ ဒရုန်းလေယာဉ်တွေနဲ့ပါ အလုံးအရင်း ဆက်လက်တိုက်ခိုက်ခဲ့တယ်။

၉/၁၁ ရဲ့ အဓိကတရားခံ အယ်လ်ကေဒါအကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်ရဲ့ လှုပ်ရှားမှုတွေကိုလည်း မျက်ခြည်မပြတ် ထောက်လှမ်းစေခဲ့တယ်။ ခြေရာခံမိတဲ့အဆုံး ၂၀၁၁ ခုနှစ် မေလ ၁ ရက်နေ့မှာတော့ ပါကစ္စတန်နိုင်ငံ အဘော့တဘက်မြို့မှာ ပုန်းအောင်းနေတဲ့ ဘင်လာဒင်ကို နေဗီဆီးလ်အဖွဲ့အား ရဟတ်ယာဉ်များနဲ့စေလွှတ်၍ သုတ်သင်စေခဲ့တယ်။

လက်ရှိ အမေရိကန်ပြည်ထောင်စုရဲ့ (၄၆) ဦးမြောက် သမ္မတ ဂျိုးဇက်ဘိုင်ဒင် ခေတ်မှာတော့ အမေရိကန်သမ္မတအစဉ်အဆက် ကိုင်စွဲခဲ့တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပေါ်လစီနဲ့ပတ်သက်ပြီး သူ့ရဲ့သဘောထားခံယူချက်အမြင်တွေကို ငွေရောင်ပိတ်ကားပေါ်မှာ ဆက်လက်စောင့်မျှော်ကြည့်ရဦးမှာဖြစ်ပါတယ်။

သမ္မတ အိုဘားမားကတော့ သူ့ရဲ့ ဒုတိယသမ္မတတစ်ဦးဖြစ်တဲ့ ဘိုင်ဒင်ကို **“သူဟာ ဘုရှ်နဲ့ မက်ကိန်းရဲ့ နိုင်ငံခြားရေးပေါ်လစီကို ထိထိမိမိဝေဖန်သူဖြစ်ပါတယ်။ ဒါတင်မက အီရတ်စစ်ပွဲကို တာဝန်သိသိ အဆုံးသတ်ပြီး တိုက်ပွဲကိုအကြမ်းဖက်သမားတွေဘက် တည့်တည့်လှည့်အောင် လမ်းသစ်ညွှန်ပြသူဖြစ်ပါတယ်”**လို့ တစ်ချိန်က ပြောဆိုခဲ့ဖူးကြောင်းပါ။

**သို့သော်ငြား ပစ္စက္ခမှာတော့ အမေရိကန်နဲ့ အနောက်နိုင်ငံကြီးများဟာ အမျိုးသားညွန့်ပေါင်းအစိုးရ(NUG)လို့ဆိုတဲ့ အကြမ်းဖက်ဝါဒီများရဲ့ ဒီမိုကရေစီအရေး အကြောင်းပြပြီး မြန်မာ့မြေပေါ်မှာ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် မြှောက်ပင့်သွေးထိုးလှုံ့ဆော်ပေးနေမှုများကို လျစ်လျူရှုဥပေက္ခာပြုလျက်ရှိကြောင်းပါဗျာ။** ။

# ကာကွယ်ဆေးထိုးပြီးရင်လည်း မကူးဘူးတော့မဟုတ်ဘူး၊ ကူးပါတယ်။ ဒါပေမယ့် ဆိုးရွားတဲ့ ကိုဗစ်၊ သေနိုင်လောက်တဲ့ ရောဂါတော့မဖြစ်ပါဘူး

**ဒေါက်တာဝင်းဖြိုးဟန်**

ယင်းမာပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဖြိုးဟန်အား ဇူလိုင် ၂၇ ရက်တွင် သွားရောက်တွေ့ဆုံ မေးမြန်းထားပါသည်။

**မေး ။ ကိုဗစ်-၁၉ ရောဂါ ဖြစ်လာခဲ့ရင် ဘယ်လိုနေထိုင်စားသောက်သင့်ပါသလဲ။**

ဖြေ ။ ကိုဗစ်-၁၉ ရောဂါကို မကြောက်ပါနဲ့ ၊ မကြောက်ဘဲလည်း မနေပါနဲ့ ၊ ရောဂါပိုးက လေကတစ်ဆင့် ကူးစက်မြန်တဲ့ရောဂါ ဖြစ်ပါတယ်။ မိမိကိုယ်တိုင် ကိုယ်ခံအား ကောင်းအောင်နေထိုင်ပါ၊ မိမိကိုယ်တိုင်လည်း အစားအသောက်ကို ပုံမှန်အတိုင်း စားသောက်နေထိုင်ကြပါ။ အစားအသောက်ကို ရှောင်ရမယ်ဆိုတာ မရှိပါဘူး။ မိမိအသုံးအဆောင်ပစ္စည်းတွေကို သီးခြားထားပါ။ တစ်ကိုယ်ရေသုံးပစ္စည်းများကို မျှဝေသုံးစွဲခြင်းကနေ ရှောင်ကြဉ်ရပါမယ်။

**မေး ။ ယင်းမာပင်ဆေးရုံမှာ လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ကာကွယ်ခြင်းကို ကျွန်တော်ကိုယ်တိုင်နဲ့ ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများကနေ ဆောင်ရွက်ပေးနေပါတယ်။ ယင်းမာပင်မြို့နယ်မှာ ပိုးတွေ့လူနာ ၄၀ အထိ လက်ခံကုသပေးနိုင်ပါတယ်။ လိုအပ်တဲ့ အောက်ဆီဂျင်နဲ့ ဆေးဝါးတွေလည်း အပြည့်အစုံရှိပါတယ်။ လိုအပ်တဲ့ အောက်ဆီဂျင်ပေးစက်၊ အောက်ဆီဂျင်ဖြည့်အိုးတွေလည်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၊ လူမှုကူညီရေးအသင်းတို့နဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။

**မေး ။ ကိုဗစ်-၁၉ ရောဂါ သံသယလူနာတွေကို ရောဂါရှိ/မရှိ ဘယ်လိုစစ်ဆေးပေးနေပါသလဲ။**

ဖြေ ။ ကိုဗစ်-၁၉ ရောဂါ သံသယလူနာတွေကို Test Kit နဲ့ စစ်ပေးနေပါတယ်။ တစ်ပတ်မှာ အင်္ဂါနေ့နဲ့ ကြာသပတေးနေ့တိုင်း စစ်ဆေးပေးနေပါတယ်။ ပိုးမတွေ့ရင်လည်း အိမ်မှာသုံးပတ် သီးခြားနေထိုင်ခိုင်းပါတယ်။ ပိုးတွေ့လူနာတွေကိုတော့ ယင်းမာပင်မြို့ ယင်းမာပင်ပြည်သူ့ဆေးရုံ ကိုဗစ်-၁၉ သီးသန့်လူနာဆောင် (Isolation Word ) မှာ ထားရှိကုသပေးပါတယ် ။



**မေး ။ ရောဂါလက္ခဏာတွေ့ရင် ဘယ်လိုဆက်သွယ်ဆောင်ရွက်လို့ရပါသလဲ။**

ဖြေ ။ ပြင်းထန်စွာဖျားခြင်း၊ ချောင်းဆိုး၊ လည်ချောင်းနာ၊ အနံ့ပျောက်၊ ဗိုက်နာ၊ မျက်စိနီနဲ့ ပြင်းထန်တုပ်ကွေးလက္ခဏာတွေရှိရင် လာရောက်ဆက်သွယ်သင့်ပါတယ်။

**မေး ။ လက်ရှိအနေအထားအရ တချို့နေရာတွေမှာ အောက်ဆီဂျင်ပြတ်လပ်မှုတွေ ကြုံတွေ့နေရတယ်လို့ ကြားသိရပါတယ်။ ယင်းမာပင်ဆေးရုံမှာရော လူနာတွေအတွက် အောက်ဆီဂျင် ပြတ်လပ်မှုမရှိအောင် ဘယ်လို စီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ယင်းမာပင်ဆေးရုံမှာတော့ အောက်ဆီဂျင် ပြတ်လပ်မှုမရှိသေးပါဘူး၊ အောက်ဆီဂျင်ပေးတဲ့ စက်သုံးလုံး၊ အောက်ဆီဂျင်ပြန်ဖြည့်ရတဲ့ လေအိုး ၄၀ လီတာ ၁၀ လုံး အဆင်သင့်ရှိပါတယ်။ လူနာကို မော်နီတာပေးတဲ့စက်လည်း ဆေးရုံမှာရှိပါတယ် ။ လက်ရှိဆေးရုံတက်နေတဲ့ လူနာ ၄၀ မှာ အောက်ဆီဂျင်ပေးရတဲ့လူနာလည်း မရှိသလောက်ပါပဲ။ ယင်းမာပင်ဆေးရုံမှာတော့ လူနာတွေအတွက် အောက်ဆီဂျင် လုံလောက် ပြည့်စုံပါတယ်။

**မေး ။ Quaratine Center နဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ယင်းမာပင်မြို့နယ်မှာ ပိုးတွေ့လူနာများလာရင် လူနာ ၂၀ စီ ထားဖို့အတွက် Quaratine Center သုံးနေရာ စီစဉ် ဆောင်ရွက်ထားပါတယ်။ မြို့တော်ခန်းမ၊ မိုးလုံလေလုံအားကစားခန်းမ နဲ့ ကုသဆောင်(၂) တို့မှာ စီစဉ်ဆောင်ရွက်ထားပါတယ်။

**မေး ။ ပိုးတွေ့လူနာတွေအတွက် ဆေးရုံမှာ ဆောင်ရွက်ပေးနေမှုအခြေအနေကို သိလိုပါတယ်။**

ဖြေ ။ ပိုးတွေ့လူနာတွေကို ဆေးရုံမှာ စောင့်ကြပ်ပြီး တစ်နေ့ နှစ်ကြိမ် လိုအပ်ချက်တွေကို ကြည့်ရှုပေးတဲ့အပြင် အရေးပေါ်ကုသမှုကိုလည်း အချိန်မီဆောင်ရွက်ပေးနေပါတယ်။

**မေး ။ လက်ရှိ ဆေးရုံတက်နေတဲ့ လူနာဦးရေနဲ့ ပြန်လည်ကျန်းမာလာမှုအခြေအနေ သိရှိလိုပါတယ်။**

ဖြေ ။ ယင်းမာပင်မြို့နယ်မှာ ပိုးတွေ့လူနာဦးရေအနေနဲ့ ၁၄၄ ဦးရှိပါတယ်။ သေဆုံးသူ တစ်ဦးရှိပါတယ်။ သေဆုံးသူက ပိုးတွေ့တာမှန်ပေမယ့် အသက်အရွယ်ကြီးရင့်နေပြီး အသည်းခြောက်၊ အစာအိမ် သွေးကြောပေါက်ရောဂါနဲ့ သေဆုံးခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေ့မှာဆိုရင် ပိုးတွေ့လူနာအားလုံး ကျန်းမာပြီး ဆေးရုံကဆင်းသွားပြီဖြစ်ပါတယ်။

**မေး ။ ကာကွယ်ဆေးထိုးဖို့ ကျန်ရှိနေသေးတဲ့သူတွေကို ထိုးနှံပေးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုကို သိလိုပါတယ်။ ကာကွယ်ဆေးထိုးနှံပြီးသူများရော ရောဂါကူးစက်နိုင်ပါသလားဆရာ။**

ဖြေ ။ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အခြေအနေနှစ်မျိုးနဲ့ ဆောင်ရွက်နေပါတယ်၊ နံပါတ်တစ်အချက်အနေနဲ့ အသက်အရွယ် အပိုင်းအခြား၊ နံပါတ်နှစ်က ပြည်သူလူထုနဲ့ထိစပ်တဲ့လူရဲ့ အလုပ်အကိုင်အနေအထားနဲ့ ဆောင်ရွက်ပါတယ်။ အသက်အလွန်ငယ်တဲ့ ၁၈ နှစ်အောက်ဆိုရင် ကာကွယ်ဆေးထိုးမပေးပါဘူး။ အသက်အလွန်ကြီးတဲ့သူတွေ၊ ပင်စင်စားတွေ ၊ Public နဲ့ ထိစပ်တဲ့လူတွေ၊ လူမှုရေးအဖွဲ့အစည်းကလူတွေကို ဦးစားပေးပြီး ကာကွယ်ဆေးကို ညွှန်ကြားချက်အတိုင်း ထိုးပေးပါတယ်။ ကာကွယ်ဆေး ပထမအကြိမ်ထိုးရင် ၇၆ ရာခိုင်နှုန်း၊ ဒုတိယအကြိမ်ထိုးရင် ၉၈ ရာခိုင်နှုန်း ကာကွယ်ပါတယ်။ ကာကွယ်ဆေးထိုးပြီးရင်လည်း မကူးဘူးတော့မဟုတ်ဘူး၊ ကူးပါတယ်။ ဒါပေမယ့် ဆိုးရွားတဲ့ ကိုဗစ်၊ သေနိုင်လောက်တဲ့ ရောဂါတော့မဖြစ်ပါဘူး။ အဲဒါကတော့ ကာကွယ်ဆေးရဲ့ ကောင်းကျိုးတစ်ခု ဖြစ်ပါတယ်။

**မေး ။ အခြားဖြည့်စွက် ပြောကြားလိုတာရှိရင် ပြောကြားပေးပါဆရာ။**

ဖြေ ။ လက်ရှိအနေအထားမှာတော့ ကျွန်တော်တို့ လုပ်နေတာက ကာကွယ်ရေးရော၊ ကုသရေးပါ အကုန်လုံး လုပ်ကိုင်နေပါတယ်။ ကျန်းမာရေးဌာနရော၊ ဆိုင်ရာနှီးနွှယ်ဌာနတွေရော ၊ ပြည်သူလူထုရော၊ လူမှုရေးအဖွဲ့အစည်းများရော ပေါင်းစပ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ထပ်ပြီးတော့ လိုအပ်ချက်တွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ သို့သော် ဒီရောဂါက ပြည်သူအများနဲ့ဆိုင်တဲ့ ရောဂါဖြစ်တဲ့အတွက် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှ စည်းကမ်းတကျနေမှသာ ဒီရောဂါကို အောင်မြင်စွာ ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူပြည်သား အားလုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်းသူ-ဦးသန်းဌေး(ခရိုင်ပြန်/ဆက်)**
**သတင်းရိုက်ကူးသူ- ဦးစိုးမိုးထိုက်(ခရိုင်ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး Oxygen Station တစ်ခု တည်ဆောက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ပိုးတွေ့လူနာများအတွက် အောက်ဆီဂျင် လိုအပ်ချက်များကို ပြည့်မီအောင် ပြည်တွင်းရှိစက်ရုံများမှ တိုးမြှင့်ထုတ်လုပ်ခြင်း၊ ပြည်ပမှ မှာယူတင်သွင်းခြင်း၊ စက်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းတို့ဖြင့် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ထိုသို့ Oxygen စက်ရုံများ တိုးချဲ့တည်ဆောက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီလဝါရေတပ်သင်္ဘောကျင်းဌာနချုပ်၌ တစ်ရက်လျှင် လီတာ ၄၀ အိုး အလုံး ၄၀၀ ထုတ်လုပ်နိုင်သည့် Oxygen Station တစ်ခုကို ဇူလိုင် ၁၆ ရက်မှ စတင်၍ နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ ဩဂုတ် လလယ်တွင် ဆောက်လုပ်ပြီးစီးနိုင်ရေး တည်ဆောက်လျက်ရှိကြောင်းနှင့် Oxygen ထုတ်လုပ်မည့်နည်းစနစ်မှာ လေထုထဲရှိ လေကို Air Compressor ဖြင့် စုပ်ယူပြီး Per-Purification Unit ကို ဖြတ်သန်းစီးဆင်းကာ လေထဲတွင်ပါလာသော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ ဖယ်ရှားစစ်ထုတ်ပေးပြီး ကျန်ရှိသော အောက်ဆီဂျင်၊ နိုက်ထရိုဂျင်နှင့် အာဂွန်ဓာတ်ငွေ့များအား Fractionating Column သို့ပေးပို့ကာ ၎င်းမှတစ်ဆင့် လိုအပ်သော Oxygen ဓာတ်ငွေ့များအား ထုတ်ပေးသောစနစ်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသက်(၆၅)နှစ်နှင့်အထက် ဒေသခံပြည်သူများကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ကြီးဌာနပေါင်းစုံမှ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသည့် ဝန်ထမ်းများ ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး SINOPHARM ကို ဒုတိယအကြိမ် ထိုးနှံပေးကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်ရာ ယနေ့တွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ဝန်ထမ်း ၆၈၂ ဦးကို နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့မှ တပ်မတော်သားဆေးမှူး၊ ပါရဂူများ၊ စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ဆေးထိုးနှံပေးခြင်းဖြစ်သည်။ အဆိုပါ ဝန်ကြီးဌာနပေါင်းစုံမှ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိနေသည့် ဝန်ထမ်းများ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇူလိုင် ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်များအတွင်းရှိ အသက်(၆၅ နှစ်)နှင့် အထက်ပြည်သူ စုစုပေါင်း ၁၃၅၀ ကို သတ်မှတ်နေရာအသီးသီး၌ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး SINOPHARM ကို ထိုးနှံပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေကျဆင်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဇူလိုင် ၂၅ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ ကျဆင်းလာမှုကြောင့် မြို့နယ်အချို့တွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိ၍ အများပြည်သူ အသုံးပြုသော ကားလမ်းများနှင့် ကျေးရွာအဝင်များတွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**



**ပြောင်းရွှေ့နေရာချ**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ရေးမြို့ ကမ်းနားလမ်းရပ်ကွက်ရှိ ရန်ကြီးအောင် တိုးချဲ့ရပ်ကွက်မှ အိမ်ထောင်စု ၃၇ စု၊ လူဦးရေ ၁၅၆ ဦးကို အဆိုပါရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

အလားတူ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လှိုင်းဘွဲ့ချောင်းရေ မြင့်တက်လာမှုကြောင့် လှိုင်းဘွဲ့မြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် (က)ရပ်ကွက်မှ အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၃၈ ဦးကို Cyclone Shelter နှင့် ကမော့ကချူး အခြေခံပညာ အထက်တန်း ကျောင်းခွဲသို့လည်းကောင်း၊ (ခ)ရပ်ကွက်နှင့် (ဂ) ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၂၃ စု၊ လူဦးရေ ၁၃၂ ဦးကို အောင်ဆန်းခန်းမသို့လည်းကောင်း၊ (ဃ)ရပ်ကွက်ရှိ အိမ်ထောင်စု ၄၀၊ လူဦးရေ ၁၉၆ ဦးကို မြို့မဂျာမေဗလီနှင့် အောင်ဆန်းခန်းမသို့လည်းကောင်း အသီးသီး ပြောင်းရွှေ့ နေရာချထားပေး၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပစ္စည်းပေးအပ်**

ထို့အပြင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာအုပ်စုအနီးရှိ တောင်တန်းသည် ဇူလိုင် ၂၆ ရက် ညနေပိုင်းက မြေပြိုကျ၍ တောင်အောက်ခြေရှိ လူနေအိမ်ငါးလုံး မြေပိပျက်စီးကာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မြေပြိုကျမှု ဖြစ်ပွားရာနေရာသို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မှ တပ်မတော်သားများက မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ လိုအပ်သည့်ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး သေဆုံးသူ၏ ဆွေမျိုးများထံသို့ ငွေကျပ် ၃ သိန်း နှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်(၁) ရက်အတွင်း (၁) ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

## မြဝတီမြို့၌ သောင်းရင်းမြစ်ရေမြင့်တက်ပြီး အနိမ့်ပိုင်းရပ်ကွက်များ ရေကြီး လူဦးရေ ၁၄၀၀ ကျော် ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့

**မြဝတီ ဇူလိုင် ၂၇**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့သည် သောင်းရင်းမြစ်နှင့် နယ်နိမိတ်ပိုင်းခြားထားပြီး ယမန်နေ့ ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်း၍ အဆိုပါ သောင်းရင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၉၆၃ စင်တီမီတာကို ကျော်လွန်ကာ မြစ်ရေလျှံတက်ပြီး အနိမ့်ပိုင်း နေရာများ ရေကြီးမှုဖြစ်ပွားခဲ့သည်။

ထိုသို့ သောင်းရင်းမြစ်ရေ မြင့်တက်ခဲ့သည့်အတွက် အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၄) နှင့် အမှတ် (၅) ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများ ရေကြီးမှု ဖြစ်ပွားကာ အိမ်ခြေ ၃၂၃ အိမ်၊ အိမ်ထောင်စု ၃၂၃ စုမှ စုစုပေါင်း လူဦးရေ ၁၄၆၉ ဦးတို့အား ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ခဲ့သည်။

ယခုလက်ရှိ မြဝတီမြို့တွင် ရေဘေးရှောင်စခန်း ၁၀ နေရာကျော် ဖွင့်လှစ်ထားရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေဘေးရှောင်စခန်းများသို့ ယမန်နေ့ ညပိုင်းက ရောက်ရှိခဲ့သည့် အိမ်ထောင်စု ၁၄၁ စုမှ လူဦးရေ ၇၁၃ ဦးတို့အတွက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်က ဆန် ၅၉ အိတ်နှင့် လေးပြည်၊ ကြက်သွန်နီတို့ကို ထောက်ပံ့ပေးပြီး ကျန်အိမ်ထောင်စုများလည်း ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်**

# သံတွဲမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း ဇူလိုင် ၂၆ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရခိုင်ရိုးမပေါ်မှ တောင်ကျရေများ ကျဆင်းလာမှုကြောင့် သံတွဲချောင်းရေသည် ၇၀၅ စင်တီမီတာအထိ မြင့်တက်ခဲ့ရာ စိုးရိမ်ရေအမှတ်ထက် ၅၅ စင်တီမီတာ ကျော်လွန်ခဲ့သဖြင့် အဆိုပါမြို့ရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်၊ အမှတ်(၇) ရပ်ကွက်နှင့် အံတော် ကျေးရွာများတွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်နိုင်ရေး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးသည်။



ထို့အပြင် သံတွဲမြို့ရှိ အောက်ဆီဂျင် စက်ရုံနှင့် ပြည်သူ့ဆေးရုံများတွင် ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့ရာ **(အပေါ်ပုံ)** နယ်မြေခံ တပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အောက်ဆီဂျင်အိုးများကို ကူညီသယ်ဆောင်ပေးခြင်း၊ သံတွဲ- ငပလီသွားကားလမ်းနေရာတွင် မြေပြိုကျမှုများကို ရှင်းလင်းဖယ်ရှားခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ အလှူငွေပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ခွတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းများ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် ကာကွယ်ရေးဦးစီးရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

**လှူဒါန်းငွေ ၂ ဒသမ ၂၁၈ ဘီလီယံ**

ဦးစွာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက လှူဒါန်းရသည့် အကြောင်းရင်း ရှင်းလင်းပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းငွေ ၂ ဒသမ ၂၁၈ ဘီလီယံကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဆေးရုံများသို့ ပို့ဆောင်**

တပ်မတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အဘက်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ဒုတိယလှိုင်းဖြစ်ပွားသည့်ကာလတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းငွေ ၄ ဒသမ ၇၀၄ ဘီလီယံကို ပေးအပ်လှူဒါန်း၍ အဆိုပါလှူဒါန်းငွေများဖြင့် အရပ်ဘက် ပြည်သူ့ဆေးရုံ ၁၁၆၈ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၀၇၀ ကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူ၍ သက်ဆိုင်ရာဆေးရုံများသို့ အရောက်ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်မြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် အလှူရှင်များ လှူဒါန်းထားသော အောက်ဆီဂျင်ထုတ်လုပ်သည့် စက်သစ်တပ်ဆင်ထားမှုအခြေအနေနှင့် ကုသရေးစင်တာအတွင်း ကိုဗစ်-၁၉ ပိုးတွေ့လူနာများအား နေရာချထားပေးမည့် အိပ်ဆောင်များတွင် အောက်ဆီဂျင်ပိုက်လိုင်းများ တပ်ဆင်ဆောင်ရွက်ထားသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) Lambo Disinfecting Services co.Ltd မှ ဒေါ်တွယ်တာနိုင်က ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများတွင် အသုံးပြုနိုင်ရန် ကိုဗစ်-၁၉ ရောဂါ ပိုးသတ်ဆေးရည်နှင့် ဆေးပုံးများကို လှူဒါန်းရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ တိုင်းမှူးဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရန်ကင်းကုသရေးစင်တာအတွင်း ကိုဗစ်-၁၉ ပိုးတွေ့လူနာ စုစုပေါင်း ၆၀၀ ခန့် စောင့်ရှောက်ကုသနိုင်ရေး အိပ်ရာခုတင်ပြင်ဆင်မှုများ၊ ထရန်စဖော်မာတပ်ဆင်မှုနှင့် ယာယီခွတ်လှေကားတပ်ဆင်ရန် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုသည်။

ထို့နောက် ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရေဝေးသုသာန်၌ အသစ်တည်ဆောက်နေသည့် မီးသင်္ဂြိုဟ်စက် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော Liquid Oxygen ဝယ်ယူရန်နှင့် ဆေးဝါးများထောက်ပံ့လှူဒါန်းရန် စေတနာရှင် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၇**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော Liquid Oxygen ဝယ်ယူရန်နှင့် ကိုဗစ်လူနာများအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းရန် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမင်း၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**အလှူငွေများပေးအပ်**

ဦးစွာ စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ စုပေါင်းအလှူရှင်များမှ လှူဒါန်းငွေကျပ် ၇၇၅ သိန်း တန်ဖိုးရှိ Oxygen Concentrator 10L အလုံး ၅၀၊ နှာခေါင်းစည်း အခု ၅၀၀၀၀၊ ဦးအောင်ဝင်းနှင့် ဒေါ်ဝေဝေထွေး မိသားစုက ငွေကျပ်သိန်း ၂၄၀၊ ဦးအောင်ထွေး (Great Cairo Co.Ltd)မှ ငွေကျပ်သိန်း ၁၀၀၊ ပြည်သူ့ ရှေ့ဆောင်ပါတီမှ ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်းမှ ငွေကျပ်သိန်း ၅၀၊ ထက်အာကာကျော် ကုမ္ပဏီမှ ငွေကျပ် ၂၁၅ သိန်း တန်ဖိုးရှိ Oximeter အလုံး ၁၀၀၊ Test Kit ၁၅၀၀ နှင့် နှာခေါင်းစည်း ၁၀၀၀၀ တို့ကို လှူဒါန်းကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တိုင်းဒေသကြီး ကောင်စီဝင်များက လက်ခံရယူကြသည်။

**ဂုဏ်ပြုမှတ်တမ်းပေးအပ်**

အလားတူ အနောက်တောင် တိုင်းစစ်ဌာနချုပ် ညော့်ခန်းမ၌ စေတနာရှင် အလှူရှင် ဦးရဲမင်း မိသားစုက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ယနေ့ နံနက်ပိုင်းတွင် လာရောက်ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် အောင်အောင် က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၇**

ကိုဗစ်-၁၉ ရောဂါ ခွတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) သို့ အောက်ဆီဂျင်အိုး အလုံး ၅၀ ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၃၀ ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး သို့ အောက်ဆီဂျင်အိုး လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၈၀ ကို အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၃၀ နှင့် အုတ်ဖိုမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၅၀ တို့ကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက လည်းကောင်း သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၁၃)ရပ်ကွက် စတုဘုမ္မိကမင်္ဂလကျောင်းတိုက် ဦးစီးပဓာနနာယက၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်းဂဏာဓိပတိ ဆရာတော်ဘဒ္ဒန္တသုန္ဒရ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဝနတ်ထံပျံလွန်တော်မူ

ပဲခူး ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ အမှတ်(၁၃) ရပ်ကွက်၊ စတုဘုမ္မိကမင်္ဂလကျောင်းတိုက် ဦးစီးပဓာနနာယက၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်းဂဏာဓိပတိ၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသုန္ဒရ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်၊ (၂၄-၇-၂၀၂၁)၊ စနေနေ့၊ နေ့လယ်(၁၂ ၀၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ ညနေ (၄: ၀၀)နာရီတွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိ ဈာပန ပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့ ကားဈေးကွက် အငှားယာဉ်ရောင်းလိုအား နှစ်ဆခန့် မြင့်တက်သော်လည်း အဝယ်မရှိဖြစ်နေ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြို့ ကားဝယ်ရောင်းဈေးကွက်အတွင်းတွင် ဇူလိုင်လဆန်းမှစ၍ အငှားယာဉ်ရောင်းချခြင်းများ ယခင်ထက် ပိုမိုမြင့်တက်လျက်ရှိကြောင်း ဝါရင့်ကားဝယ်ရောင်း ပြုလုပ်သူများထံမှ သိရသည်။

ဈေးကွက် အတွင်းတွင် ရောင်းချရန် လာရောက်အပ်နှံသည့်ကားများအနက် ယခင်က အငှားယာဉ် အနည်းဆုံးတစ်စီးမှ အများဆုံး သုံးစီးအထိသာပါဝင်ခဲ့ပြီး ယခုအခါ ခြောက်စီးအထိ လာရောက်အပ်နှံမှုများ ရှိနေသဖြင့် အငှားယာဉ်ရောင်းလိုအား နှစ်ဆကျော် မြင့်တက်လာကြောင်း ကားဝယ်ရောင်း ပြုလုပ်သူ ဦးလေးမြင့်က ပြောသည်။

"တစ်နေ့တစ်နေ့ ကျွန်တော်တို့ဆီကို ကားရောင်းဖို့လာအပ်တာတွေ အများကြီးရှိတယ်။ ဒီထဲမှာ အငှားယာဉ်တွေရဲ့ အနေအထားက ရောင်းလိုအားနှစ်ဆလောက်ဖြစ်လာတယ်။ အရင်က တစ်နေ့ သုံးစီးလောက်ပါရင် အခု ခြောက်စီးလောက် ပါလာတယ်။ နှစ်ဆလောက် တက်လာတဲ့သဘောပေါ့။ ကိုဗစ်ကာလမှာ လူတွေက အသွားအလာသိပ်မရှိကြတာရယ်၊ စားဝတ်နေရေး ခက်ခဲလာကြတာရယ်ကြောင့် လက်ထဲမှာ ငွေသားပဲကိုင်ချင်တဲ့သဘောနဲ့ ရောင်းလာကြတာ" ဟု ၎င်းကပြောသည်။

ထို့အပြင် ယာဉ်ပိုင်ရှင်များ အနေဖြင့် ကားဈေးများ အဆမတန် လျှော့ချရောင်းလာကြသော်လည်း ဈေးကွက်အတွင်း အဝယ် မရှိဘဲ အေးနေကြောင်း သိရသည်။

"ယာဉ်ပိုင်ရှင်တွေ အနေနဲ့လည်း ဈေးတွေကိုအရင်ကထက် ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းအထိ လျှော့ပြီး ရောင်းလာကြတယ်။ ဒါပေမယ့် ဈေးကွက်ထဲမှာကလည်း အဝယ်ထက် အရောင်းပဲများလာပြီး ဈေးကွက်အေးနေတဲ့သဘောပေါ့။ ရင်းနှီးမြှုပ်နှံတဲ့သူတွေအတွက် ဝယ်ထားသင့်တဲ့ အနေအထားဆိုပေမယ့် ရောင်းသူကလည်း ငွေသားပဲ လိုချင်တယ်။ ဝယ်သူကလည်း ငွေသား မပေးနိုင်တဲ့ အနေအထားတွေဆိုတော့ ရင်းနှီးမြှုပ်နှံမယ့်သူ တွေလည်း လက်ရှောင်နေရတဲ့ အနေအထားပေါ့"ဟု ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးဆောင် ဦးမြထွေးက ပြောသည်။



ရန်ကုန်မြို့၏ ကားဝယ်ရောင်း ဈေးကွက်အနေအထားမှာ ကိုဗစ်ပထမအကျော့မှ စတင်၍ အေးစက်နေပြီး ယခုနှစ်ကုန်ပိုင်းတွင် ဈေးကွက်ပြန်ဖြစ်လာနိုင်မည်ဟု ဝါရင့်ကားဝယ်ရောင်း ကျွမ်းကျင်သူများက ခန့်မှန်းကြကြောင်း သိရသည်။

**သတင်း- အေမင်း၊**
**ဓာတ်ပုံ - ရွှေအပ်**

## ပုလဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

ပုလဲ ဇူလိုင် ၂၇


စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေးအတွက် ဇူလိုင် ၂၆ ရက်မှစတင်၍ စုပေါင်းစစ်ဆေးရေးဂိတ်သုံးဂိတ်ထားရှိ၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်ထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးညီညီနှင့် ဌာနတာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကျွန်တော်တို့ ပုလဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းထွန်းအောင်ရဲ့ ဦးဆောင်မှုဖြင့် ဌာနအသီးသီးမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ ပါဝင်သည့် အမှတ် (၁) စုပေါင်းစစ်ဆေးရေးဂိတ်ကို ပုလဲမြို့အဝင် ဂန့်ဂေါ- ပုလဲကားလမ်းဘေးတွင် လည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဌေးအောင် ဦးဆောင်သည့် အမှတ်(၂)စုပေါင်းစစ်ဆေးရေးဂိတ်ကို ပုလဲမြို့အဝင် ပုလဲ-ဆားလင်းကြီးကားလမ်းဘေးရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့မှာ လည်းကောင်း၊ မြို့နယ်မီးသတ် ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဝေဠုမောင် ဦးဆောင်သည့် အမှတ် (၃) စုပေါင်းစစ်ဆေးရေးဂိတ်ကို မြို့အဝင် ပုလဲ - ယင်းမာပင် ကားလမ်းဘေးရှိ အမျိုးသမီးအိမ်တွင်း မှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းရှေ့မှာလည်းကောင်း ဇူလိုင်၂၆ ရက်မှစတင်၍ ထားရှိပြီး နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် အသိပေးနှိုးဆော်ခြင်း၊ ဖြတ်သန်းသွားလာနေသည့် အများပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်းများ တပ်ဆင်ခြင်းရှိ/ မရှိ စစ်ဆေးခြင်း၊ နှာခေါင်းစည်း တပ်ခြင်းမရှိဘဲ ဖြတ်သန်းသွားလာနေသူများအား အရေးယူဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို အမြန်ကာကွယ် တားဆီးထိန်းချုပ်နိုင်ရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများကို မိဘပြည်သူများအားလုံးက ကိုယ်စီလိုက်နာကြပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ စတုဘုမ္မိကမင်္ဂလကျောင်းတိုက် ဦးစီးပဓာနနာယက၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းဂဏာဓိပတိ ဆရာတော်ဘဒ္ဒန္တသုန္ဒရ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း




ဆရာတော် လောင်းလျာသည် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ တောင်ညို ကျေးရွာ ခမည်းတော် ဦးဖိုးတာ၊ မယ်တော် ဒေါ်စိန် ကျော့တို့မှ ၁၂၉၂- ခုနှစ်၊ နတ်တော်လဆန်း(၂) ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၆ -ခုနှစ်၊ တပေါင်းလဆန်း(၁) နေ့တွင် သံတွဲမြို့နယ်၊ တောင်ညိုကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၁-ခုနှစ်၊ တပေါင်းလဆန်း(၁၅)ရက်နေ့တွင် တောင်ညိုကျေးရွာ ရွာဦးကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် သံတွဲမြို့နယ်၊ တောင်ညိုကျေးရွာ၊ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည၊ မန္တလေးမြို့၊ စတုဘုမ္မိကမင်္ဂလရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရစသော ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊ သာသနာပြုသက်တမ်း (၅၉) နှစ်အတွင်း သာသနိက အဆောက်အဦများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၏ ဂဏာဓိပတိအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သြဝါဒါ စရိယစသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ သယ်ပိုးရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် ဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်စသည်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၆-ခုနှစ်တွင် မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ၂၀၂၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၁) ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁)ရက်၊ (၂၄-၇-၂၀၂၁)၊ စနေနေ့၊ နေ့လယ် (၁၂: ၀၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ ညနေ (၄:၀၀)နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိဈာပနပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆေးနှင့် ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ၂၇-၇-၂၀၂၁ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၁၁၂ ခုမှ Oxygen Concentrator ၃၈၇၉ ခု၊ Oximeter ၆၂၇၁၇ ခု၊ Oxygen Regulator ၁၀၃၆ ခု၊ Disposable Virus Specimen Collection Tube ၇၂ ခု၊ Flow Meter အခု ၂၄၀၀၊ Fxvit Tablet အခု ၅၀၀၊ PPE အခု၂၀၀၀၊ Steriliter အခု၂၀၀၊ Test Kit အခု ၉၆၆၀၊ Thermometer အခု ၄၀၀၀၊ Oxygen Mask အခု ၂၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံလေးမျိုး (8185.7) kg၊ နယ်စပ်(မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း) တွင် ကုမ္ပဏီ ၄၆ ခုမှ Surgical Mask / Disposable Face Mask ၈၆၄၄၁ Kg၊ Oxygen Liquid ၁၅၄၀၉.၃၈ $m^3$၊ Liquid Oxygen ၁၉.၅၂ တန်၊ Oxygen Concentrator ၂၄၅၆ ခု၊ PPE Gown အခု ၅၀၀၀၊ Oxygen Cylinder ၃၄၂၆ ခု၊ Flat Mask Machine တစ်စုံ၊ Regulator ၃၀၆၁ ခု၊ Oximeter ၁၀ ခု၊ Humidifying Bottle အခု ၃၀၀၀၊ Oxygen Mask အခု ၃၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# သီပေါ၌ တစ်ရက်လျှင် လီတာ ၂၄၀၀ အောက်ဆီဂျင် ထွက်ရှိမည့် စက်ရုံတည်ဆောက်မည်

**သီပေါ ဇူလိုင် ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလ အတွင်း အောက်ဆီဂျင်လိုအပ်နေသော လူနာများအား ဖြန့်ဝေပေးနိုင်ရန်အတွက် တစ်ရက် လျှင် အောက်ဆီဂျင် လီတာ ၂၄၀၀ ထွက်ရှိမည့်စက်ရုံအဆောက်အအုံ တည်ဆောက်နိုင်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၆ ရက်က ဒုဋ္ဌဝတီမြစ်အရှေ့ဘက်ကမ်း အလှူရှင် ဦးဆန်နီလှူဒါန်းသော ခြံမြေ၌ ကျင်းပသည်။

ရှေးဦးစွာ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့် မြေနေရာအား ဆရာတော်သံဃာတော်များက မြေသန့်မင်္ဂလာပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ အောက်ဆီဂျင်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောနိုင်၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးကြသည်။

အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် သီပေါအသင်း(မန္တလေး)က မတည်လှူဒါန်းငွေကျပ်သိန်း ၂၀၀၊ ဦးစိုင်းရွှေလှ (ရွှေနိုင်ငံ) မိသားစုက ငွေကျပ်သိန်း ၁၅၀၊ မြို့လယ်ရပ်နေ စေတနာရှင်မောင်နှမများက ငွေကျပ်သိန်း ၁၅၀၊ ညောင်ပင်ကွင်းကျေးရွာမှ ပူခို+နိုင်းခိုအားရည်စုး၍ သားသမီးများက ငွေကျပ်သိန်း ၁၀၀၊ ဦးစောနိုင်-ဒေါ်နန်းမြင့်မြင့် သိန်း(ပြည့်ဖြိုးအောင်)မိသားစုက ငွေကျပ်သိန်း ၅၀၊ ဘဏ္ဍာရေးမှူး ဦးမြင့်သူ-ဒေါ်နန်းလှရင်တို့က ငွေကျပ်သိန်း ၅၀၊ ဦးအေးဖုန်း-ဒေါ်နန်းစိုးစိုးသိန်း (သန့်သန့်လေးစက်သုံးဆီ)က ငွေကျပ်သိန်း ၃၀၊ အောက်ဆီဂျင်ဖြစ်မြောက်ရေးအတွင်းရေးမှူး ဦးစိုင်းဇော်ဝင်း-ဒေါ်နန်းစောရွှေတို့က ငွေကျပ် ၁၀ သိန်းတို့နှင့်အတူ အလှူရှင်များက ငွေကျပ်သိန်း ၈၀ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၁၂၀၀ ရရှိထားပြီးဖြစ်သည်။

ဆက်လက် လှူဒါန်းမည့်သူများလည်း ရှိနေသေးကြောင်း၊ အလှူရှင်များ၊ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ဆောက်မည်ဖြစ်ပြီး ယခုအချိန်တွင် အောက်ဆီဂျင်ထုတ်ရန် စက်ကိုမှာယူထားပြီဖြစ်ကြောင်း စက်တန်ဖိုးငွေကျပ် ၇၇၅ သိန်းဖြစ်ပြီး စက်ရုံတည်ဆောက်ခြင်း၊ လမ်းခင်းခြင်း၊ လျှပ်စစ်သွယ်တန်းခြင်းစသည့် အသေးစိတ်လုပ်ငန်းများ အပါအဝင်ငွေကျပ်သိန်း ၂၀၀၀ ခန့်ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း မြို့နယ်အောက်ဆီဂျင် ဖြစ်မြောက်ရေးအတွင်းရေးမှူး ဦးစိုင်းဇော်ဝင်းက ပြောသည်။

အလှူငွေများ ထည့်ဝင်ငွေလှူဒါန်းလိုပါက သီပေါမြို့နယ်အောက်ဆီဂျင်ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးစိုင်းဇော်ဝင်း ဖုန်း ၀၉-၅၂၇၈၂၆၈ နှင့် အဖွဲ့ဝင်ဒေါ်နန်းခင်ညွန့်လှူ ဖုန်း ၀၉-၄၅၁၉၄၆၇၇၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုကျိုအိုလံပစ်အမျိုးသမီးဘောလုံး ဆွီဒင်နှင့်အမေရိကန် နောက်တစ်ဆင့်တက်

တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ် (၃) အဖြစ် အုပ်စု (G) မှ နာမည်ကြီး အမေရိကန်အသင်းနှင့် ဩစတြေးလျအသင်း၊ နယူးဇီလန်အသင်းနှင့် ဆွီဒင်အသင်းတို့ ပွဲစဉ်ကို ဇူလိုင် ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ ရာ အမေရိကန်နှင့် ဩစတြေးလျ အသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့ပြီး ဆွီဒင်အသင်းက နယူးဇီလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် အမေရိကန်အသင်းသည် အုပ်စု (G) တွင် သုံးပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး နယူးဇီလန်အသင်းနှင့်ရမှတ်လေးမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်ကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ အဆိုပါ အုပ်စုတွင် သုံးပွဲကစား သုံးပွဲနိုင် ရမှတ် ကိုးမှတ်နှင့်အတူ ဆွီဒင်အသင်းက အုပ်စု ပထမဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် အမေရိကန်အသင်းကို ဝါရင့်ကစားသမားများ ဖြစ်သည့် အဲလက်စ်မော်ဂန်၊ မီဂန်ရာပင်နိုးတို့က ဦးဆောင်လာခဲ့သည်။ ပြိုင်ဘက် ဩစတြေးလျအသင်းကလည်း ယနေ့ပွဲစဉ်တွင် အမေရိကန်အသင်းကို အနိုင်ရရှိခဲ့ပါက နောက်တစ်ဆင့်တက်ရောက်နိုင်ရန်အတွက် ကာပင်တာ၊ ကား၊ ဖောင်လာ၊ လိုဂါဇို စသည့် အဓိက ကစားသမား အများစုဖြင့် ပွဲထွက်လာခဲ့သည်။



ပွဲချိန် ခုနစ်မိနစ်တွင် အမေရိကန်အသင်းမှ အဲလက်စ်မော်ဂန် ဂိုးရရှိနိုင်လောက်သည့် အခွင့်အရေးရရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် အမေရိကန်အသင်း နစ်နာခဲ့ရသည်။ ယနေ့ပွဲစဉ်တွင် ဩစတြေးလျ အသင်းသည် အမေရိကန်အသင်းအပေါ် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှု၊ အမေရိကန် ဂိုးသမား လက်စွမ်းပြ ကာကွယ်ထားနိုင်မှုတို့ကြောင့် သွင်းဂိုးများ မမြင် တွေ့ခဲ့ရခြင်းဖြစ်သည်။ ပွဲချိန်ဒုတိယပိုင်းတွင် ကစားကွက် အပြောင်းအလဲအဖြစ် နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်လာခဲ့သော်လည်း လိုအပ်နေသည့် ဂိုးများကို သွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေဖြင့် အဆုံး သတ်ခဲ့ခြင်းဖြစ်သည်။

အုပ်စု (F) မှ ဘရာဇီးနှင့် ဇမ်ဘီယာအသင်းတို့ ပွဲစဉ်တွင် ဘရာဇီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သလို နယ်သာလန်အသင်းကလည်း တရုတ်အသင်းကို ရှစ်ဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အုပ်စု (E) မှ ကနေဒါနှင့် ဂရိတ်ဗြိတိန်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သော်လည်း နှစ်သင်းစလုံး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် ကနေဒါအသင်းက ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆွီဒင်အသင်းက ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂရိတ်ဗြိတိန်အသင်းက ဩစတြေးလျအသင်းနှင့် တွေ့ဆုံနေကာ နယ်သာလန်အသင်းက အမေရိကန်အသင်းနှင့် တွေ့ဆုံနေသည်။ အဆိုပါ တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၃၀ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# မြင်းခြံမြို့နေပြည်သူများ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလိုလား

**မြင်းခြံ ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် သေနတ်ကိုင်လူသတ်နေသော နှလုံးလှလူမိုက်များအဖွဲ့၊ ဇီးရိုးပြောက်ကျားအဖွဲ့၊ PDF အဖွဲ့၊ ယူဂျီအဖွဲ့၊ ပျူစောထီးအဖွဲ့စသည်ဖြင့် အမည်အမျိုးမျိုးခံထားသည့် သေနတ်ကိုင်အဖွဲ့များ သောင်းကျန်းနေကြောင်း မြင်းခြံမြို့ခံတို့ထံမှ သိရသည်။

တစ်လလျှင် နှစ်ဦးမှ ငါးဦးအထိ လုပ်ကြံသတ်ဖြတ်ခံရပြီး ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ငါးဦးအပါအဝင် နိုင်ငံရေးအရ၊ လူမှုရေးအရ ကျော်ကြားသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ၁၆ ဦးခန့် မြင်းခြံမြို့နယ်တွင် အသတ်ခံခဲ့ရသည်ဟု သိရသည်။

ဒလန်ဟူ၍ စွပ်စွဲကြေညာခံရသူများ၊ သတိပေးခံရသူများ၊ မြင်းခြံမြို့တွင် လူသိများထင်ရှားသူအချို့အား ကြေညာချက်ထုတ်ပြီး ဆိုင်ကယ်စီး၍ သေနတ်ဖြင့်နေ့ခင်းကြောင်တောင် လိုက်လံသတ်ဖြတ်နေကြခြင်းဖြစ်သည်။ ယင်းကြောင့် လုံခြုံရေးအစောင့်အရှောက်ယူရခြင်း၊ သေနတ်၊ လက်နက်ကိုင်ခွင့်ပေးရခြင်းနှင့် လုံခြုံရေးရယူနေရသည် ဆိုသည်။

မိမိတို့မြို့တွင် ဒလန်ဟူ၍ကြေညာခံရသူများမှာ ထင်ကြေးပေးခံရသူများဖြစ်ကြောင်း၊ လူမှားအသတ်ခံရသူလည်းရှိကြောင်း၊ မြို့ခံ ၃၈ ဦးကြေညာခံရပြီး ယင်းထဲမှ နှစ်ဦးအသတ်ခံခဲ့ရကြောင်း၊ နေ့ခင်းကြောင်တောင်သေနတ်ဖြင့် အနီးကပ် အပစ်ခံရခြင်းဖြစ်ကြောင်း မြင်းခြံတွင် လုံခြုံမှုမရှိဟု ခံစားနေရကြောင်း မြင်းခြံဒေသခံတစ်ဦးက ပြောသည်။

**ရာမ(မြင်းခြံ)**

# အိုလံပစ်ကြက်တောင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သက်ထားသူဇာ ဘယ်လ်ဂျီယံပြိုင်ဘက်ကို ရှုံးနိမ့်

**နေပြည်တော် ဇူလိုင် ၂၇**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော 2020 Tokyo Olympic အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲများကို ယနေ့ မွန်းတည့်ချိန်တွင် Musashino Forest Plaza ၌ ကျင်းပရာ အုပ်စုတွင်းပြိုင်ပွဲအဖြစ် အုပ်စု (M)တွင် မြန်မာနိုင်ငံမှ ကြက်တောင် အားကစားသမား သက်ထားသူဇာနှင့် ဘယ်လ်ဂျီယံနိုင်ငံမှ Tan Lianne တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘယ်လ်ဂျီယံနိုင်ငံမှ (၂၁-၆)၊ (၂၁-၈)ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိသွားသည်။

အဆိုပါ အုပ်စု (M)တွင် မြန်မာနိုင်ငံမှ ကြက်တောင်အားကစားသမား သက်ထားသူဇာသည် နှစ်ပွဲကစားရာ နှစ်ပွဲစလုံးရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအသင်းယှဉ်ပြိုင်မည့် ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲအတွက် အသက်ကန့်သတ်ချက် ပြန်လည်အတည်ပြုမည်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲအတွက် အသက်ကန့်သတ်ချက်ကို ပြိုင်ပွဲကျင်းပရေးက ပြန်လည်အတည်ပြုမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့သဖြင့် အသက်ကန့်သတ်ချက်ဖြင့် ကျင်းပသည့် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအတွက် အသက်ကန့်သတ်ချက်ကို ပြန်လည်အတည်ပြုသွားမည်ဖြစ်သည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲ၏အမျိုးသားဘောလုံး ပြိုင်ပွဲတွင် ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲကို ပုံမှန်ကျင်းပရမည့် ၂၀၂၁ ခုနှစ်၌မဟုတ်ဘဲ ၂၀၂၂ ခုနှစ်တွင် ကျင်းပရမည်ဖြစ်သောကြောင့် အသက်ကန့်သတ်ချက်အား ပြန်လည်အတည်ပြုရမည်ဖြစ်သည်။ ပြိုင်ပွဲကို ၂၀၂၂ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့သော်လည်း ယခုနှစ်တွင် အသက် ၂၂ နှစ်ရှိသူများကို ဝင်ရောက်ယှဉ်ပြိုင် ခွင့်ပြု၊ မပြုနှင့် ကျင်းပမည့်နှစ် အပြောင်းအလဲကြောင့် လာမည့်နှစ်တွင် အသက် ၂၂ နှစ်ရှိသူများကိုသာ ယှဉ်ပြိုင်ခွင့်ပြု၊ မပြု ပြန်လည်ဆုံးဖြတ်ရမည်ဖြစ်သည်။ ဗီယက်နမ်အိုလံပစ် ကော်မတီသည် (၃၁) ကြိမ်မြောက် ဆီးဂိမ်း ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဧပြီလကုန် သို့မဟုတ် မေလဆန်းတွင်ကျင်းပရန် လျာထားပြီး ကိုဗစ်-၁၉ ရောဂါအပေါ်မူတည်၍ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပမည့်ရက် သတ်မှတ်ပြီးမှသာ အမျိုးသားဘောလုံးပြိုင်ပွဲ အတွက် အသက်ကန့်သတ်ချက်ကိုလည်း ထုတ်ပြန်သွားဖွယ်ရှိနေသည်။ **ရဲရင့်လွင်**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေးကူးစက်ကျရောက် ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ နှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင် ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန် နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်း မွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ဝင် ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကို ကိုင်တွယ် ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက် အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင် ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၀)ရပ်ကွက်၊
စိန်ချယ်ရီလမ်း၊ အမှတ် (၄၈၂)နေ
ဦးဗိုလ်ဗိုလ်သန်း–ဒေါ်ဇယ်လင်တီနာတင်လေးတို့၏ သားကြီး

**မောင်တာရာဗိုလ်**

**B.A (English,YUFL)**

**နှင့်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် (၃၂) နေ
ဦးအောင်ကျော်ထူး–ဒေါ်ချိုချိုမာတို့၏ သမီး

**မထူးနန္ဒာဦး**

**MBA (Assumption University of Thailand, ABAC)**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီခွင့်ပြုချက်အရ လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

မင်္ဂလာဦးဆွမ်းကျွေးနှင့် အခမ်းအနားကို Covid–19 အခြေအနေများ တည်ငြိမ်သွားသည့်အခါတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**တာရာဗိုလ် – ထူးနန္ဒာဦး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နေပြည်တော်

### ၂၀၂၂ခုနှစ် ဇူလိုင် ၂၈ရက်

## လျှောက်လွှာခေါ်ယူခြင်း

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်နှင့် နယ်ရုံးများတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေးလစာနှုန်း ကျပ်(၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)ရာထူး (၁၀၉)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်သည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၁–၈–၂၀၂၂)ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။(နိုင်ငံ့ဝန်ထမ်း၊ မဟာဘွဲ့/ပါရဂူဘွဲ့ရသူဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်)

(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာပုံစံကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ Website လိပ်စာ http://tourism.gov.mm/mm/၊ နေပြည်တော်နှင့် နယ်ရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ဖော်ပြထားမည်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၃)နှင့် မိမိတို့နီးစပ်ရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ (၃၁–၈–၂၀၂၂)ရက်နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်–

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ

(ခ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်(မူရင်း)

(င) သက်ဆိုင်ရာရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း) (လွန်ခဲ့သောတစ်လအတွင်း)

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံချက်မိတ္တူ

(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်(မူရင်း)

(ဇ) ရက်သတ္တ(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ

၅။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့ထားသော လျှောက်လွှာများ၊ သတ်မှတ်ချက်များနှင့် မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများ၏အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့်နေရာများကို (၇–၉–၂၀၂၂)ရက်တွင် ဝန်ကြီးဌာန၏ Website လိပ်စာ http://tourism.gov.mm/mm/၊ နေပြည်တော်နှင့် နယ်ရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ဖော်ပြသွားပါမည်။

၇။ ရေးဖြေစာမေးပွဲတွင် အင်္ဂလိပ်စာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အထွေထွေဗဟုသုတနှင့် IT ဆိုင်ရာ အသုံးပြုနိုင်မှုတို့ကို ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာတင်ခဲ့သည့် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်ပါမည်။

၈။ အသေးစိတ်သိရှိလိုပါက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဖုန်းအမှတ်–၀၆၇–၃၄၀၆၄၆၆၊ ၀၆၇–၃၄၀၆၅၇၇နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဖုန်းအမှတ်–၀၆၇–၃၄၀၆၁၀၁၊ ၀၆၇–၃၄၀၆၂၅၀၊ ၀၆၇–၃၄၀၆၀၈၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၈၂၇)နေ ဦးရဲရင့်ဇော် ၇/ပတန(နိုင်)၁၂၀၉၄၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၈)ရပ်ကွက်၊ ရန်ကုန်လမ်း၊ အမှတ်(၁၀၀၄)ဟု ခေါ်တွင်သော ဦးအင်ကြည်ဂရန်အမည်ပေါက် အလျား (၂၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသူ ဒေါ်မြတ်သူဇာနိုင် ၉/ခအဇ(နိုင်)၀၀၄၂၁၅ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဦးရဲရင့်ဇော်က စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးရဲရင့်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအာကာဝင့်ဇော်(LL.B)** | **ဒေါ်အိရွှေစင်(LL.B, D.B.L)** |
| **စဉ်–၁၆၁၆၉** | **စဉ်–၁၆၁၇၀** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၄၆၉)၊ အောင်ဇေယျလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၂၅၀၄၉၇၅၉၃၊ ၀၉–၂၅၄၄၅၉၉၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး–လှိုင်သာယာ

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လှိုင်သာယာမြို့နယ်၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါးနှင့် ဆေးပစ္စည်း၊ Consumablesများ၊ ဓာတ်ခွဲပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** – ၂၆–၇–၂၀၂၂
**တင်ဒါပိတ်မည့်ရက်** – ၂၅–၈–၂၀၂၂

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး–လှိုင်သာယာ**
**ဖုန်း–၀၁၃–၆၄၅၀၃၁၊ ၀၉–၇၉၉၇၄၄၄၆၂၊ ၀၉–၄၄၄၄၆၀၇၃၇**
**Fax–၀၁–၇၆၄၈၁၆၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ ၂၀(က) မြောက်ပိုင်းခရိုင်တရားရုံး ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်–၁၉၈

| | | |
|---|---|---|
| (ယခု)ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)(ယခင်)မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်းကိုယ်စား ဒုတိယဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)၊ ဒုတိယမန်နေဂျာ) | **နှင့်** | ၁။ ဦးစိုးထွန်း<br>၂။ ဦးသန်းဝင်းအောင်<br>၃။ Dr.ကျော်ထွန်းမြင့်<br>၄။ ဒေါ်ချောနန္ဒာဝင်း |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ တိုက်အမှတ်(၆၃၅/F)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊ (၄)တရားပြိုင် ဒေါ်ချောနန္ဒာဝင်း ၁၂/ကမရ(နိုင်)၀၄၅၀၉၉ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုဘဏ်၌ တရားပြိုင်များက အာမခံ(အပေါင်)အဖြစ်တင်သွင်းထားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကိုရောင်းချပြီး တရားလိုဘဏ်မှ ၂၀–၂–၂၀၂၀ရက်ထိ ရရန်ရှိငွေ အရင်းအတိုးပေါင်းကျပ် ၂၇၉၇၀၆၃၃၅၄ ကို တရားလိုဘဏ်သို့ ပေးအပ်စေလိုမှု(အပေါင်ဒီကရီရလိုမှု)ကို ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့် အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၂၀ရက် (၁၃၈၃ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ပြည်မြို့နယ်တရားမရုံးတော်၌ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်–၁၅၇

| | | |
|---|---|---|
| ဒေါ်စောမြ(ဘ)ဦးသာအောင်<br>၁၁/ပမန(နိုင်)၀၀၃၀၅၇<br>အမှတ်–၄၀၇၊ ဆံသမာခိရပ်ကွက်<br>မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | **နှင့်** | ၁။ ဦးတိုးလင်း<br>၇/မညန(နိုင်) ၀၇၀၇၇၃<br>၂။ ဒေါ်မြင့်မြင့်ခိုင်<br>၇/ပမန(နိုင်) ၀၅၂၀၈၇<br>(အတူနေလင်မယား)<br>(၅/၄)လမ်း၊ ခေတ္တာရာရပ်ကွက်၊ ပြည်မြို့ |

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ခေတ္တာရာရပ်ကွက်၊ (၅/၄)လမ်းနေ (ယခုနေရပ်လိပ်စာမသိသူ) ဦးတိုးလင်းနှင့် ဒေါ်မြင့်မြင့်ခိုင်တို့ သိစေရမည်။

သင်တို့အပေါ်တွင် တရားလို ဒေါ်စောမြက ဆိုင်ခန်းအား လက်ရောက်ပေးစေလိုမှု (သို့မဟုတ်) ရောင်းကြေးငွေ –၃၂၀၀၀၀၀/–(ကျပ်သုံး ဆယ့်နှစ်သိန်းတိတိ) နှင့်နစ်နာကြေးငွေ–၈၀၀၀၀၀/– (ကျပ်ရှစ်သိန်းတိတိ) စုစုပေါင်း –၄၀၀၀၀၀၀/–(ကျပ်သိန်းလေးဆယ်တိတိ)ရလိုမှုဖြင့် စွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၅ရက် (၁၃၈၃ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ ဦးတိုးလင်းနှင့် ဒေါ်မြင့်မြင့်ခိုင်တို့သည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင် သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စိုးမိုးနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်မြို့နယ်တရားရုံး**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရေဝတီတိုင်းဒေသကြီး–ပုသိမ်မြို့

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ (FDA အသိအမှတ်ပြု) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၂၀–၇–၂၀၂၂(အင်္ဂါနေ့)
**တင်ဒါပုံစံဝယ်ယူရန်နှင့်တင်သွင်းရန်နေရာ** – ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး
**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် ရက်/အချိန်** – ၉–၈–၂၀၂၂(တနင်္လာနေ့) မွန်းတည့်(၁၂)နာရီ

၂။ အသေးစိတ်သိရှိလိုပါက အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့။ ဖုန်း–၂၅၆၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး–ပုသိမ်မြို့**
**ဧရာဝတီတိုင်းဒေသကြီး**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် ၃/ ၂၀၂၂ ဖြင့် တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါဖွင့်လှစ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာနမှ ကတ်သုတ်ကြေးနီ( ၅၀၀၈.၅၇၄) မက်ထရစ်တန် (21)Lot အား အမေရိကန်ဒေါ်လာဖြင့် ရောင်းချလိုကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင်ထည့်သွင်း၍ ၂၁–၇–၂၀၂၂ရက်၌ အိတ် ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြော်ငြာထည့်သွင်းခဲ့ပါသည်။ သို့ရာတွင် ၂၁–၇–၂၀၂၂ရက်သည် အများပြည်သူ အလုပ်ပိတ်ရက်များတွင်ပါဝင်ခဲ့သဖြင့် တင်ဒါဖွင့်လှစ်မည့်ရက်အား ၃၀–၇–၂၀၂၂ရက်သို့ ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းကို ၁၆–၇–၂၀၂၂ ရက် မှ ၁၈–၇–၂၀၂၂ရက်အထိ နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံအသိပေး ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါဖွင့်လှစ်မည့် ၃၀–၇–၂၀၂၂ရက်သည် တိုးမြှင့်သတ်မှတ်ထားသော အများပြည်သူ အလုပ်ပိတ်ရက်များတွင် ပါဝင်နေပါသဖြင့် တင်ဒါဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရွှေ့ဆိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က) **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** – ၂၀–၈–၂၀၂၂ရက် (၁၄:၀၀)နာရီ
(ခ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** – ၂၀–၈–၂၀၂၂ရက်( ၁၅:၀၀)နာရီ

၃။ အသေးစိတ် သိရှိလိုပါက ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၉)၊ နေပြည်တော်၊ ၀၆၇–၃၄၀၉၃၇၈ နှင့် ၀၆၇–၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဆေးရုံအုပ်ကြီးရုံး

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့တွင် တက်ရောက်ကုသမှုခံယူသည့် လူနာများအတွက် (FDA အသိအမှတ်ပြု)ဆေးဝါးများနှင့် ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** – ၂၆–၇–၂၀၂၂ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်**– ၉–၈–၂၀၂၂ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့) ဖုန်း–၀၅၈–၂၁၂၅၁တွင် စုံစမ်းနိုင်ပါသည်။

**ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေး တင်ဒါကော်မတီ**

## မတည်ရင်းနှီးငွေလျှော့ချခြင်းအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ SHINN SHWE LI COMPANY LIMITED ၏ မတည်ရင်းနှီးငွေ ကျပ်သိန်း ၃၀၀၀မှ ကျပ်သိန်း ၁၀၀၀သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

SHINN SHWE LI COMPANY LIMITED
HU KYAN HAI
PH:09–455656694

## ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးပြောင်းလဲခြင်းအား အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဦးချစ်မောင်အိမ်ရာ၊ အမှတ်(၁၁)တွင် ရုံးချုပ်တည်ထောင်ဖွင့်လှစ်ထားသည့် Hana Microfinance Limited(Registration No.–101829162) ၏ ၆–၇–၂၀၂၂ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ ဒါရိုက်တာ အဖွဲ့ဝင် Mr.Seung Joon Kim သည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ပြီး ၎င်း၏နေရာတွင် Mr.Hyo Goo Hwang အား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် အတည်ပြုခန့်အပ်သွားမည်ဖြစ်ပါကြောင်း ကုမ္ပဏီနှင့် ငွေရေးကြေးရေးဆက်သွယ် ဆောင်ရွက်နေသော အသင်းသားများ၊ stakeholders များနှင့် အများပြည်သူသိရှိနိုင်ပါရန် ကြော်ငြာအပ်ပါသည်။

**အစုရှယ်ယာရှင်များ**
**Hana Microfinance Limited**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်မောင်လတ်

**သတင်းထောက်ချုပ်(ငြိမ်း)ကျွမ်းကျင်သူ(ငြိမ်း)**
**မြန်မာ့သတင်းစဉ်(ပြည်တွင်း)**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**အသက် (၇၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာနေ(ဦးမြင့်ဆွေ-ဒေါ်အုန်းခင်)တို့၏သား၊ (ဒေါ်စုစုလတ်)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးမျိုးမြတ်(ငြိမ်း)-ဒေါ်လှိုင်စုလတ်(မြန်မာနိုင်ငံရဲ၊ သတင်းတပ်ဖွဲ့(ငြိမ်း)(ဒါရိုက်တာ မြန်မာအမျိုးသားရတနာကုမ္ပဏီ)၊ ဦးလင်းဇော်လတ်(အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာအမျိုးသား ရတနာကုမ္ပဏီ)-ဒေါ်ဝါဝါကျော်၊ ဦးသန့်ဇော်ဇော်လှ(အကောက်ခွန်ဦးစီးဌာန)-ဒေါ်ခိုင်စုလတ် (အကောက်ခွန်ဦးစီးဌာန)၊ ဦးကျော်စွာလတ်(ဒါရိုက်တာ)(မြန်မာအမျိုးသားရတနာကုမ္ပဏီ)-ဒေါ်အေးဇင်သူ၊ဒေါ်ချစ်စုစုသွယ်(အကောက်ခွန်ဦးစီးဌာန)တို့၏ချစ်လှစွာသောဖခင်၊ မောင်ဘုန်းပြည့်မြတ်(ခ)မောင်ကျော်စည်သူ၊ မဖြူစင်သဒ္ဓါလှ၊ မောင်မင်းဒီပါကျော်၊ မမြတ်နိုးဟေသာကျော်တို့၏ဘိုးဘိုးကြီးသည် ၂၇-၇-၂၀၂၂ရက်တွင် တပ်မတော် (ခုတင်-၁၀၀၀) ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

---

**အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း**

## ဦးခင်မောင်ထွန်း

**ရေယာဉ်မှူး(ငြိမ်း)**
**M.P.E**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ အမှတ် (၃၇)၊ (၁၁၈)လမ်းနေ (ဦးထွန်းဖေ(ခ)ဦးဟာရှင်-ဒေါ်ခင်စန်းမြင့်)တို့၏သားကြီး၊ (ဦးထွန်းမောင်)-ဒေါ်တင်ရီတို့၏ သားသမက်၊ ဒေါ်သက်သက်ထွန်း၏ခင်ပွန်း၊ ဦးမင်းမင်းထွန်း-ဒေါ်အေးအေးခိုင်၊ ဦးသိန်းမင်းထွန်း-ဒေါ်ဖြူဖွေး၊ ဦးရဲမင်းထွန်း-ဒေါ်ချိုဇင်လတ်၊ ဦးအောင်မျိုးသိန်း-ဒေါ်ခင်မီမီထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး(၇)ယောက်တို့၏ချစ်လှစွာသော အဘိုးသည် ၂၆-၇-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၄:၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ဗိုဟိုရ်အပြီးတွင် ရေဝေးမွတ်စလင်မ် ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်နော်အယ်ဖော

**အသက်(၆၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းဟောင်းများအသင်း၏ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နော်အယ်ဖောသည် ၂၆-၇-၂၀၂၂ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**ဝန်ထမ်းဟောင်းများအသင်း**

---

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မာဝင်း(ခ)ဒေါ်ဘေဘီ

**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း(အထက်ဘလောက်)နေ (ဦးချစ်ဆွေ-ဒေါ်ရွှေ)တို့၏သမီး၊ ဦးမင်းနိုင်-ဒေါ်ခင်သက်လွင်၊ ဦးခင်ဝင်း-ဒေါ်ခင်သက် ဆွေ၊ ဦးဝင်းမြင့်၊ ဦးစောအင်ဒရူးထွေး-ဒေါ်ဖြူဖြူဝင်း၊ ဦးဝင်းလွင်-ဒေါ်ရွှေရွှေသက်၊ (ဦးစိုး နိုင်)-ဒေါ်ခင်စန်းရီ၊ Australia နိုင်ငံနေ Stephen Dewar၊ ဦးဆန်နီ-ဒေါ်ဝါဝါရွှေတို့၏ညီမ၊ အစ်မ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ (၁)လမ်း၊ အမှတ် ၂၅(ပထမထပ်)နေ ဒေါ်ခင်မာဝင်း(ခ) ဒေါ်ဘေဘီသည် ၂၇-၇-၂၀၂၂ ရက်(အင်္ဂါနေ့)နံနက် ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဉာဏ်မြင့်

**အသက်(၆၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ဘုရားသုံးဆူကျေးရွာနေ (ဦးကျော် သန်း-ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ကမ်းသာယာလမ်းနေ (ဦးမွန်-ဒေါ်ခင်သိန်း) တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၀)နေ ဒေါ်ခင်မာရီ၏ခင်ပွန်း၊ ကိုစည်သူမြင့်-မချစ်ယုမေတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မဆုပြည့်ရတီမြင့်၏ အဘိုးသည် ၂၄-၇-၂၀၂၂ ရက် (စနေနေ့) မွန်းလွဲ (၂:၃၀)နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၎င်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ကွယ်လွန်သူ အား ရည်စူး၍ ၃၀-၇-၂၀၂၂ ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝ တောတွေ ထိန်းသိမ်းစို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးကျော်ဆွေ(ယဉ်ကျေးမှု)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ**
**အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အသက်(၆၃)နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ ကျွမ်းကျင်သူ ဦးကျော်ဆွေသည် ၂၅-၇-၂၀၂၂ ရက်(တနင်္ဂနွေနေ့) ၁၄:၃၀ နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်ဇနီး ဒေါ်တင်တင်ညွန့်**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**

## ဦးမင်းစံ

**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**
**Hotel POPULAR Myanmar, Summit Plastic**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး(Chairman-POPULAR Group)-ဒေါ်ချောစုလွင်(Vice Chairman-POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SOGO Trunking and Window Profile Factory**
**POPULAR Group**

---

ရဟန်း၊ကျောင်းဒါယကာကြီး

## ဗိုလ်ကြီးမြင့်ဦး(ငြိမ်း)

**တေဇ(၁၀)**

**အသက်(၆၁)နှစ်**

တိုက်ကြီးမြို့နယ်၊ ဥတုကျေးရွာနေ (ဦးလှမောင်-ဒေါ်ခင်ရွှေ)တို့၏ သား၊ ပြင်ဦးလွင်မြို့နေ ဒုအရာခံဗိုလ် မောင်မောင်လွင်(ငြိမ်း)-ဒေါ်ခင်အုန်းညွန့်တို့၏သားသမက်၊ ဒေါ်နီလာ၊ ဦးဖိုးတုတ်-ဒေါ်ဖြူဖြူဝင်း၊ ဦးထိန်လင်းစိုး-ဒေါ်ညိုညိုတို့၏အစ်ကိုကြီး၊ ဗိုလ်ကြီးဇော်ဝင်းထိန်-မသက်ထားဆည်းဆာ၊ ကိုကောင်းမြတ်ဟိန်း-မယုဇနရှိန်တို့၏ မွေးသဖခင်၊ မောင်ရွှေသွေး၊ မရွှေမွှေး၊ မရွှေဖွေးတို့၏အဘိုး၊ (ဒေါ်စုစုလွင်)၏ချစ်ခင်ပွန်း ဗိုလ်ကြီးမြင့်ဦး(ငြိမ်း)သည် ၂၄-၇-၂၀၂၂ရက်(စနေနေ့)တွင်(၉၆)ပါးသောရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၂ရက်တွင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ ကျောင်းဒါယကာကြီး

## ဗိုလ်ကြီးမြင့်ဦး(ငြိမ်း)

**တေဇ(၁၀)**

**အသက်(၆၁)နှစ်**

တေဇ(၁၀)မှ သူငယ်ချင်း ဗိုလ်ကြီးမြင့်ဦး(ငြိမ်း)သည် ၂၄-၇-၂၀၂၂ ရက် (စနေနေ့) တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၀)မှ သူငယ်ချင်းမိသားစုများ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## တယ်လ်မာမြင့်(ခ)ဒေါ်သန်းနွဲ့

**ရုံးအုပ်(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး**
**ထွန်းတောက်ပုံနှိပ်စက်**

**အသက်(၈၀)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်၊ ရဲသူရိန်လမ်း၊ အမှတ် (၂၇၅)နေ (ဗိုလ်ကြီးမောင်မြင့်-ဒေါ်ချို)တို့၏သမီး၊ ရေနံချောင်းမြို့နေ (ဦးသန်းညွန့်-ဒေါ်မုန်း)တို့၏သမီးချွေးမ၊ (ဦးစိန်ငွေး)(ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရုံး၊ အကျဉ်းဦးစီးဌာန)၏ဇနီး၊ ဒေါ်ငွေးသီတာဦး(NIEC)၊ (ဦးဇော်လွင်ငွေး)-ဒေါ်စီစီကျော်တို့၏မိခင်၊ ဒေါက်တာစည်သူအောင်-မနော်ဂျွန်ရိုစ့်တို့၏ အဘွားသည် ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၈:၁၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းဝင်း(ခ) ဒေါ်လင်မ်ကင်ပူရ်

**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ၁၆လမ်း၊ အမှတ် ၁၃၂၁(သုံးလွှာ)၊ အလယ်ဘလောက်နေ (ဦးချစ်ခင်-ဒေါ်အုံရှာလျူ)တို့၏သမီး၊ (ဦးစိုး အောင်)-ဒေါ်ဖြိုးဝေခိုင်၊ ဦးဟိန်းလတ်-ဒေါ်လင်းသန္တာမြတ်၊ ဦးသိန်းထူး-ဒေါ်နီနီအောင်၊ (ဦးနေလင်းကျော်)-ဒေါ်ကေသီဝင်း၊ ဦးကျော်ရှိန်-ဒေါ်ချိုချိုဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်တို့၏ အဘွား သည် ၂၅-၇-၂၀၂၂ရက်(တနင်္ဂနွေနေ့) ည ၁၀:၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ကြည်း-၇၀၄၁ ဗိုလ်မှူးချုပ် သောင်းမြင့်(ငြိမ်း)

**OTS(13)**

**ဝန်ကြီး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန**
**ဝန်ကြီး(ငြိမ်း)၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး**

**အသက်(၉၀)**

ချောက်မြို့နေ(ဦးသာအေး-ဒေါ်စော)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးညို-ဒေါ်သန်းနွဲ့)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ အမှတ်(၄၀)နေ (ဒေါ်ခင်အေးမူ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြတ်ကျော်သောင်း)-ဒေါ်ဝါဝါစိန်၊ ဦးမြတ်အောင်သောင်း-ဒေါ်ကလျာမင်းမင်းကိုတို့၏ ချစ်လှစွာသောဖခင်၊ မောင်မြတ်ဟိန်းခန့်၊ မောင်အောင်မြတ်ခန့်၊ မအေးမြတ်မဒီမင်းတို့၏ အဘိုးသည် ၂၆-၇-၂၀၂၂ ရက်(တနင်္လာနေ့) ည ၉:၂၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကြိုင်သန်း

**အသက်(၈၁)နှစ်**

ပြည်မြို့နယ်၊ ရွာသစ်ကြီးရွာနေ (ဦးတိုးမောင်-ဒေါ်အေးသီ)တို့၏သား၊ ပေါင်းတလည်မြို့နေ (ဦးစံမောင်-ဒေါ်စိန်မိ)တို့ ၏သားသမက်၊ ဒေါ်ဖြူ၏ခင်ပွန်း၊ ဦးအောင်ကျော်မင်း-ဒေါ်မြမြဝင်း၊ ဦးသန်းဇော်-ဒေါ်ခင်နှင်းအေးတို့၏ဖခင်၊ ကိုထက်မြတ်မင်း-မထူးမြတ်အိမ်စည်၊ ကိုဇော်ရဲထွဋ်၊ မမေပိုးဖြူ၊ ကိုကောင်းထက်ကျော်၊ မောင်ရွှေဘုန်းပြည့်မင်းတို့၏ အဘိုးသည် ၂၇-၇-၂၀၂၂ရက် နံနက် ၆:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ဓမ္မာရုံဒါယကာကြီး

## ဦးစိန်ဝင်း

**B.Com(AA)(RA)(CPA)**
**မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် အသင်း၏ဘုတ်အဖွဲ့ဝင်၊**
**အတွင်းရေးမှူး(လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း)**
**Top Sein Win & Associate Consulting Limited(Managing Director)**

**အသက်(၇၃)နှစ်**

နတ်တလင်းမြို့နယ်နေ(ဦးသက်ရှည်-ဒေါ်စိန်ကြည်)တို့၏သား၊ ဦးမြင့်အောင်-(ဒေါ်ခင်မိမိ)တို့၏သားသမက်၊ (ဦးလှမြင့်)-ဒေါ်မြင့်မြင့်ရီ၊ (ဦးညွန့်ရွှေ-ဒေါ်နန်းအုံးမြင့်)၊ (ဦးမြင့်သိန်း)-ဒေါ်မြင့်မြင့်ရီ၊ (ဦးမောင်မောင်ကြီး-ဒေါ်တင်ရီ)တို့၏ညီ၊ ဦးကြည်ဆန်း -ဒေါ်တင်တင်ဝင်းတို့၏မောင်၊ ဦးအေးသွင်-(ဒေါ်စန်းစန်းမြင့်)၊ (ဦးဝင်းရှိန်)-ဒေါ်စန်းမြင့်တို့၏အစ်ကို၊ ဒေါ်ခင်စန္ဒာမြင့်၏ချစ်လှစွာသော ခင်ပွန်း၊ ကိုထွန်းနိုင်ဝင်း-မအိသဲကျော်တို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ၁၆ယောက်တို့၏ဦးလေး၊ အိန္ဒြာထိပ်ထားဝင်း၏ အဘိုးသည် ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၂ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ပါမောက္ခ ဒေါက်တာ ဒေါ်မာမာကြည်

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၀)ရပ်ကွက်နေ (ဦးထွန်းရွှေ-ဒေါ်ရီ)တို့၏ သမီး၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နေ၊ ဦးအေးဖေ-(ဒေါ်ခင်မြင့်)တို့၏ သမီးချွေးမ၊ ဒေါက်တာဖြိုးကြည်သန့်၊ ဒေါက်တာလွင်မိုးအောင်-ဒေါက်တာစိုးသူဇာထွန်း၊ ဒေါက်တာသီဟသန့်ဇင်၊ ကိုရဲမာန်အောင်တို့၏ မွေးသမိခင်၊ မရမ်းကုန်းမြို့နယ်၊ ကံကော်မြိုင်လမ်း၊ အမှတ်(၄၇/ဂျီ)နေ ဦးသန့်ဇင်(အမှုဆောင်အရာရှိချုပ်-ငြိမ်း)၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ချစ်လှစွာသောဇနီးသည် ၂၆-၇-၂၀၂၂ရက်(တနင်္လာနေ့) ည ၁၁:၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၇-၇-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အမည်မှန်**

ပဲခူးမြို့၊ အမှတ်(၂၆၃)၊ ကြည်တော်ကုန်း(ခ)၊ (၃)လမ်း၊ နန်းတော်ရာရပ်ကွက်နေ ဦးမျိုးမြင့်၏သမီး မမိုးစံပယ်၏အမည်မှန်မှာ မမိုးစပါယ် ၇/ပခန(နိုင်)၃၉၃၇၂ ဖြစ်ပါကြောင်း။ **မမိုးစပါယ်**

**သွေးသည် အသက်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ပဏ္ဍိတ(ဒွိပိဋကဓရ)

### ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက

### သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ

### သက်တော်(၇၀)၊ သိက္ခာတော် (၅၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ မဏိရတနာကျောင်းဆရာတော်၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘုံပျံတောရတိုက်၊ ဆန္ဒတော်ပြည့်ကျောင်း၏ ပဓာနနာယက၊ ပဲခူးမြို့၊ အေးဓမ္မဓမ္မရိပ်သာကြီး၏ ပဓာနနာယက၊ မုံရွာမြို့၊ စက်မှု(၂) မင်္ဂလာကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၃၆၂)၏ပဓာနနာယက၊ ရွှေဘိုမြို့၊ ရွှေမြိုင်ဘိုကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ ရန်ကုန်မြို့၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက၊ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်ကြီး၏ ဂဏဝါစက၊ နိုင်ငံတော်သမုတိရ ဆရာတော်ကြီးသည် (၁၃၈၃ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်) ၂၄-၇-၂၀၂၁ရက် (စနေနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ခုနှစ် ဝါဆို လပြည့်ကျော် ၁ရက်) ၂၄-၇-၂၀၂၁ရက် (စနေနေ့) ညနေ ၅နာရီတွင် အန္တိမစျာပန မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆရာတော်၏ တပည့်အရင်း ရဟန်း၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား ဝမ်းနည်းစွာအသိပေးအပ်ပါသည်။

ခြောက်ထပ်ကြီးဘုရားကြီးတိုက်
နာယကအဖွဲ့

## ဒုအရာခံဗိုလ်ဦးမြဦး (ငြိမ်း) (မင်းဘူး)

### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် (၁၀၀) နေ (ဒေါ်မြင့်မြင့်)၏ချစ်လှစွာသောခင်ပွန်း၊ (တပ်ကြပ်ကြီးအေးနိုင်)-ဒေါ်မြင့်မြင့်ဦး၊ (ဦးမင်းအောင်)-ဒေါ်အေးအေးမာ၊ ဦးတင်ထွန်းအောင်-ဒေါ်ကြည်ကြည်ဦး [ထ(ခွဲ)အလက (၁) ငမိုးရိပ်၊ သဃ်ၤန်းကျွန်း] ဦးလှဦး (ဒုအရာခံဗိုလ်-ငြိမ်း)-ဒေါ်သင်းသင်းရီ (ဦးစီးအရာရှိ၊ ရေပေးဝေရေးဌာန၊ ရန်ကုန်စည်ပင်)၊ အရာခံဗိုလ်စိုးနိုင်(လထခ)-ဒေါ်လှိုင်လှိုင်အောင်၊ ဦးစိုးလွင် (ဒုမန်နေဂျာ YUPT)-ဒေါ်စန္ဒာ၊ ဦးတင်လှထွန်း(လက်ထောက်ညွှန်မှူး၊ ရေပေးဝေရေးဌာန၊ ရန်ကုန်စည်ပင်)-ဒေါ်ဥမ္မာ၊ ဦးနေဝင်း (SH Shipping)-ဒေါ်ဥမ္မာတင်(ထွေအုပ်၊ သာကေတမြို့နယ်)တို့၏ ချစ်လှစွာ သောဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ် သုံးယောက်တို့၏အဘိုးသည် ၂၆-၇-၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာကြည်

### အသက်(၈၂)နှစ်

ညောင်တုန်းမြို့နေ ပွဲစားကြီး (ဦးမောင်ချစ်-ဒေါ်စောမြင့်)တို့၏ သမီးကြီး၊ (ဦးစောမောင်-ဒေါ်အေးစိန်) တို့၏သမီးချွေးမ (ဗိုလ်ကြီး မြင့်သူ)(ကကနက် ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်မြင့်)(ရုံးအဖွဲ့မှူး) ပြန်ကြားရေးဝန်ကြီးဌာန-(ဒေါ်ခင်စောဥ) အထက(၅) ကမာရွတ်(အထပြငြိမ်း)၏ ညီမ၊(ဦးခင်မောင်လေး) အငယ်တန်း အင်ဂျင်နီယာ(ဆောက်လုပ်ရေး)-ဒေါ်ခင်ငြိမ်း၊ ဒေါ်ခင်မာရီ (ဌာနခွဲမှူး/ဘဏ္ဍာ အဝေးသင်တက္ကသိုလ်) SEMEO ငြိမ်းတို့၏ အစ်မ၊ ဦးအောင်ကျော်ညွန့်(Program Manager. BANCA)-ဒေါ်နီလာကြည်၊ ဒေါ်သီတာမြင့် (PPD)၊ဒုရဲမှူး တင်မောင်ဝင်း (သာယာဝတီမြို့မရဲစခန်းမှူး)-ဒေါ်ဝါဝါခိုင်၊ ဦးအောင်မျိုးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မယွန်းမျက်သွယ်၊ မောင်ကောင်းမြတ်စိုး၊ မခင်ရတီဝင်း တို့၏ ချစ်လှစွာသော အဘွားသည် ၂၆-၇-၂၀၂၁ရက် ည ၁၀:၃၅ နာရီခန့်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၁ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ရွှေသင်္ကန်း၊ ရေတွင်း၊ ရေကန်၊ မီးစက်၊ လေအေးပေးစက်၊ ပရဟိတ ဒါယိကာမကြီး

## ဒေါ်မာလာမြင့်

### အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ သီရိရတနာရိပ်သာ၊ ရတနာသိပ္ပံလမ်းသွယ်(၂)၊ အမှတ်(၁၈)နေ (ဦးလှရွှေ-ဒေါ်ခင်သန်း) တို့၏သမီးကြီး၊ (ဦးကျင်စိန်-ဒေါ်တင်)တို့၏သမီးချွေးမ၊ (ဦးခင်သိန်း)၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်ငွေး-ဒေါ်ဥမ္မာမော်၊ ဦးနေလင်း-ဒေါ်တင်တင်ထိုက် တို့၏မိခင်၊ ဦးရဲဝင့်ကျော်-ဒေါ်ယမုံသိမ့်၊ မောင်အောင်သူလင်းတို့၏အဘွားဖြစ်သူ ဒေါ်မာလာမြင့်သည် ၂၅-၇-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၀၄:၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက်၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ သားဖွားနှင့်မီးယပ်ပညာအဖွဲ့၊ သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာတင်နွယ်ဝေ၏ဖခင် ဦးသောင်းတင် အသက်(၁၀၀)သည် ၂၄-၇-၂၀၂၁ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

သားဖွားမီးယပ်ပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

## အထူးဝမ်းနည်းကြေကွဲခြင်း

သားဖွားနှင့်မီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ တွဲဖက်ပါမောက္ခ ဒေါက်တာကြည်သာထွန်း၏ ဖခင် ဦးစိန်ထွန်း အသက်(၇၄)နှစ်သည် ၂၃-၇-၂၀၂၁ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သားဖွားမီးယပ်ပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်းရီ (ပဲခူး)

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်၁/၁၀၂A၊ ရွာမကျောင်း(၁)လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ် မြို့နယ်နေ (ဦးညို-ဒေါ်အုံးတင်) တို့၏သမီး၊ (ဦးဘိုးခ-ဒေါ်သွယ်) တို့၏သမီးချွေးမ၊ (ဦးလွင်)၏ဇနီး၊ ဦးသိန်းဇော် (ညွှန်ချုပ်-ငြိမ်း-ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်သီတာလွင်၊ (ဦးသီဟလွင်)၊ဦးသူရလွင်-ဒေါ်ခင်နွယ်ဦး၊ ဦးကျော်ဇေယျလွင်၊ (ဒေါ်ချောသူဇာလွင်)၊ (ဒေါ်ခင်စပယ်လွင်)တို့၏ချစ်လှစွာသော မိခင်ကြီးသည် ၂၆-၇-၂၀၂၁ရက် မွန်းလွဲ၂:၅၇နာရီတွင် မိုးမေတ္တာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၁ရက်နံနက်(၁၁)နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၏ ခင်ပွန်းဖြစ်သူ ဦးတင်ထွေး အသက်(၅၇)နှစ်သည် ၂၅-၇-၂၀၂၁ရက် နံနက် ၅:၂၇နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မုဒုံမြို့နယ် ပညာရေးမိသားစု
မွန်ပြည်နယ်

## ဝမ်းနည်းကြေကွဲခြင်း

မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၏ ခင်ပွန်းဖြစ်သူ ဦးတင်ထွေး အသက်(၅၇)နှစ်သည် ၂၅-၇-၂၀၂၁ရက် နံနက် ၅:၂၇နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်နယ်ပညာရေးမှူးရုံး
မွန်ပြည်နယ်

## ဒေါ်ခိုင်သဇင်သောင်း

### အသက်(၅၁)နှစ်

ဒေါက်တာဦးသောင်းနှင့်ဒေါ်မြသိန်းတို့၏သမီး၊ ကျွန်တော်ဦးနေမျိုးတင် (လေယာဉ်မှူးချုပ်၊ ပျံသန်းရေးဌာန၊ မြန်မာအမျိုးသားလေကြောင်း)၏ ချစ်လှစွာသောဇနီး၊ သားကြီးဒေါက်တာ ဇေယျာမျိုးတင်နှင့်သားငယ် ဗညားမျိုးတင်တို့၏ချစ်လှစွာသော မွေးသမိခင်ကြီး ဒေါ်ခိုင်သဇင်သောင်း အသက်(၅၁)နှစ်သည် ၂၆-၇-၂၀၂၁ရက်(တနင်္လာနေ့) ညနေ၅:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခိုင်သဇင်သောင်း

### အသက်(၅၁)နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ ချစ်လှစွာသောဇနီး၊ သားကြီးဒေါက်တာ ဇေယျာမျိုးတင်နှင့်သားငယ် ဗညားမျိုးတင် တို့၏ချစ်လှစွာသောမွေးသမိခင်ကြီးဖြစ်သူ ဒေါ်ခိုင်သဇင်သောင်း အသက်(၅၁)နှစ်သည် ၂၆-၇-၂၀၂၁ရက်(တနင်္လာနေ့) ညနေ(၅:၁၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာအမျိုးသားလေကြောင်း
ပျံသန်းရေးဌာနမှ လေယာဉ်မှူး၊
လေယာဉ်မောင်/မယ်၊ FLT Dispatcher၊ ဝန်ထမ်းများ

### ဘုရား၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ တံတား၊ ရွှေသင်္ကန်း ဒါယိကာမကြီး

### ရဟန်းမယ်တော်ကြီး

## ဒေါ်သန်းညွန့်

BA.D.N(YGN), D.D.N(SINGAPORE)

### အသက်(၇၈)နှစ်

ကျောင်းအုပ်(ငြိမ်း) သူနာပြုသားဖွားဆရာမသင်တန်းကျောင်း၊ သွား/ဆေး တက္ကသိုလ်၊ ရန်ကုန်မြို့၊ ဌာနမှူး(ငြိမ်း)သွားဘက်ဆိုင်ရာဌာန၊ သူနာပြုတက္ကသိုလ် ရန်ကုန်မြို့၊ မြန်အောင်မြို့နေ (ဦးရွှေဖန်-ဒေါ်တင်လှိုင်)တို့၏သမီး၊ မအူပင်မြို့နေ (ဦးစံထွန်း-ဒေါ်ရွှေခင်-ဇေယျာမြင့်ဆန်စက်)တို့၏ ချွေးမ၊ (ဒေါက်တာ ဦးခင်မောင်ကြည်)၏ဇနီး၊ ဦးစိန်မြင့်-(ဒေါ်သန်းနွဲ့)၊ ဦးလှဝင်း-ဒေါ်သန်းယဉ်၊ ဒေါ်သန်းမြင့်၊ ဒေါ်မြမြစန်း (တရားရုံးချုပ်ရှေ့နေ)၊ ဒေါ်ခင်မိုးဆွေ(အ.လ.ပြ(ငြိမ်း))၊ အ.မ.က(၂၂) တာမွေတို့၏ညီမ/အစ်မ၊ ဦးစောဘုန်းနိုင်(Lab coordinator, Lan Pya Kyael)-ဒေါ်ဆွေဆွေယု (Procurement officer PSI/M(H.Q)တို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၄-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၂၁ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဆန်းအောင်

### ကက ဗ(ငြိမ်း)၊ ကုန်သွယ်/လယ်ယာရုံးချုပ်

### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၈ လမ်း(က)၊ အမှတ်(၉၇၃) A.1 နေ (ဦးမြမောင်-ဒေါ်ညွန့်ညွန့်အေး) တို့၏သား၊ (ဦးသိန်းဖေ-ဒေါ်ခင်ရီ)တို့၏သားသမက်၊ ဒေါ်ကြိုင်၏ခင်ပွန်း၊ (ဦးမောင်အေး)-ဒေါ်ရင်ရင်၏မောင်၊ ဦးစိုးမြင့်-ဒေါ်ခင်စန်းတို့၏အစ်ကို၊ ကိုထွန်းထွန်းဝင်း-နန့်အေးအေးနိုင်၊ ကိုအောင်ကိုမင်း-နော်နနှလွင်တို့၏ ဖခင်၊ မြေး(၃)ယောက်၏အဘိုး ဖြစ်သူသည် ၂၆-၇-၂၀၂၁ ရက် (တနင်္လာနေ့) နံနက်(၈:၀၀)နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွား ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးကြည်

### ဌာနခွဲမှူး(ငြိမ်း)

### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးထွန်းရှိန်)-ဒေါ်ခိုင်တို့၏ သားကြီး၊ (ဦးချော-ဒေါ်ရင်ရွှေ)တို့၏ သားသမက်၊ ဒေါ်ထားကြည် Y.C.D.C(ငြိမ်း)၊ ဦးမျိုးမင်းထွန်း-ဒေါ်မော်မော်၊ ဦးမြင့်လွင်-ဒေါ်အေးအေးခိုင်၊ ဦးဆန်းဝင်း-ဒေါ်ရီရီခိုင် တို့၏ အစ်ကိုကြီး၊ ဒေါ်ယဉ်ယဉ်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလဇ္ဇနစိုးနော်-ဒေါ်အိင့်ပွင့်ဖူး (Y.C.D.C)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၆-၇-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၀၀:၅၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခိုင်သဇင်သောင်း

### အသက်(၅၁)နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ ချစ်လှစွာသော ဇနီး ဒေါ်ခိုင်သဇင်သောင်း အသက်(၅၁)နှစ်သည် ၂၆-၇-၂၀၂၁ရက်(တနင်္လာနေ့) ညနေ၅:၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

E-JET Fleet မှ
လေယာဉ်မှူး/ဒုလေယာဉ်မှူးများ
(မြန်မာအမျိုးသားလေကြောင်း)

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခိုင်သဇင်သောင်း

### အသက်(၅၁)နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ ချစ်လှစွာသောဇနီး ဒေါ်ခိုင်သဇင်သောင်း အသက်(၅၁)နှစ်သည် ၂၆-၇-၂၀၂၁ရက်(တနင်္လာနေ့) ညနေ၅:၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

Boeing Fleet မှ
လေယာဉ်မှူး/ဒုလေယာဉ်မှူးများ
(မြန်မာအမျိုးသားလေကြောင်း)

## ဝမ်းနည်းကြေကွဲခြင်း

မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၏ ခင်ပွန်းဖြစ်သူ ဦးတင်ထွေး အသက်(၅၇)နှစ်သည် ၂၅-၇-၂၀၂၁ရက် နံနက် ၅:၂၇နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မွန်ပြည်နယ်ပညာရေးမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခိုင်သဇင်သောင်း

### အသက်(၅၁)နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ ချစ်လှစွာသောဇနီး ဒေါ်ခိုင်သဇင်သောင်း အသက်(၅၁)နှစ်သည် ၂၆-၇-၂၀၂၁ရက် (တနင်္လာနေ့) ညနေ(၅:၁၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ATR/CARAVAN Fleet မှ
လေယာဉ်မှူး/ဒုလေယာဉ်မှူးများ
(မြန်မာအမျိုးသားလေကြောင်း)

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်ညွန့်

### အသက် (၈၆)နှစ်

ကိုကျော်သိန်း (၁၉၄၆/စတသ-၂၂)၏ ဖခင် ဦးခင်ညွန့်သည် ၂၅-၇-၂၀၂၁ရက် မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ် (၂၂)မှ**
**သူငယ်ချင်းများနှင့် မိသားစု**

---

### ဘုရား၊ ရဟန်း ၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

## ဦးတင်ထွန်း (ပဲခူးတိုင်း၊ မင်းလှ)

### အထက(၂)သံတွဲ(ကျောင်းအုပ်ကြီး)

### အထက(၃) ဗိုလ်တထောင်(ကျောင်းအုပ်ကြီး)

### အထက(ဖောင်ကြီး)(ကျောင်းအုပ်ကြီး)

### ဒလမြို့နယ်ပညာရေးမှူး(ငြိမ်း)

### ဒဂုံမြို့နယ်ပညာရေးမှူး(ငြိမ်း)

### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေယျဝတီ(ဗဟို)လမ်း၊ အမှတ် ၆၀(ရှစ်လွှာ)နေ ကျောင်းအုပ်ဆရာကြီး (ဦးချစ်ကြွယ်-ဒေါ်ငွေခ)တို့၏ တစ်ဦးတည်းသောသား၊ [ဦးအေး (မော်ကွန်းဝင်ပထမဆင့်) - ဒေါ်သန်းနွဲ့] တို့၏ညီ/မောင်၊ ဦးဝင်းမြင့်ဆွေ [လက်/ညွှန်(ငြိမ်း)မြေစာရင်း]-ဒေါ်မြင့်မြင့်သန်း၊ ဦးစိုးမြင့်-ဒေါ်ခင်ဆွေမြင့်(ဒု/ပါချုပ်-ငြိမ်း) (ရေကြောင်းပညာတက္ကသိုလ်)၊ ဦးစိုးမြင့်ဆွေ-ဒေါ်မေဝင်းနွယ်ဦး (ထ-၂၊ စမ်းချောင်း)၊ ဦးသန်းထွဋ်(MPPE - ငြိမ်း)-ဒေါ်ခင်ဆွေဦး၊ ဒေါ်ချိုမာလာဆွေတို့၏ ဦးလေး၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၂၁ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တူ၊တူမ မိသားစုများ

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမြင့်

### အသက် (၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်နေ (ဦးကျင်မောင်-ဒေါ်စိန်အေး) တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၈)နေ ကိုသတိုးကျော် (လက်ထောက်မန်နေဂျာ၊ က-က-ဝယ်) - မစန္ဒာမြင့်တို့၏မိခင်၊ မခင်မွန်သက်ထား၏အဘွား (ဦးလှကံ) (စခန်းမှူး(ငြိမ်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)၏ဇနီးသည် ၂၆-၇-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် (ဇ၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၁ ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရှုဝါ

### အသက် (၉၃)နှစ်

### နှင့်

## ဒေါ်သန်းသန်းငွေ

### အသက်(၇၉)နှစ်

ဒေးဒရဲမြို့၊ ပြည်တော်သာလမ်း၊ အမှတ် ၃၆နေ (ဦးခွန်နား-ဒေါ်ပိုး)တို့၏သမီးကြီးနှင့် သမီးငယ်၊ (ဦးမြ)၏ဇနီးနှင့်ခယ်မ၊ ဦးကျော်စိန်(ဦးကျော်မြင့်)-ဒေါ်အဲစော၊ ဦးမင်းလွင်-(ဒေါ်တင်ကြည်)တို့၏အစ်မကြီးနှင့် ညီမငယ်၊(ဒေါ်ငွေငွေဝင်း)၊ ဦးတင်နွယ်-ဒေါ်ကြည်ကြည်မြင့်၊ ဦးသိန်းဇံ-ဒေါ်ခင်လှ၊ ဦးသိန်းဇော်၊(ဒေါ်မြင့်မြင့်သန်း-ပန်မဥ္ဇူ အလှပြုပြင်ရေး)တို့၏ ချစ်လှစွာသောမိခင်နှင့် အဒေါ်ငယ်၊ ဒေါက်တာဇေယျာဦး၊ ကိုမျိုးမင်းအောင်၊ မမြမျက်ခြယ်တို့၏ ဘွားဘွားကြီးနှင့် ဘွားဘွားလေး၊ တက္ကသိုလ်ဟန်မင်းဦး၊ ဦးမျိုးမင်းလတ်၊ ဦးသက်မောင်-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းဆွေ-ဒေါ်အေးအေးသန်း၊ ဦးသန်းထွန်းဦး-ဒေါ်ချိုချိုဝင်းတို့၏ ကြီးကြီးနှင့် ဒေါ်လေးတို့သည် ၁၉-၇-၂၀၂၁ရက် နံနက် ၇ နာရီနှင့် ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဒေးဒရဲသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်စိန်

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဇနာ(၃)လမ်း၊ အမှတ်(၁၁၃)နေ (ဦးမြင့်သိန်း) ၏ဇနီး၊ ဦးအောင်နန္ဒာကျော်သူ-ဒေါ်ခင်သီတာခိုင် (ဒုတိယညွှန်ကြားရေးမှူး၊ နတလဦးစီးဌာန)၊ တပ်ကြပ်ကြီးနေဇော်လတ် (ဧရာဝတီရေတပ်စခန်းဌာနချုပ် သန်လျက်စွန်း)-ဒေါ်သန္တာမြင့်၊ ဒေါ်ဇာလီမော် (MPK Co.,Ltd)တို့၏ ချစ်လှစွာသောမိခင်၊ မအိဝေထက်၊ မောင်ဘုန်းမြတ်မင်း၊ မပဟေမာန်ဆည်းဆာ၊ မကေရီဆည်းဆာတို့၏ အဘွားသည် ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဗိုလ်ကြီးမင်းသိမ်းအောင် (ငြိမ်း)

### (ကြည်း- ၂၁၂၆၂)

### ဝေါမြို့နယ်

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ ၂လမ်း၊ အမှတ် ၃၈၉ နေ (ဦးကျော်လှိုင်-ဒေါ်တင်ရွှေ) တို့၏သား၊ ဒေါ်ခိုင်ခိုင်၏ခင်ပွန်း၊ ဦးအောင်ထွေး-ဒေါ်လုလုအောင်၊ (မောင်မင်းဘရန်အောင်)၊ ဒေါ်ချိုချိုအောင်၊ ဒေါ်စုစုထွေးအောင်၊ မောင်ငြိမ်းကျော်တို့၏ ချစ်လှစွာသောဖခင်၊ ဗိုလ်ကြီးနေအောင်အောင်-မသဇင်၊ မောင်ဝင်းမင်းအောင်တို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၇-၂၀၂၁ ရက်(တနင်္လာနေ့) နံနက် ၁၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ဝေဝေသန်း

### အသက်(၈၂)နှစ်

သူငယ်ချင်း ဦးမင်းဂေါင်(လက်ထောက်ညွှန်မှူး)(ငြိမ်း)-ဝန်ကြီးချုပ်ရုံး)-ဒေါ်စဝ်မဉ္ဇူဝင်းတို့၏မိခင်၊ (ဗိုလ်မှူးခင်မောင်ငွေး)(လေ)(ငြိမ်း)၏ဇနီး ဒေါ်ဝေဝေသန်းသည် ၂၆-၇-၂၀၂၁ ရက် ည ၁၀:၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အပတ်စဉ်(၃၂) မှ သူငယ်ချင်းမိသားစုများ**

---

## ဦးကျော်ဝင်း

### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်း အနောက်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ် (၁၄၃)နေ (ဦးကြူးခင်-ဒေါ်တင်ကြည်) တို့၏သား၊ ဒေါ်ကြည်ကြည်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနီတွတ်-(ဒေါ်ကြူကြူခင်)၊ ဦးမြင့်ဦး-ဒေါ်မြင့်ကြည်၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြင့်မြင့်အေး၊ ဦးလှချစ်-(ဒေါ်သန်းသန်းအေး)၊ ဒေါ်သန်းသန်းထွေး၊ ကိုမျိုးဝင်းတို့၏အစ်ကိုကြီး၊ ကိုထွန်းဝင်းနိုင်-မနှစ်ဆန်းသူသူ၊ မဖြူဖြူဝင်း၊ မနွယ်နီဝင်း၊ ကိုအေးဝင်းနိုင်-မခိုင်လေးမွန်၊ မတင်နွယ်ဝင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၆-၇-၂၀၂၁ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ဝင်း

### အသက်(၇၆)နှစ်

သူငယ်ချင်း ထွန်းဝင်းနိုင်-မနှစ်ဆန်းသူသူ တို့၏ဖခင်၊ သူငယ်ချင်းကိုမျိုးဝင်း၏အစ်ကို ဦးကျော်ဝင်းသည် ၂၆-၇-၂၀၂၁ ရက်တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငယ်သူငယ်ချင်းများ**
**စည်သူသိန်းဇံ၊ အောင်မြတ်ထွေး၊ အောင်စွာ၊ မိုးသော်တာ၊**
**မိုးသီတာသန်း၊ ကြော့ဝတ်မှုန်**

---

## ဦးကျော်ခင်

### မြို့နယ်ပညာရေးမှူး(ငြိမ်း)

### အသက် (၇၅)နှစ်

မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ ပညာဘဏ်လမ်းနေ ဒေါ်ထွေးကြည်(မူ/ပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မသဲစုမွန် [အငယ်တန်းအင်ဂျင်နီယာ-၂)၊ (မြို့ပြ)ဆောက်လုပ်ရေးဝန်ကြီးဌာန] မောင်ပြည့်စုံအောင်-မသီရိနိုင် (ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ မောင်ပြည့်လျှံအောင် (BE-EP)တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂:၃၀ နာရီတွင် မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ ပညာဘဏ်လမ်း၊ အမှတ် (၁၁၀)၌ (ဇ၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်ဆွေတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မမီမီလှိုင်းဇံ

### လက်ထောက်ညွှန်ကြားရေးမှူး

### နိုင်ငံခြားရေးဝန်ကြီးဌာန

### ရန်ကုန်ရုံး

### အသက် (၃၂)နှစ်

ရန်ကုန်မြို့၊ သမိုင်းမြို့သစ်ရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၄၆၃)နေ ဦးဇံညွန့်-ဒေါ်ခင်သီတာသိမ့်တို့၏သမီး၊ ကိုရဲသူစိုး၏ ချစ်လှစွာသောဇနီး၊ ကိုဇေယျာလင်း၊ ကိုတိုးဆက်ပိုင်-မခင်ဥမ္မာညွန့်တို့၏ညီမ၊ မောင်သူရိန်လင်း-မကျော့ကျော့သင်းတို့၏ အစ်မသည် ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၈:၄၀ နာရီတွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးချုပ် မောင်မောင် (လေ-ငြိမ်း)

### (လေ/၁၂၆၄)၊ စစ်တက္ကသိုလ်အမှတ်စဉ် (၁)

### အသက် (၈၅)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်သန်းနွဲ့(အထပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်အေးအေးဖြူ-(ဗိုလ်မှူး သန့်ဇင်ဦး-ငြိမ်း)၊ ဒေါ်ခင်ကြူကြူသင်း-ဗိုလ်မှူးမြတ်ထွန်းလွင်(ငြိမ်း)၊ ဒေါ်ခင်မိုးမိုးအေး-ဦးစိန်မြင့်၊ ဒေါ်ခင်သက်သက်ဝေ-ဦးဇာနည်ထွေးတို့၏ ကျေးဇူးရှင်ဖခင်၊ မြေး ခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုး ဗိုလ်မှူးချုပ် မောင်မောင်(လေ-ငြိမ်း)သည် ၂၆-၇-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၉ နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ သူငယ်ချင်း၊ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိကြောင်း

၂၆-၇-၂၀၂၁ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသော ဗိုလ်မှူးချုပ် မောင်မောင်(လေ-ငြိမ်း)နာမကျန်းဖြစ်နေစဉ်တွင် မေတ္တာ၊ စေတနာတို့ဖြင့် အဘက် ဘက်မှ အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်ကြီးများ၊ အဖွဲ့အစည်းများအားလုံးနှင့် ဖုန်းဖြင့် သတင်းမေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းသာ (သတင်းစာဆရာ၊ အယ်ဒီတာ)

### အားကစားကလောင်ရှင် မောင်ရဲဝင်း၊

### စာရေးဆရာတက္ကသိုလ်နေထွတ်

### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် (၁)၊ ငွေကြာရံအိမ်ရာနေ ဒေါ်ယဉ်နွဲ့(ခ)ဒေါ်ယဉ်သန်း၏ခင်ပွန်း၊ ဦးအောင်မြင့်ထွန်း-ဒေါ်မြတ်သန္တာထွန်း (မီနီဆိုးတား USA)၊ ဦးဇာနည်ထွန်း-ဒေါက်တာ သိင်္ဂီရဲမြင့်၊ ဒေါက်တာစည်သူထွန်း - ဒေါက်တာ လှမြတ်သိင်္ဂီ (Australia)၊ မအေးအေးခိုင်တို့၏ဖခင်၊ မောင်ဘုန်းခန့်ဇာနည်၊ မလင်းကလျာထွန်းတို့၏ အဘိုးဖြစ်သူ သတင်းစာဆရာ၊ အယ်ဒီတာ ဦးထွန်းသာ (အားကစားကလောင်ရှင်မောင်ရဲဝင်း) သည် ၂၅-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါ၍ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်ဦး

### B.Com (Acctg) R.A.D.M.A., B.A. 2A.S.(SR Branch),CPA

### အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်

### ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ ခြောက်မိုင်၊ ဓမ္မာရုံလမ်း၊ အမှတ် ၁၈နေ အငြိမ်းစားတိုင်းမင်းကြီးနှင့် ပါလီမန်အတွင်းဝန် (ဦးတင်ဦး-ဒေါ်ခင်သန်းကြည်)တို့၏သမီး၊ (ဦးကျော်ငွေး)-ဒေါ်တင်ဖြူဦး၊ဦးမြင့်ဦး-ဒေါက်တာခင်မျိုးသင်း၊ ဦးမြဦး-ဒေါ်ဥမ္မာထွန်းရွှေ (ဦးစောမြင့်မောင်)-ဒေါ်တင်နွဲ့ဦး၊ ဦးဇော်ဝင်း-ဒေါ်တင်ထွေးဦးတို့၏အစ်မ၊ Capt ဉာဏ်လင်းငွေး၊ မသီရိရတနာစော၊ မဝင်းမာဦး၊ ကိုဝေဖြိုးငွေး၊ ကိုဖြိုးဇော်ဦး၊ ကိုအောင်မြဦး၊ ကိုမြင့်ဟိန်းငွေး တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏ အဘွား /အဒေါ်သည် ၂၄-၇-၂၀၂၁ရက်(စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၁ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ သည်။

ကျန်ရစ်သူမိသားစု

---

## ဆရာကောင်းဇော်ဟိန်း

### (ကိုးထပ်ကြီးဘုရား)

### ဇော်သဗျာ ကံရဏဗေဒလက္ခဏာပညာရှင်(ခ)

## ဦးမျိုးခိုင်ဦး

### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၉၃၆)နေ ဦးမြတ်ကောင်း-ဒေါ်ငွေငွေတို့၏ ချစ်လှစွာသောသား၊ ဆရာဇေယျာထက်(မြို့ဦးစေတီ)၊ ဆရာလွှမ်းမိုးအောင်(မြို့ဦးစေတီ)တို့၏အစ်ကို၊ ဒေါ်ယုယုငွေး(ခ) ဆရာမ ကေရီမွန်(မြို့ဦးစေတီ)၏ချစ်လှစွာသောခင်ပွန်း၊ ဇေယျာထွန်းမင်း၊ ဟိန်းထက်ထက်စံတို့၏ ချစ်လှစွာသောဖခင်သည် ၂၄-၇-၂၀၂၁ရက် (စနေနေ့) ညနေ ၆:၃၀နာရီတွင် (ဇ၆)ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၁ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးသန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဦးတည်အုပ်စုလူဦးရေနှင့် ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများကို အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာတွင် ယနေ့မွန်းလွဲပိုင်းအထိ နေပြည်တော်ကောင်စီနယ်မြေသို့

*စာမျက်နှာ ၁၁ ကော်လံ ၅* ❏




နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ အအေးလမ်းကြောင်းမပျက် ဖြန့်ဖြူးပေးနေစဉ်။

## ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် နေထိုင်သည့်ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၉၆/ ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ်အချို့တွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) **ပဲခူးတိုင်းဒေသကြီး**
   (၁) ညောင်လေးပင်မြို့နယ်၊
(ခ) **မန္တလေးတိုင်းဒေသကြီး**
   (၁) နွားထိုးကြီးမြို့နယ်၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

**ယနေ့ သတင်းအညွှန်း**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိ** စာ – ၉

**အီရတ်နိုင်ငံ၌ စစ်ရေးပါဝင်မှုကို အဆုံးသတ်သွားရန် အမေရိကန် စီစဉ်** စာ – ၁၃

**ဇူလိုင် ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉၆၄ ဦး တွေ့ရှိ** စာ – ၁၅